
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ❒ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❒ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❒ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေ
- ❒ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❒ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❒ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❒ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❒ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❒ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❒ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ❒ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❒ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေ
- ❒ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ❒ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဘညိုကြီး

---

# ကျိန်စာမှလွတ်မြောက်သွားသော သရဲတစ္ဆေများ

ရွှေဝေသော

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၈၂၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၇၂၆၁၂၀၈
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၀၉၊ မတ်လ
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုစွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချီ - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်





ဘုရား၊ တရား၊ သံဃာ . . . နှင့်
အဖေ ဦးသိန်းလွင် – အမေဒေါ်အုန်းကြည်
ဆရာ – ဘဆရာကြီး မင်းသိခ်တို့အား
ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ဘညိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟင် . . . အင်း . . . ဟင် . . . အင်း ယဉ်ယဉ်က သရဲတစ္ဆေကို မကြောက်ဘူး . . . လူကိုတော့ ကြောက်တယ် . . .

ပြီးတော့ . . .

ရွှေပေသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးတစ်ဦးသည် . . . အဝါရောင်ဝတ်စုံ
ကို ဝတ်ဆင်ထားကာ လိုင်ဘွားနေအိမ်သို့ . . .
ဦးတည်၍ လာနေသည်ကို . . .





ယဉ်ယဉ်ကို . . . မတွေ့မိဘူးလား



www.burmeseclassic.com

www.burmeseclassic.com



အကြော်စုံ . . . ပုပုလေး

ရွှေပေသော

www.burmeseclassic.com

www.burmeseclassic.com



အမေရေ . . . လာကြည့်ပါဦး . . .

အမေရေ . . . လာကြည့်ပါဦး . . .

ငွေဝေသာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁ ]

"အား . . . အား . . . အား"

ဟုဆိုသော အသံကို ကြားလိုက်ရ၏။

အိပ်မည်ဟုဆုံးဖြတ်လိုက်ပြီး အိပ်ရာထဲ ခြေပစ်လက်ပစ်လှဲလိုက်သည်နှင့် ကျီးကန်းတစ်ကောင်၏ အလွန်စူးရှသည့်အသံကို ကြားလိုက်ရသဖြင့် လွန်စွာမှ အံ့ဩသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှဲ့ ညအချိန်မတော်ကြီး ကျီးကန်းက အားရတယ်လို့"

ဟု ခြင်ထောင်ထဲမှပင် လှိုင်ဘွားတစ်ကိုယ်တည်း ပြောလိုက်၏။ ထို့နောက် တစ်စုံတစ်ခုကို မြင်ရင်ဖြင့် ခွေးတစ်ကောင်၏ စူးစူးဝါးဝါး ထိုးဟောင်နေသည့်အသံကို ကြားရပြန်၏။

"ဝုတ် . . . ဝုတ် . . . ဝုတ် . . . ဝုတ်ဝုတ် . . . ဝုတ်"

"ဟင် . . . ဒီမှာ ခွေးလည်း တစ်ကောင်မှမရှိဘဲ ဘယ်ကခွေးက ဟောင်နေတာလဲ မသိဘူး"

ဟု လှိုင်ဘွားအိပ်ရာထဲမှာပင် တစ်ယောက်တည်း ပြောလိုက်၏။ ထိုအချိန်၌ . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံကို ကြားလိုက်ရသဖြင့် . .

"ဘယ်သူများလဲမသိဘူး"

ဟုဆိုကာ လှိုင်ဘွား အိပ်ရာထဲမှ လူးလဲထကာ





ခြင်ထောင်ထဲမှ ထွက်လာ၍ အိမ်ရှေ့တံခါးဆီသို့ ရောက်လာပြီးလျှင် တံခါးကို ဖွင့်လိုက်ရာ တစ်ဦးတစ်ယောက်မှ မရှိ၍ လွန်စွာ အံ့ဩသွားကာ . . .

"ဟ . . . တံခါးခေါက်သံကြားရပြီး ဘယ်သူမှလဲ မတွေ့ပါလား"

ဟုဆိုကာ ဘေးဝန်းကျင်သို့ ကြည့်ရှုလိုက်၏။ အပြင်တွင် လွန်စွာမှ မှောင်မည်းလို့နေလေ၏။

ထိုအခါ လှိုင်ဘွားလည်း တံခါးကို သေချာပြန်ပိတ်၍ ပြန်အိပ်ရန် အိပ်ခန်းထဲသို့ဝင်မည်အပြုတွင် . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံထွက်ပေါ်လာသဖြင့် တံ့ခနဲ ရပ်သွားကာ နောက်ကြောင်းကိုပြန်လှည့်၍ တံခါးဆီသို့ လှိုင်ဘွား လျှောက်လို့လာပြီးလျှင် တံခါးကို ဖွင့်လိုက်ရာ . . .

"အောင်မယ်လေးဗျ"

ဟု လှိုင်ဘွား ထိုလူအားတွေ့လိုက်ရ၍ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားလေ၏။

ထိုလူသည်ကား မျက်လုံးတစ်ဖက်ကန်း၍ တစ်ကိုယ်လုံးလည်း သွေးသံရဲရဲဖြစ်လို့နေ၏။ အိမ်ထဲတွင် ထွန်းထားသည့်မီးရောင်ကြောင့် ၎င်းအား လှိုင်ဘွားက မြင်တွေ့လိုက်ရခြင်းဖြစ်လေ၏။

"ယဉ်ယဉ်ကို မတွေ့မိဘူးလား"

ဟု ၎င်းက လေသံပျော့ပျော့နှင့်မေးလိုက်ရာ . . .

"ခင်ဗျား . . . ဘယ် . . . ဘယ်ကယဉ်ယဉ်လဲ ကျုပ်မသိဘူး"

ဟု လှိုင်ဘွားကပြောလိုက်သည့်အခါ ထိုလူသည် တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ ချာခနဲ ထွက်သွားလေ၏။

ထိုလူအား လှိုင်ဘွားက ကြောင်၍ကြည့်နေရင်းမှာပင် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည့်အခါကျမှ လှိုင်ဘွားလည်း သတိပြန်ဝင်ကာ အိမ်တံခါးကို ပိတ်လိုက်ရပြန်၏။

●———ရှေ့ပင်အသာ———●



"ဟင် . . . ဘယ်လိုလူပါလိမ့်"

ဟုတွေးတောရင်း အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့ရပြန်၏။

"အူ"

ဟု လွန်စွာမှ စိတ်ချောက်ချားဖွယ်ရာကောင်းသည့် ခွေးတစ်ကောင်သည် ဆွဲဆွဲငင်ငင် အူလိုက်သဖြင့် လှိုင်ဘွား လွန်စွာမှ ကြောက်လန့်၍ ကြက်သီးများပင် ထလို့လာလေတော့၏။

ထိုအချိန်၌ပင် လွန်စွာမှမခံနိုင်သည့် အပုတ်နံ့ကြီးတစ်ခု လှိုင်ဘွား နှာခေါင်းထဲသို့ ဝင်ရောက်လာသဖြင့် . . .

"အား . . . နံလိုက်တာ . . . ထွီ"

ဟုဆိုကာ နှာခေါင်းကိုပိတ်လိုက်၍ ခြင်ထောင်ထဲသို့ ဝင်ကာ စောင်ကို ခေါင်းမြီးခြုံထားလိုက်ရပြန်၏။

"အမေရေ . . . လာပါဦး . . . အမေရေ လာပါဦး"

ဟုဆိုသော မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါး

●———ရှေ့ပင်အသာ———●

www.burmeseclassic.com

www.burmeseclassic.com



အော်သံကြားလိုက်ရသဖြင့် လှိုင်ဘွားမှာ အထိတ်တလန့် ဖြစ်ကာ ခြုံထားသောစောင်ကို ခွာ၍ နောက်ထွက်ပေါ်လာမည့်အသံကို စောင့်၍ နားထောင်နေသော်လည်း နောက်ထပ် ကြားရခြင်း မရှိချေ။

ညသည် လွန်စွာမှ နက်လာ၍ တလောကလုံး တိတ်ဆိတ်လို့နေလေ၏။ ခပ်ဝေးဝေး ပေတစ်ရာလမ်းမဆီမှ ကားတစ်စီးမောင်းလာသည့်အသံကို တိုးတိုးတိတ်တိတ် ကြားလိုက်ရ၏။

ခဏကြာသောအခါ မည်သည့်အသံကိုမှ မကြားရပြန်ချေ။ တိတ်ဆိတ်၍နေသဖြင့် လှိုင်ဘွား အိပ်ရာထဲမှ တစ်စုံတစ်ရာကို တွေး၍ ကြောက်လန့်သလို ခံစားရ၍ ချွေးများထွက်လာ၏။ အာခေါင်များလည်း ခြောက်ပြီး၊ ရေငတ်သလိုဖြစ်ပေါ်လာ၍ လှိုင်ဘွား အိပ်ရာထဲမှ ထရပြန်၏။

ရေအိုးစင်မှ ရေပြည့်ပြည့်တစ်ခွက်ကို မရပ်မနားဘဲ သောက်လိုက်မိ၏။ ရေသောက်ပြီးသောအခါ နဖူးတွင် ရှိသောချွေးများနှင့် မျက်နှာပေါ်တွင်ရှိ၍နေသော ချွေးများကို မျက်နှာသုတ်ပဝါဖြင့် သုတ်လိုက်ရပြန်၏။

ထို့နောက် ခြင်ထောင်ထဲသို့ ပြန်မဝင်သေးဘဲ ခုတင်ပေါ်တွင်ထိုင်ရင်း ရောက်တတ်ရာရာများကို တွေးတောနေရင်း . . .

"ယဉ်ယဉ်ကို မတွေ့ဘူးလား"

ဟူသောအသံကို ကြားလိုက်ရခြင်းနှင့်အတူ မျက်လုံးတစ်ဖက်ကန်း၍ တစ်ကိုယ်လုံး သွေးသံရဲရဲဖြစ်နေသော ထိုလူ၏မျက်နှာကို မြင်ယောင်လာပြန်၏။

ထိုအခါ လှိုင်ဘွားမှာ ကြောက်စိတ်များဝင်ရောက်လာကာ ခြင်ထောင်ထဲသို့ဝင်၍ ခေါင်းမြီးခြုံ၍နေရလေတော့၏။ ထိုအချိန်၌ . . .

"အမေရေ . . . လာပါပြီး။ အမေရေ . . . လာပါပြီး"

ဟုဆိုသောအသံကို ကြားလိုက်ရပြန်၏။

"အား . . . အား . . . အား"







www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကျီးကန်းတစ်ကောင်၏ စူးစူးရှရှအသံ ထွက်ပေါ်လာပြီးနောက် . . .

"ဝုတ် . . . ဝုတ် . . . ဝုတ် . . . ဝုတ်ဝုတ် . . . ဝုတ်"

ဟူသော တစ်စုံတစ်ယောက်ကို တွေ့မြင်လိုက်ရ၍ ထိုးဟောင်နေသော ခွေးတစ်ကောင်၏ဟောင်သံ အဆက် မပြတ်ထွက်ပေါ်လာပြီးနောက် တလောကလုံး တိတ်ဆိတ် လို့ သွားပြန်၏။

ဟိုးခပ်ဝေးဝေးက ပေကရာလမ်းပေါ်မှ မောင်းလာ သည့်ကားသံကို မသဲမကွဲကြားလိုက်ရသည့်မှအပ တိတ် ဆိတ်လို့နေလေ၏။

ထိုသို့တိတ်ဆိတ်သွားသည့်အခါ လှိုင်ဘွားထံမှ သက်ပြင်းချသံသည် တိတ်ဆိတ်နေသောအရာကို ထိုး ဖောက်လိုက်လေတော့၏။

"ဟင်း"





## အခန်း [ ၂ ]

ထို မြို့ကလေးသည် လွန်စွာမှ သာယာလို့ လှပ နေ၏။ အရှေ့ဘက်အဝေးပြေးလမ်းမကြီးအား၌ လွန်စွာမှ ထူး ဆန်းသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိ၏။

လွန်စွာမှ ထူးဆန်းသော ရှေးဟောင်းစေတီပျက် ကို မည်သူက တည်ထားကိုးကွယ်သည်ကို အတိအကျမသိ ကြပေမယ့် သူပြော ကိုယ်ပြော ပါးစပ်သမိုင်း ပါးစပ်ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



အရ ထိုဘုရား၏ ဘွဲ့တော်ကို "ရွှေသိန်း" ဘုရားဟု ခေါ်ဆိုကြလေ၏။

ထိုစေတီကို တည်ထားခဲ့စဉ်ကပင် သစ္စာပြု၍ တည်ထားခြင်းကြောင့် မဟုတ်မမှန် ကတိမတည်သူ၊ မတော်မတရားပြုမိသူများ ထိုစေတီကို ဦးခိုက်၍ သစ္စာပြုပါက လွန်စွာမှ ထူးဆန်းသောကျိန်စာကြောင့် ခိုက်တတ်သည်ဟုဆိုကာ ထိုမြို့ကလေးမှလူများသည် ထူးဆန်းသောစေတီ၏ ပရဝုဏ်အတွင်းသို့ဝင်ရန် ဝန်လေးခဲ့ကြကုန်၏။

ကိုလိုနီခေတ်ဦးကမူ ထိုမြို့ကလေးမှ မြို့သား မြို့သူတို့နှင့် ထိုမြို့ကလေးအနီးပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ်က ကျေးရွာများမှ အမှုအခင်းများဖြစ်ကြလျှင် ရုံးတင်တရားစွဲဆိုခြင်း မပြုကြဘဲ "ရွှေသိန်း" ဘုရားတွင် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြင့် အမှုပြေငြိမ်းကြသည်ဟု ဆိုကြလေ၏။

ထိုမြို့ကလေးနှင့် မနီးမဝေးတွင် သောကြာအမည်ရှိသော ရွာလေးတစ်ရွာရှိ၏။ ထိုရွာလေးတွင် ငွေချေးလေ့ရှိ





သော ချစ်တီးကုလား ဦးဆာမိဆိုသူလည်း ရှိ၏။ ရွာသူ ရွာသားများက ဦးဆာမိထံတွင် နှေပြန်တိုးနှင့် ငွေချေးယူကြလေ၏။

ဦးဆာမိကလည်း ထိုသို့ငွေချေးယူကြရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ စာချုပ်စာတန်းများနှင့် ချုပ်ဆိုခြင်းမပြုချေ။ သို့သော် ရွှေသိန်းဘုရားတွင် သစ္စာပြု ဂျိန်ဆိုမှသာလျှင် ကျေကျေနပ်နပ်ကြီး ငွေချေးလေ့ရှိသည်ဟု ဆိုလေ၏။

"အမေရေ . . . လာပါဦး။ အမေရေ . . . လာပါဦး"

ဟုဆိုသော မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါး အော်သံကြားလိုက်ရသဖြင့် လှိုင်ဘွား အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့လေတော့၏။

လှိုင်ဘွားသည်လည်း တစ်ကိုယ်လုံး တုန်၍ တထိတ်တလန့်ဖြစ်ကာ တစ်စုံတစ်ခုကို ကြောက်လန့်သလို ခံစားလိုက်ရလေ၏။ ထိုအချိန်မှာ (၂)နာရီခန့်ပင်ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မိုးပင်မလင်းသေးချေ။

လှိုင်ဘွားပြန်အိပ်ရန် စိတ်ကူးမိသော်လည်း အိပ်မက်အကြောင်းကို ပြန်စဉ်းစားလိုက်ရင်း ကြက်သီးများပင်ထလို့နေလေတော့၏။

"ဖုတ် . . . ဖုတ် . . . ဖုတ်ဖုတ် . . . ဖုတ်"

ဟူသော တစ်စုံတစ်ယောက်ကို တွေ့ရဟန်ဖြင့် ထိုချွေးက ထိုးဟောင်သည့်အသံကို ကြားရပြန်၏။

"ယဉ်ယဉ်ကို မတွေ့ဘူးလား"

ဟုဆိုသောအသံကို ကြားရသလို ခံစားလိုက်ရပြီး လျှင် မုးက်လုံးတစ်ဖက်ကန်းနေပြီး တစ်ကိုယ်လုံးသွေးသံရဲရဲနှင့် ထိုလူအား မျက်လုံးထဲတွင် ပြန်၍မြင်ယောင်လာသဖြင့် လှိုင်ဘွားလည်း ခြင်ထောင်ထဲသို့ဝင်ကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်လိုက်လေတော့၏။ ထိုအချိန်၌ . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံကြားရသဖြင့် လှိုင်ဘွား





စောင်ကို ခေါင်းမြီးခြုံထားရာမှ အသာလှပ်၍ အသံနားစွင့်ရပြန်၏။ ဆက်လက်ပြီး . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံထွက်ပေါ်လာပြန်၏။

လှိုင်ဘွားသည် ခြုံထားသောစောင်ကို ခွာလိုက်၏။ အိပ်ရာထဲမှ လူးလဲထလိုက်ပြီး ခြင်ထောင်အပြင်သို့ထွက်ကာ ခုတင်ပေါ်၌ပင်ထိုင်နေရင်း တစ်စုံတစ်ခုကို စဉ်းစားသလို စဉ်းစားနေရင်းက . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံ ထွက်ပေါ်ခဲ့ပြန်၏။

လှိုင်ဘွားမှာ တံခါးထဖွင့်ရကောင်းနိုးနိုးနှင့် ချီတုံချတုံဖြစ်လို့နေရင်းက အိပ်ခန်းထဲမှ ထွက်လာခဲ့၏။ တံခါးနားသို့ ရောက်သည့်အခါ . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟုဆိုသော တံခါးခေါက်သံ ထပ်မံကြားလိုက်ရပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။

ထို့နောက် လှိုင်ဘွားလည်း တစ်စုံတစ်ရာစဉ်းစား မနေတော့ဘဲ တံခါးကိုဖွင့်လိုက်ရာ အသက် (၁၆)နှစ်ခန့် အရွယ်ရှိ မိန်းကလေးတစ်ယောက်ကို ထူးဆန်းစွာ တွေ့လိုက်ရပြန်၏။

ထိုမိန်းကလေးမှာ သနပ်ခါးပါးကွက်ကြားနှင့် လွန်စွာမှ လှပသော တောဓါလုံမငယ်တစ်ဦးဖြစ်၏။ ထိုအခါ လှိုင်ဘွားက ၎င်းအား . . .

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

ဟု မေးလိုက်လေ၏။

"အမေက . . . အကြော်ပို့ခိုင်းလိုက်လို့ပါရှင်"

ဟု မိန်းကလေးကပြောလိုက်ရာ လှိုင်ဘွားမှာ ခပ်ကြောင်ကြောင်ဖြစ်သွားပြီးလျှင် . . .

"မိန်းကလေး လူမှားနေပြီနဲ့တူတယ်။ ဦးက အကြော်မမှာထားပါဘူး"





ဟု လှိုင်ဘွားက ပြန်ပြောလိုက်ပြန်၏။ ထိုအခါ မိန်းကလေးက . . .

"အဲဒါဆိုရင်တော့ ယဉ်ယဉ်တောင်းပန်ပါတယ်ရှင်။ သွားလိုက်ပါဦးမယ်"

ဟုဆိုကာ ထွက်သွားလေတော့၏။ ထို့နောက် လှိုင်ဘွားလည်း တံခါးပြန်ပိတ်လိုက်ပြီးနောက် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

"ယဉ်ယဉ် တောင်းပန်ပါတယ်ရှင်"

ဟုဆိုကာ စကားပြောသံကို ကြားလိုက်ရပြန်၏။

"ဟာ . . . ဖို . . . မျက်စိတစ်ဖက်ကန်းနေတဲ့လူလာရှာတာ ဒီမိန်းကလေးများလား မသိဘူး"

ဟုကာ စဉ်းစားမိပြန်၏။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟုဆိုသော တံခါးခေါက်သံကို ထပ်မံကြားလိုက်ရသဖြင့် အိပ်ခန်းထဲသို့ ပြန်ဝင်တော့မည့်လှိုင်ဘွား ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



များ တံ့ခနဲရပ်သွားပြီး တံခါးဆီသို့ သမင်လည်ပြန်လှည့်ကြည့်လိုက်ပြီးနောက် . . .

"ဘယ်သူလဲ . . . ဘယ်သူလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"ယဉ်ယဉ်ပါဦး။ တံခါးမြန်မြန်ဖွင့်ပေးပါရှင်"

ဟု အပြင်ကနေ ယဉ်ယဉ်ဆိုသည့်မိန်းကလေးက ပြန်ပြောလိုက်လေ၏။ လှိုင်ဘွားလည်း "တံခါးမြန်မြန်ဖွင့်ပါ" ဟုဆိုသောအသံကြောင့် ၎င်း တစ်စုံတစ်ရာဖြစ်ဟန်တူ၏ ဆိုကာ လှိုင်ဘွားလည် တံခါးကို ဖွင့်လိုက်ရာ . . .

"ဦးရယ် . . . ယဉ်ယဉ့်ကို ကယ်ပါ။ ယဉ်ယဉ့်ကို ကယ်ပါ"

ဟုဆိုကာ ၎င်းက လှိုင်ဘွား၏လက်မောင်းကို ဆွဲကိုင်၍ အားကိုးတကြီးနှင့် အကူအညီတောင်းလေတော့၏။

"မိန်းကလေး . . . ဘာဖြစ်လာတာလဲဆိုတာ ပြောပါဦးလေ"





ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"ဟို . . . ဟို . . . ဟိုမှာ . . . ယဉ်ယဉ် သိပ်ကြောက်တယ်။ ယဉ်ယဉ် သိပ်ကြောက်တယ်။ သူ . . . သူ . . . သူ လာနေပြီ"

ဟုဆိုကာ ယဉ်ယဉ်က လှည့်ပင်မကြည့်ဘဲ လှိုင်ဘွား၏ရင်ခွင်ထဲကို အတင်းတိုးဝင်ဝိုရင်း အပြင်သို့ လက်ညှိုးထိုး၍ ပြောလိုက်လေတော့၏။

လှိုင်ဘွားလည်း ယဉ်ယဉ်လက်ညှိုးထိုးရာသို့ ကြည့်လိုက်ရာ တစ်စုံတစ်ရာကို မတွေ့ရချေ။ အပြင်၌ အလင်းရောင်ကို ကောင်းစွာမမြင်ရ။ မှောင်မည်းလို့နေပြန်၏။

"ဟဲ့ . . . မိန်းကလေး မင်းနောက်ကို ဘယ်သူလိုက်လာလို့လဲ။ ဘယ်သူမှလဲ မတွေ့ပါလား"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"ယဉ်ယဉ် ကြောက်တယ်။ ယဉ်ယဉ် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယဉ်ယဉ့်ကို ကယ်ပါ ဦးရယ်"

ဟု ယဉ်ယဉ်ဆိုသော မိန်းကလေးက ပြောလိုက်ပြန်၏။

"ကယ်ဆိုလည်း ကယ်ပါ့မယ် မိန်းကလေးရယ်။ မင်းကို ဘယ်သူက လိုက်ပြီး နှောင့်ယှက်နေလို့လဲ"

ဟု လှိုင်ဘွားကမေးလိုက်ရာ ယဉ်ယဉ်က . . .

"သူ . . . သူ . . . စံထူး . . . စံထူး"

ဟု ပြောလိုက်လေ၏။

"စံထူးဆိုတာ မျက်လုံးတစ်ဖက်ကန်းနေသူ မဟုတ်လား"

ဟု လှိုင်ဘွားကမေးလိုက်ရာ ယဉ်ယဉ်မှာ လှိုင်ဘွားရင်ခွင်ထဲမှ ခေါင်းထောင်၍ လှိုင်ဘွားအားကြည့်လိုက်ပြီး . . .

"ဟင် . . . ဦးက စံထူးကို သိနေတယ်"

ဟုပြောလိုက်သဖြင့် လှိုင်ဘွားလည်း လွန်စွာမှပင်





မိမိကိုယ်၌ ထူးဆန်းသွားလေတော့၏။ မည်သို့မည်ပုံဖြစ်တာ . . .

"စံထူးဆိုတာ မျက်လုံးတစ်ဖက်ကန်းနေသူ"

ဟု ပြောလိုက်မိသည်မသိတော့ချေ။ ထို့နောက် ယဉ်ယဉ်က . . .

"ဟုတ်ပါတယ် ဦးရယ်။ အဲဒီ မျက်လုံးတစ်ဖက်ကန်းနေတဲ့လူက သမီးကို . . . သမီးကို . . ."

ဟုဆိုကာ ငိုလေတော့၏။

"ကဲပါ မိန်းကလေး မင်း ဘာမှကြောက်မနေနဲ့တော့။ ဦးအိမ်မှာနေချင်လည်း နေ။ မိုးလင်းတော့မှ ပြန်ချင်လည်း ပြန်"

ဟု လှိုင်ဘွားက ပြောလိုက်ရာ ယဉ်ယဉ်က . . .

"သမီးကို အိမ်ပြန်ပို့ပေးပါလား ဦးရယ်။ အမေ စိတ်ပူနေမှာစိုးလို့ပါ"

ဟုပြောလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အိမ်က ဘယ်နားမှာလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"ယဉ်ယဉ်တို့အိမ်က ဦးတို့အိမ်နဲ့ သိပ်မဝေးပါဘူး။ ပဒိုးရှေ့နားလေးက ရေကန်ကြီးနားမှာပါ"

ဟု ယဉ်ယဉ်ကပြောလိုက်လေ၏။

"လိုက်ပို့ပေးမယ်နော် . . . ခဏနေဦး"

ဟုဆိုကာ အိမ်ခန်းထဲသို့ဝင်ကာ လက်နှိပ်ဓာတ်မီး ယူ၍ ပြန်ထွက်လာပြီးလျှင် . . .

"လာ . . . သွားကြမယ်"

ဟုပြောလိုက်ပြီး လှိုင်ဘွားသည် တံခါးကို သော့ ခတ်ကာ ယဉ်ယဉ်အား လိုက်ပို့ရန် ၎င်းတို့အိမ်သို့ထွက်ခဲ့ကြ လေတော့၏။

လှိုင်ဘွားက လက်နှိပ်ဓာတ်မီးထိုး၍ ယဉ်ယဉ်က ရှေ့ကနေ ဦးဆောင်၍ ထွက်လာခဲ့ရာ လမ်းတစ်နေရာသို့ ရောက်သည့်အခါ . . .





"ဦး . . . သရဲကြောက်တတ်လား"

ဟု ရုတ်တရက်မေးလိုက်သဖြင့် လှိုင်ဘွားမှာ တထိတ်တလန့်ဖြစ်သွားရင်း . . .

"ဘာ . . . ဘာဖြစ်လို့လဲ"

ဟု ကြောက်စိတ်အနည်းငယ်ဖြင့် လှိုင်ဘွားက ယဉ်ယဉ့်အား မေးလိုက်လေ၏။

"ဘာမှတော့မဖြစ်ပါဘူးဦးရယ်။ ရှေ့နားက ရေတွင်း ပျက်ကြီးတစ်ခုရှိတယ်။ အဲဒီရေတွင်းက သရဲသိပ်ခြောက် တာ"

ဟု ယဉ်ယဉ်က ပြောလိုက်ရာ . . .

"အလိုလေးဗျာ . . . သ . . . သ . . . သရဲခြောက် တယ် . . . ဟုတ်လား"

ဟု လှိုင်ဘွား သွေးပျက်သွားလေတော့၏။

"တကယ်ပြောတာ ဦးရဲ့၊ မလှမွန်ဆိုတဲ့အစ်မကြီး တစ်ယောက် ရေတွင်းထဲ ခုန်ချပြီး သေသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ယဉ်ယဉ်ကပြောလိုက်သဖြင့် လှိုင်ဘွားမှာ ရှေ့ဆက်မသွားရဲတော့ဘဲ ထိုနေရာ၌ ရပ်လိုက်သဖြင့် . . .

"ဦး ဘာလို့ရပ်လိုက်တာလဲ။ ဘာလဲ . . . ဦးက အစ်မကြီးမလှမွန်ဆိုတဲ့ သရဲမကြီးကို ကြောက်လို့လား။ မကြောက်ပါနဲ့ ဦးရယ်။ တကယ်တော့ သရဲတစ္ဆေဆိုတာ ကြောက်စရာကောင်းတဲ့အရာတွေ မဟုတ်ပါဘူး။ တကယ်တော့ သရဲတစ္ဆေဆိုတာ သိပ်သနားဖို့ကောင်းတာ"

ဟု ယဉ်ယဉ်က ပြောလိုက်လေ၏။

ယဉ်ယဉ်ထံမှ လွန်စွာထူးဆန်းသော စကားတွေ ကြားလိုက်ရသဖြင့် ၎င်းအား လှိုင်ဘွားကြည့်လိုက်ပြီး . . .

"မိန်းကလေးက သရဲတစ္ဆေကို မကြောက်ဘူးလား"

ဟု မေးလိုက်ရာ . . .

"ဟင့်အင်း . . . ဟင့်အင်း . . . ယဉ်ယဉ်က သရဲတစ္ဆေကို မကြောက်ပါဘူး။ လူတွေကိုတော့ ကြောက်တယ်။





ပြီးတော့ . . ."

ဟုဆိုကာ ၎င်း၏စကားကို ရပ်လိုက်လေ၏။

"ဆက်ပြောလေ . . . မိန်းကလေး။ ပြီးတော့ . . . ဘာဖြစ်သလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"မျက်လုံးတစ်ဖက်ကန်းနေတဲ့ စံထူးဆိုတဲ့လူကို တော့ သိပ်ကြောက်တယ်"

ဟု ယဉ်ယဉ်က မျက်နှာတွင် သွေးမရှိအောင် ကြောက်ရွံ့စွာနှင့် ပြောလိုက်လေ၏။

"မင်းဟာ အတော့်ကိုထူးဆန်းတဲ့ မိန်းကလေးပါလား။ သရဲတစ္ဆေကိုတော့ မကြောက်ဘဲ လူကိုတော့ သရဲတစ္ဆေထက် ပိုကြောက်နေပါလား"

ဟု လှိုင်ဘွားက ပြောလိုက်လေ၏။

"သရဲတစ္ဆေဟာ လူကို ဒုက္ခရောက်အောင်လုပ်တယ်ဆိုတာ မကြားဖူးဘူး။ လူကသာ လူတွေကို အလွန်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ။ ယဉ်ယဉ်သေလို့ သရဲဖြစ်ရင်တောင် လူတွေကို ဘယ်တော့မှ ဒုက္ခရောက်အောင် မလုပ်ဘူး"

ဟု ယဉ်ယဉ်ပြောလိုက်သည့်စကားကြောင့် လှိုင်ဘွား ကြက်သီးထသွားလေတော့၏။

ထို့နောက် လှိုင်ဘွားက ယဉ်ယဉ်အား သေချာစွာ ကြည့်လိုက်ရင်း ယဉ်ယဉ်သည် လွန်စွာမှ ချစ်စရာအရုပ်ကလေးကနေ တဖြည်းဖြည်းနှင့် လွန်စွာမှ ကြောက်စရာကောင်းသည့် သရဲတစ္ဆေအသွင်သို့ ပြောင်းသွားကာ လှိုင်ဘွားမှာ . . .

"အောင်မယ်လေးဗျ . . . သရဲမကြီး . . . သရဲမကြီး သရဲမကြီး"

ဟု ငယ်သံပါအောင် အော်ဟစ်လိုက်သည့်အခါ အိပ်ရာမှ လန့်နိုးသွားလေတော့၏။

× × ×

●——ဂျွန်သော——●



အခန်း [ ၃ ]

ကျိန်စာသင့်သည်ဆိုခြင်းများကို အနောက်တိုင်းနိုင်ငံများထက် ကျွန်တော်တို့နိုင်ငံအပါအဝင် အရှေ့နိုင်ငံများက အယူရှိတတ်ကြပါသည်။

အနောက်နိုင်ငံသားများကမူ မတော်တဆဖြစ်ခြင်းဟူ၍လည်းကောင်း၊ တိုက်ဆိုင်၍ဖြစ်ကြသည်ဟူ၍လည်းကောင်း အများအားဖြင့် ယူဆခဲ့ကြပါသည်။

●——ဂျွန်သော——●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထူးထူးဆန်းဆန်း ကျိန်စာသင့်သည့်ဖြစ်ရပ်ဆန်းအချို့ကို ဤမနောမယဂျာနယ်ကြီးနှင့် မနောကြာဖြူမဂ္ဂဇင်းကြီးများတွင် ဒ ဒါအားလျော်စွာ ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

၁၉၂၂ ခုနှစ်က တူးဖော်တွေ့ရှိခဲ့သည်။ ခရစ်တော် မပေါ်မီ ဘီစီ ၁၄ ရာစုနှစ်က နန်းတက်ခဲ့သော အီဂျစ်ပြည့်ရှင် သက်တော် (၁၉)နှစ်ခန့်သာရှိခဲ့သည့် ကျူဘာခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူနှင့်ပတ်သက်၍ တွေ့ရှိခဲ့ရသော ဗြိတိသျှ အမျိုးသားမြို့စားကြီး လော့ဒ်ကာနာဗွန်နှင့် အဖွဲ့သားများမှာ မမျှော်လင့်သော ဘေးဥပါဒ်အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံခဲ့ကြရပါသည်။

ဤတွေ့ကြုံရမှုများကို အများကပင် ကျူတာခမွန်ဘုရင်ကလေး၏ကျိန်စာမိကြသည်ဟု ယူဆထားခဲ့ကြပါသည်။ တိုက်ဆိုင်မှုဟုဆိုရန်လည်း ဘိုက်ဆိုင်ပဲ တိုက်ဆိုင်လွန်းသည်ဟု ဆိုရမည်ဖြစ်သည်။



ဤဖြစ်ရပ်များကို အချို့သော မနောသုတေသီများကမူ သူပြောကိုယ်ပြော အစွဲအလမ်းများကြောင့် လူတို့၏ စိတ်ကို လေးလံစေပြီး ဥပါဒါန်ကြောင့် ဘေးဥပါဒ်ဖြစ်ရခြင်း ဖြစ်တန်ရာသည်ဟု ဆိုကြ၏။

သို့သော် အံ့ဖွယ်ဖြစ်ရပ်များဖြစ်ရခြင်း၏ နောက်ကွယ်တွင် ကျွန်တော်တို့ နားမလည်နိုင်သော အင်အား တစ်စုံတစ်ရာရှိမည်ဖြစ်ပါသည်။

အမှန်အားဖြင့် ကျိန်စာဆိုသည်မှာ ဘုန်းတန်ခိုး အာနိသင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးက ဝတ္ထုပစ္စည်း တစ်ခုအပေါ်တွင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အပေါ်တွင် ဖြစ်စေ၊ လူတစ်စုအပေါ်တွင်ဖြစ်စေ လေးနက်စွာ ရေရွတ်မန်းမှုတ်ခဲ့သည့် သစ္စာစကားပင်ဖြစ်သည်။

သို့ဖြစ်၍ မူလပုဂ္ဂိုလ်၏သစ္စာစကားသည် ထိုပုဂ္ဂိုလ် ဘုန်းတန်ခိုးအာနိသင်ရှိသလောက် စူးရှ၍ သူ၏အလိုကို ဒီလာဆန့်ကျင်ပြုလုပ်သူတိုင်း ဘေးဒုက္ခအမျိုးမျိုးနှင့် တွေ့

www.burmeseclassic.com



ကြုံရတတ်လေသည်။

ဤသို့လျှင် မမျှော်လင့်ဘဲ ရုတ်တရက်ဘေးအန္တရာယ်များ ထူးခြားဆန်းကြယ်စွာ ကျရောက်ခြင်းကို ကျိန်စာသင့်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ ဩစတေးလျထီးမွေ နန်းမွေခံ အိမ်ရှေ့မင်းသားကြီး ဖာဒီနန်၏ကိုယ်ပိုင်ကားအနီလေးမှာလည်း ကျိန်စာသင့်ထားသော ကားကလေးဟု အများက ကင်ပွန်းတပ်ခဲ့ကြပါသည်။

ဤကားပိုင်ရှင်မင်းသားကြီး ဖာဒီနန်နှင့်ကြင်ယာတော်တို့မှာ ထိုကားပေါ်တွင် ၁၉၁၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့က ဘော့စနီးယားပြည်နယ် ဆာရာဂျေဗိုမြို့တွင် အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့ကြသဖြင့် မင်းသားကြီးတို့ ဇနီးမောင်နှံမှာ ကွယ်လွန်ခဲ့ရလေသည်။

နောင်တွင် ဤကားနီကလေးနှင့်ပတ်သက်သူအားလုံးမှာ ဘေးဒုက္ခရောက်ခဲ့ကြရပါသည်။ ယင်းကားနီကလေးမှာ ပိုင်ရှင်အမျိုးမျိုးပြောင်းခဲ့ရလေ၏။



ပိုင်ရှင်အားလုံးတို့မှာလည်း တစ်ဦးပြီးတစ်ဦး ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကြုံရသဖြင့် နောက်ဆုံးဝယ်ခဲ့သည့် ပိုင်ရှင်သည် ထိုကားနီကလေးအား ဩစတေးလျနိုင်ငံ ဗီယင်နာမြို့ပြတိုက်ကြီးသို့ လှူခဲ့ရသည်။

ကားနီကလေး၏ဖြစ်ရပ်ကား ဤတွင် နိဂုံးမချုပ်ခဲ့။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ရာ မဟာမိတ်လေတပ်မတော်မှ လေယာဉ်များက ဗီယင်နာမြို့အား ဗုံးကြဲတိုက်ခိုက်ခဲ့သည်တွင် ဗီယင်နာပြတိုက်ကြီးနှင့် ကျိန်စာသင့်သည်ဟု ယူဆရသော ကားနီကလေးမှာ ငုံးဒဏ်သင့်၍ မီးလောင်ပျက်စီးခဲ့ရ၏။

အထက်ပါဖော်ပြထားသည့် ဆောင်းပါးသည် "ထူးဆန်းသော ကျိန်စာ"အမည်ရှိသည့် ဆရာကြီး (ဦး) လှမိုး (ပညာရေး) ရေးသည့် "သဘာဝလွန်ဖြစ်ရပ်များ" ပင်ဖြစ်၏။

ထိုဆောင်းပါးကို လိုင်ဘရာဖတ်၍မဆုံးခင်မှာသက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းများစွာ ချမိလေ၏။ တစ်စုံတစ်ခုကို ကြောက်လန့်သလိုမျိုး ခံစားလိုက်ရပြန်၏။ ထိုအချိန်၌ ၎င်း၏နားထဲသို့ . . .

"အမေရေ . . . လာပါဦး။ အမေရေ . . . လာပါဦး"

ဟုဆိုသော မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရသလိုမျိုး ခံစားလိုက်ရသဖြင့် ထိတ်လန့်ချောက်ချားသွားလေတော့၏။

စာကို လှိုင်ဘွား ဆက်မဖတ်တော့ဘဲ တစ်စုံတစ်ရာကို တွေးတောနေမိ၏။ ထိုသို့တွေးတောနေသည့် တစ်စုံတစ်ရာသည် မည်သို့သောအကြောင်းအရာဖြစ်သည်ဆိုခြင်းကိုလည်း ၎င်း ရှာဖွေ၍မတွေ့ရှိနိုင်။ တစ်စုံတစ်ရာကိုတော့ဖြင့် အမှန်တကယ်ပင် တွေးတောနေဟန်ဖြစ်လေတော့၏။

"ကျိန်စာ . . . ကျိန်စာ . . . ကျိန်စာ"

ဟုဆိုသောစကားလုံးကို လှိုင်ဘွား တိုးတိုးတိတ်တိတ် ရေရွတ်နေလိုက်ပြန်၏။

●——ရှေ့သော——●



ဆရာကြီး(ဦး)လှမိုး(ပညာရေး)ရေးသည့် "ထူးဆန်းသော ကျိန်စာ" နှင့် ၎င်းရေရွတ်လိုက်သည့် ကျိန်စာသည် တစ်ထပ်တည်းတူနေမည်လားဟုလည်း လှိုင်ဘွား တွေးနေဟန်ရှိမည်။ ထို့နောက် . . .

"ဟင်း"

ဟုဆိုသော သက်ပြင်းချသံတစ်ခု ၎င်းထံမှ မထင်မှတ်ဘဲ ထွက်ပေါ်လာခဲ့ပြန်၏။

"ဟင့် . . . ဟင့် . . . ဟင့်"

ဟု မိန်းကလေးတစ်ဦး၏ လွန်စွာမှ ဝမ်းနည်းကြေကွဲဟန်ဖြစ်သော ငိုရှိုက်သံတစ်ခု ပေါ်ထွက်လာသံ ကြားရသဖြင့် လှိုင်ဘွား ပက်လက်ကုလားထိုင်ပေါ်မှ မရည်ရွယ်ဘဲ ထလိုက်မိ၏။

ထို့နောက် တံခါးကိုဖွင့်မိပြန်၏။ တံခါးကိုဖွင့်ပြီးသောအခါ ပတ်ဝန်းကျင်သို့ မျှော်ကြည့်လိုက်ရာ မိန်းကလေးတစ်ဦး ငိုနေသည်ကို တွေ့လိုက်ရပြန်၏။

●——ရှေ့သော——●

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးကို စေ့ရုံစေ့ထားပြီးလျှင် ထိုမိန်းကလေး ငိုနေရာသို့ တစ်စုံတစ်ယောက်က . . .

"ဟော့ . . . လှိုင်ဘွား မိန်းကလေးတစ်ယောက် ဘာဖြစ်လို့ငိုနေတာလဲဆိုတာ သွားကြည့်စမ်း"

ဟုပြောလိုက်သည့်အလား ထိုငိုနေသောမိန်းကလေးထံသို့ လှိုင်ဘွား သွားလေတော့၏။

မိန်းကလေးသည် ရေတွင်းပျက်ကြီးနားက ဝါးကွပ်ပျစ်လေးပေါ်တွင် တင်ပျဉ်လွှဲထိုင်ကာ လွန်စွာမှ ဝမ်းနည်း၍ ငိုကြွေးနေ၏။

ရေတွင်းပျက်ကြီးအနားသို့ လှိုင်ဘွားရောက်သွားသည့်အခါ မည်သို့ဖြစ်သည် မသိ။ ကြက်သီးများ ထသွားလေ၏။

"ရှေ့နားက ရေတွင်းပျက်ကြီးတစ်ခုရှိတယ်။ အဲဒီရေတွင်းက သရဲ သိပ်ချောက်တာ"

ဟုဆိုသောစကားကို ကြားယောင်လာပြီး ထိုမှ





တစ်ဆက်တည်း . . .

"တကယ်ပြောတာ ဦးရဲ့၊ မလှမွန်ဆိုတဲ့ အလှမကြီးတစ်ယောက် ရေတွင်းထဲ ခုန်ချပြီး သေသွားတာလေ"

ဟုဆိုသောစကားကိုပါ ကြားယောင်လို့လာသဖြင့် လှိုင်ဘွား ရှေ့သို့သွားနေသော ခြေလှမ်းများ အလိုအလျောက် ရပ်တန့်သွားလေတော့၏။

ရှေ့ဆက်သွားသင့် မသွားသင့်ကိုလည်း ချက်ချင်းဆုံးဖြတ်ရန် ချီတုံချတုံဖြစ်လို့နေပြန်၏။ ထိုနေရာသို့ရောက်နေမှဖြင့် "မထူးတော့ပါဘူး" ဟုဆိုကာ သွားမည့်ခြေလှမ်းများ ပြင်လိုက်စဉ် ဝါးကွပ်ပျစ်တွင်ထိုင်နေသော မိန်းကလေးက လူသံကြားရသဖြင့် ဖတ်ခနဲ လှည့်လိုက်ရာ . . .

"မင်း . . . မင်း ဘာလို့ငိုနေတာလဲ။ မင်းဟာ မလှမွန် မဟုတ်လား"

ဟုဆိုကာ မေးလိုက်သည့်စကားကြောင့် လှိုင်ဘွားကိုယ်တိုင်ပင် အံ့ဩလို့နေလေတော့၏။ ထိုအခါ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က . . .

"ဟုတ် . . .ဟုတ်ပါတယ်။ ကျွန်မနာမည် မလှမွန်ပါ"

ဟု ပြန်ပြောလိုက်လေ၏။

"အလိုလေးဗျာ . . . ဒါဆို မင်းက ရေတွင်းထဲခုန်ချပြီး သေသွားတဲ့သူပေါ့။

ဟုဆိုကာ လှိုင်ဘွားက အလန့်တကြားမေးလိုက်ရာ မလှမွန်မှာ ချုံးပွဲချငိုလေတော့၏။

"ဟိုက် . . . ပြဿနာပဲ။ ငါ ဒွဲဒိုးကြီးပြောလိုက်တာ သူခမျာ ရှက်ပြီး ငိုနေတာနဲ့တူတယ်။ အားနာလိုက်တာ။ သူခမျာ သနားစရာလေး"

ဟု လှိုင်ဘွား ကြောက်လန့်နေရသည့်အခါမှာ ကရုဏာသက်မိပြန်၏။

"မင်း . . . မင်းက ဘာကြောင့် ကိုယ့်ကိုကိုယ် ရေတွင်းထဲ ခုန်ချပြီး သတ်သေလိုက်ရတာလဲ"

ဟုမေးလိုက်ပြီးလျှင် လှိုင်ဘွားလည်း မိန်းကလေး





ထိုင်နေသည့် ဝါးကွပ်ပျစ်ပေါ်တွင် မရဲတရဲဝင်ထိုင်လိုက်ရပြန်၏။ ထို့နောက် မလှမွန်က . . .

"ကျွန်မ . . . ကျွန်မ . . . ကျွန်မ . . . ဟင့် . . . ဟင့်"

ဟုဆိုကာ ငိုလိုက်ပြန်၏။

"ဟင်း"

ဟူ၍ လှိုင်ဘွားက သက်ပြင်းချလိုက်ပြီး . . .

"ဆက်ပြောပါဦး။ မိန်းကလေးက ဘယ်လိုဖြစ်ရတာလဲလို့"

ဟု လှိုင်ဘွားက ဆက်မေးလိုက်လေ၏။

"ဟင့် . . . ဟင့် . . . ကျွန်မ ရှက်လို့ပါရှင်"

ဟု မလှမွန်က ပြောလိုက်ရာ ထိုအချိန်၌ လှိုင်ဘွား၏ခေါင်းပေါ်သို့ တစ်စုံတစ်ခု ပြုတ်ကျလိုက်သဖြင့် လွန်စွာမှ အံ့ဩတုန်လှုပ်သွားကာ . . .

"အား"

ဟု ကျယ်လောင်စွာ အော်လိုက်သဖြင့် ဝါးကွပ်ပျစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အိပ်ပျော်နေသော လှိုင်ဘွားမှာ လန့်နိုးလာခဲ့လေ၏။

ထို့နောက် ၎င်း၏ခေါင်းကို သေချာကိုင်၍ စမ်းကြည့်ရာ ဘာမှမဖြစ်။ နာကျင်မှုလည်းမရှိ။ ၎င်း၏လက်ထဲ၌ ဆရာကြီး(ဦး)လှမိုး(ပညာရေး) ဆောင်းပါးပါသော မနောမယဂျာနယ်ကို ကိုင်ထားသည်ကို တွေ့ရပြန်၏။

"ငါ . . . ဒီဝါးကွပ်ပျစ်ပေါ်ကို ဘယ်လိုရောက်နေတာလဲ"

ဟုစဉ်းစားမိ၏။ လွန်စွာမှလည်း ထူးဆန်းသောဖြစ်ရပ်တစ်ခုပါလားဟုပင် ဖြစ်လို့နေလေ၏။

"ငါ . . . စာဖတ်ပြီး အိပ်ပျော်သွားရင်း မလှမွန်ဆိုတဲ့မိန်းကလေးကို အိပ်မက်မက်နေတာဖြစ်ရမယ်။ ဒါပေမယ့် ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲဆိုတာတော့ . . .

ဪ . . . သိပြီ . . . သိပြီ။ ငိုသံကြားလို့ . . . ဟင်း ဒါဆိုရင် မလှမွန်က ဘယ်မှာလဲ"





ဟုဆိုကာ ၎င်းရောက်နေသည့် ပတ်ဝန်းကျင်ကို လှေ့လာကြည့်လိုက်ရာ . . .

"အမယ်လေး . . . ရေတွင်း . . . ရေတွင်းပျက်ကြီး ဒီရေတွင်းပျက်ကြီးက မလှမွန်ခုန်ချသေသွားတဲ့ ရေတွင်းပျက်ကြီးပဲ"

ဟုဆိုကာ ထိုနေရာမှ ချက်ချင်း လှိုင်ဘွား ကြောက်လန့်၍ထွက်လာခဲ့ရလေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

လေပြေလေညှင်းကလေးများ တိုက်ခတ်လိုက်သဖြင့် လှိုင်ဘွား ရင်ထဲ အေးမြသွားလေ၏။ ဘဝအမောများ ပြေပျောက်သွားသလို ခံစားလိုက်ရပြန်၏။

"ဟူး . . . ကောင်းလိုက်တဲ့လေပြေလေညှင်းလေးပါလား"

ဟုလည်း လှိုင်ဘွားရင်ထဲ၌ ကြိတ်၍ ချီးမွမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပြန်၏။

အချိန်သည်ကား ညနေ လေးနာရီကျော်၍ ငါးနာရီ အချိန်သို့ရောက်လုနေလေ၏။ ကောင်းကင်၌ ငှက်တစ်အုပ် တန်းစီ၍ အချိန်တား လို့ အိပ်တန်းပျံသန်းနေကြသည်ကို လှိုင်ဘွား တွေ့လိုက်ရပြန်၏။

နေဝင်ရီသရော် အချိန်ရောက်ပြီ။

ကျွဲနွားများ ရွာသို့ပြန်လာကြပြီ။

ဟူသော သူငယ်တန်းမြန်မာဖတ်စာအုပ်ထဲက သင်ခန်းစာတစ်ခုကို အမှတ်ရနေသည့်အခိုက် နွားကျောင်းသားလေးတစ်ဦးသည် ကျွဲတစ်ကောင်ကို ခွစီး၍ ကျွဲနွား တစ်အုပ်သည် ရွာဘက်သို့ပြန်လာကြသည့်မြင်ကွင်းကို လှိုင်ဘွား ကြည့်ရှုခံစားနေလေ၏။

ကျွဲနွားများ၏ နောက်တွင် တစ်စုံတစ်ယောက်သည် ကျွဲ၊ နွားများ သွားရာသို့ လိုက်ပါသွားခြင်းမပြုဘဲ လှိုင်ဘွားရပ်နေသည့်နေရာသို့ ဦးတည်၍ လျှောက်လာလို့နေ





လေ၏။ ထိုလူအား လှိုင်ဘွားက ကြည့်မိနေလေ၏။

ထိုသူသည် တရွေ့ရွေ့နှင့် လျှောက်လာကာ တဖြည်းဖြည်းနှင့် လှိုင်ဘွားအနားသို့ ရောက်အောင်လာနေသဖြင့် . . .

"ဘယ်သူများပါလိမ့်"

ဟုဆိုကာ စဉ်းစားနေ၏။ ထိုသို့စဉ်းစားနေရင်းက ထိုလူသည် လှိုင်ဘွားနှင့် ၁၀ ပေခန့်အကွာအဝေးသို့ရောက်သည်နှင့် ထိုလူအား လှိုင်ဘွားအား သဲသဲကွဲကွဲမြင်လိုက်ရသဖြင့် လွန်စွာမှ တုန်လှုပ်ချောက်ချားသွားလေတော့၏။

ထို့နောက် လှိုင်ဘွား၏ရှေ့တည့်တည့်သို့ရောက်သည်နှင့်တစ်ပြိုင်တည်း ထိုလူက လှိုင်ဘွားအား . . .

"ယဉ်ယဉ်ကို မတွေ့မိဘူးလား"

ဟုမေးလိုက်သော ထိုလူသည် မျက်လုံးတစ်ဖက်တန်း၍ တစ်ကိုယ်လုံးသွေးသံရဲရဲနှင့် ဖြစ်နေသည့်လူဆိုတာတော့ စာဖတ်ပရိသတ် သိလောက်ပြီထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုလူအား လှိုင်ဘွားက လွန်စွာမှ ထူးထူးဆန်းဆန်းဖြစ်သွားကာ . . .

"မတွေ့မိပါဘူး . . . ဘာဖြစ်လို့လဲ"

ဟုမေးလိုက်ရာ ထိုလူက လှိုင်ဘွားအား စေ့စေ့ကြည့်လိုက်ပြီးနောက် မျက်နှာလွှဲကာ ကျောခိုင်း၍ ထွက်သွားလေတော့၏။ ထိုအချိန်၌ နေလုံးကြီးသည် အနောက်ဘက်သို့ ထိုးကျသွားကာ အမှောင်ထုဘက်သို့ ဦးတည်နေလေ၏။

မည်သို့ဖြစ်မှန်းမသိ ထိုသူအား လှိုင်ဘွားအား ကြည့်နေရင်း လွန်စွာမှ အထိတ်တလန့်ဖြစ်ကာ ကြက်သီးများပင် ထလို့လာကာ ထိုနေရာမှ ထွက်ခဲ့ရသည့်အခါ လွန်စွာမှ မည်းမှောင်လို့နေပေတော့၏။

လှိုင်ဘွား အိမ်သို့ပြန်ရောက်သည့်အခါ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

"ယဉ်ယဉ့်ကို မတွေ့ဘူးလား"

•——ရှေ့သော——•



ဟုမေးလိုက်သော မျက်စိတစ်ဖက်ကန်းကြီး တစ်ကိုယ်လုံး သွေးသံရဲရဲနှင့် ဖြစ်နေသည့် ထိုလူ၏အသံကို ကြားလိုက်ရရာ လှိုင်ဘွား နတ်ပူးသလို တုန်လှုပ်သွားပြီး ကြက်သီးများပင် ထသွားလေတော့၏။

"အမေရေ . . . လာကြည့်ပါဦး။ အမေရေ . . . လာကြည့်ပါဦး"

ဟုဆိုသော မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရာ လှိုင်ဘွားမှာ အထိတ်တလန့်ဖြစ်သွားပြန်၏။

"ဘာတွေလဲ . . . ဘာတွေလဲ . . . ဘာတွေဖြစ်နေကြတာလဲ"

ဟုဆိုကာ လှိုင်ဘွား စဉ်းစားရ လွန်စွာကြပ်၍ ထိုင်နေရာမှ မတ်တတ်ထ၍ ဒေါသများ ပေါက်ကွဲကာ အော်ကြီးဟစ်ကျယ်နှင့် အော်လိုက်ပြီးနောက် ကုလားထိုင်ပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်လေတော့၏။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

•——ရှေ့သော——•

www.burmeseclassic.com

www.burmeseclassic.com



ဟူသော တံခါးခေါက်သံကို ကြားလိုက်ရသဖြင့် လှိုင်ဘွားသည် ခြေပစ်လက်ပစ် ထိုင်နေသည့် ကုလားထိုင်ပေါ်မှ ဖတ်ခနဲ ထကာ တံခါးရှိရာသို့သွားပြီးလျှင် . . .

"ဘယ်သူလဲ . . . ဘယ်သူလဲဟေ့"

ဟုဆိုကာ လှိုင်ဘွား အော်၍ပြောလိုက်လေ၏။

သို့သော် အပြင်က တစ်စုံတစ်ရာ ပြန်လည်ထူးသံ မကြားရချေ။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံ ထပ်မံကြားရသဖြင့် တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိတော့ဘဲ လှိုင်ဘွားက တံခါးကို ဖွင့်လိုက်ရာ . . .

"သရဲ . . . သရဲ . . . သရဲ"

ဟု လန့်ဖျပ်၍ အော်လိုက်လေ၏။

"ဟာ . . . ဦးကလည်း ဘယ်လိုဖြစ်တာလဲ"

ဟု ၎င်းက မေးလိုက်ရာ လှိုင်ဘွားက သေချာ





ကြည့်၍ . . .

"မင်း . . . မင်း . . . ယဉ်ယဉ် မဟုတ်လား"

ဟု မေးလိုက်လေ၏။

"ယဉ်ယဉ်တော့ ဟုတ်ပါတယ်။ သရဲတော့ မဟုတ်ပါဘူးရှင်"

ဟု မိန်းကလေးက ပြော၍ရယ်လိုက်ရာ . . .

"ဟူး"

ဟုဆိုကာ လှိုင်ဘွား လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် . . .

"မိုးချုပ်နေပြီ။ ဘာလာလုပ်တာလဲ"

ဟု လှိုင်ဘွားက မေးလိုက်လေ၏။

"ဘာလာလုပ်တာလဲဆိုတော့ ဦးနဲ့ စကားပြောချင်လို့လာတာပေါ့"

ဟု ယဉ်ယဉ်က ပြောလိုက်ရာ လှိုင်ဘွားက . . .

"မိုးချုပ်နေပြီ။ မနက်မှ လာတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြီးနောက် တံခါးကို ကျယ်လောင်စွာ ထွက်ပေါ်လာအောင် ပိတ်လိုက်၏။ သော့ကိုလည်း ခတ်လိုက်ပြီးနောက် ခပ်စောစောကလို ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရလေတော့၏။

ထိုသို့ထိုင်နေသော်လည်း ဘာရယ်မသိ တစ်စုံတစ်ခုကို တွေး၍ ကြောက်လန့်နေသလို ခံစားနေရ၏။ ထိုသို့ဖြစ်ခြင်းနှင့်အတူ ကြက်သီးတွေပါ ဖျန်းခနဲထသွားလေတော့သတည်း။

× × ×





## အခန်း [ ၅ ]

အချိန်ကာလ၏ အနက်အဓိပ္ပာယ်ကို ပညာရှင်တို့က အမျိုးမျိုးကြံဆခဲ့ကြသော်လည်း လူအများ ကျေနပ်ဖွယ်ကောင်းသော နိုင်မာတိကျသည့်အဖြေကို မရရှိကြချေ။ အချို့ပညာရှင်များကမူ အချိန်ကာလကို အလျား၊ အနံ၊ အမြင့်ကဲ့သို့ လူတို့သွားရာ နယ်မြေ၏ တောင်တစ်ခုဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အရှိုသော ပုဂ္ဂိုလ်တို့သည် အနာဂတ်ကို ကြိုတင်၍ သိမြင်ကြသည်ဟု ကမ္ဘာအရပ်ရပ်မှ လူအများက ယုံကြည်ကြသည်။ အမှန်အားဖြင့် အနာဂတ်နှင့်အတိတ် ခြားနားခြင်းမှာ အနာဂတ်က မဖြစ်သေးဘဲ၊ အတိတ်က ဖြစ်ပြီးပြီဖြစ်သည်။

ပစ္စုပ္ပန်တွင်မူ အနာဂတ်နှင့်အတိတ် နှစ်ခုလုံး မရှိပါ။ သို့သော် တစ်ခါတစ်ရံ လူတို့သည် အနာဂတ်ကို နိမိတ်ဖြင့်လည်းကောင်း၊ အိပ်မက်ဖြင့်လည်းကောင်း ကြိုတင်သိနိုင်လျှင် အတိတ်သို့ တစ်ကျော့ပြန်မရောက်နိုင်သလော။ စဉ်းစားစရာဖြစ်ပါသည်။

× × ×





ထိုမြို့ကလေးသည် လွန်စွာမှ လှပလို့နေလေ၏။ အရှေ့ဘက်အဝေးပြေးလမ်းမကြီးဘေး၌ စေတီတစ်ဆူ ရှိလေ၏။

နွေရာသီကာလဖြစ်၍ အင်ဂျင်နီယာလိုင်ဘွားသည် အားလပ်ရက်ဖြစ်သည်နှင့် အဖော်မပါ တစ်ကိုယ်တည်း အထက်ကမြို့ကလေးတစ်မြို့ရှိ ကျေးရွာကလေးတစ်ရွာသို့ အလည်အပတ်ထွက်လာခဲ့လေ၏။

အင်ဂျင်နီယာလိုင်ဘွား ရောက်ရှိနေသည့်ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



လေးမှာလည်း လွန်စွာမှ ကျေးလက်ဆန်သော ရွာကလေး တစ်ရွာပင် ဖြစ်လို့နေလေ၏။

ထိုရွာလေး၏ ရွာရိုးလမ်းသွယ်ကလေးတစ်ခု အတွင်း လျှောက်လာခဲ့သည်နှင့် ၎င်း၏စိတ်သည် မည်သို့ ဖြစ်သွားရသည် မသိ။ တုန်လှုပ်ချောက်ချား၍ လွန်စွာမှ မွန်းကြပ်သလို ခံစားနေရသည်ဟု ထင်လာမိလေတော့၏။

ထိုရွာရိုးလမ်းသွယ်ကလေးအတွင်း လူသွားလူလာ ရှင်းလင်းလျက်ရှိနေ၍ လမ်းကလေးမှာ ကျောက်တုံးများဖြင့် သေသေသပ်သပ် ခင်းထားသည်ကို တွေ့ရပြန်၏။

ထို့နောက် လွန်စွာမှ တောင့်တောင့်တင်းတင်း ခိုင်ခိုင်ခန့်ခန့်ရှိသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသဖြင့် . .

"အင်း . . . ဒီလိုရွာမျိုးမှာလည်း အလွန်ကောင်းတဲ့ အိမ်ကြီးမျိုးရှိပါသေးတယ်"

ဟု လှိုင်ဘွားတွေးမိလေ၏။ ထိုအချိန်၌ အိမ်ကြီး အတွင်းမှတစ်ဆင့် ခြံစည်းရိုးကနေ လွန်စွာမှ အသားမည်း၍





ဗိုက်ပူနေသော ချစ်တီးကုလားတစ်ဦး ထွက်လာ၏။ ၎င်း နောက်မှ ကုလားတစ်ဦးက ထီးမိုးပေးကာ ထပ်ချပ်မခွာ လိုက်လာ၏။ ၎င်းတို့နောက်မှ မြန်မာလူမျိုးအမျိုးသားကြီး တစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်တို့ လိုက်ပါ လာကြသည်ကို တွေ့ရပြန်၏။

၎င်းတို့လေးဦးသည် ရွာ၏အရှေ့ဘက်သို့ ဦးတည် ၍ ထွက်သွားကြသည်ကို လှိုင်ဘွား တွေ့လိုက်ရပြန်၏။ ထို့ နောက် လှိုင်ဘွားလည်း ကိုယ့်လမ်းကိုယ်သွားကာ ရွာရိုးများ ကို လျှောက်ကြည့်နေမိ၏။

အဝေးပြေးကားလမ်းဘေးရှိ စေတီလေးတစ်ဆူကို လှိုင်ဘွား တွေ့လိုက်ရသဖြင့် . . .

"အတော်ကို ကြည်ညိုစရာကောင်းတဲ့စေတီလေး ပါလား။ ကြုံတုန်း ဝင်ဖူးဦးမှ"

ဟု စိတ်ထဲမှာတွေးလိုက်ပြီး စေတီလေးရှိရာသို့ လှိုင်ဘွား ဦးခိုက်၍လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစေတီလေး၏ဘွဲ့တော်သည်ကား "ရွှေသိန်း" စေတီတော်ဟုဆိုသော မုခ်ဦးမှာ ကမ္ပည်းထိုးထားသည်ကို လှိုင်ဘွား တွေ့လိုက်ရလေ၏။

မုခ်ဦးမှတစ်ဆင့် စေတီ၏ ပရဝုဏ်အတွင်းသို့ ဖိနပ်ချွတ်၍ဝင်လိုက်သည့်အခါ လှိုင်ဘွားမှာ ကြက်သီးဖြန်းခနဲ ထသွားလေ၏။

ထို့နောက် ရွာထဲတွင်တွေ့ခဲ့ရသော ချစ်တီးကုလားနှင့် လူသုံးယောက်ကို တွေ့ရ၍ လွန်စွာမှ ထူးဆန်းသွားလေ၏။

"ဩော် . . . သူတို့က ဘုရားလာကြတာကိုး"

ဟုစိတ်ထဲ၌ အောက်မေ့လိုက်ပြီးလျှင် ၎င်းတို့အား မည်သို့သောအဓိပ္ပာယ်မျိုးနှင့် ကြည့်မိသည်ကိုပင် လှိုင်ဘွား ကောင်းစွာမသိချေ။

၎င်းတို့(၄)ဦးသည် ဘုရားပရဝုဏ်အတွင်းမှ ထွက်ကာ ၎င်းတို့ရွာဘက်သို့ ထွက်သွားကြသည်အထိ မျက်စ်





[အ]ဆုံး လှိုင်ဘွားကြည့်မိလေ၏။

"လူကလေး ကြည့်လှချီလား"

ဟု ရုတ်တရက်ထွက်ပေါ်လာသည့်အသံကြောင့် [လှို]င်ဘွား ၎င်း၏ကိုယ် တွန့်သွား၍ အသံရှင်သို့ကြည့်လိုက် [ရာ] အသက် ၆၀ အရွယ်ရှိ ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရ [သ]တော့၏။

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . သူတို့(၄) [ယ]ောက် ဘုရားလာတာကို ဘာရယ်မဟုတ် ကျွန်တော့် [စိတ်]ထဲမှာ တစ်စုံတစ်ခုကို ဘဝင်မကျသလိုမျိုးဖြစ်ပြီး ကြည့် [မိ]တာပါ"

ဟု လှိုင်ဘွားက ပြောလိုက်ရာ ရသေ့ကြီးက ပြုံး [လိုက်]ပြီးနောက် . . .

"လူလေးစိတ်ထဲမှာ ဘယ်လိုဘဝင်မကျတာလဲ [ကွ]ယ့်"

ဟု ရသေ့ကြီးက မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို . . . ဘဝင်မကျတာလဲဆိုတာ တပည့်တော် ဝေခွဲလို့မရဖြစ်နေပါတယ်"

ဟု လှိုင်ဘွားက လျှောက်လိုက်ပြန်ရာ . . .

"လူလေးက ဧည့်သည်တစ်ယောက်ထင်တယ်"

ဟု ရသေ့ကြီးက လှိုင်ဘွားအား သေချာကြည့်၍ မေးလိုက်လေ၏။

"တင်ပါ့ . . . တပည့်တော်က ရန်ကုန်က အင်ဂျင်နီယာတစ်ယောက်ပါ ဒီမြို့က ဆည်တစ်ခု ဆောက်လုပ်ရေးမှာ တာဝန်ကျလို့လာခဲ့ရတဲ့ ဧည့်သည်တစ်ယောက်ဖြစ်ပါတယ်"

ဟု လျှောက်လိုက်ရာ ရသေ့ကြီးက . . .

"ဒါဆိုလည်း ဘုရားဝတ်ပြုလိုက်ပါဦးကွယ်။ ပြီးတော့မှ ဘရသေ့ လူလေးကို ရှင်းပြတာပေါ့"

ဟု ပြောလိုက်လေတော့၏။

လှိုင်ဘွားလည်း ဘုရားဝတ်ပြုပြီးသည့်နောက်





ဇရပ်တစ်ခုတွင် ထိုင်နေသော ဘရသေ့ကြီးထံသွား၏။ ထို့နောက် ရသေ့ကြီးအား လှိုင်ဘွားက ဦးသုံးကြိမ်ချ၍ ကန်တော့၏။

"သာဓု . . . သာဓု . . . သာဓုပါကွယ် . . . ကဲ . . . လူကလေး အဖန်ရည်နဲ့ ထန်းလျက်ခဲလေး သုံးဆောင်ပါဦး"

ဟု ရသေ့ကြီးက ဧည့်ခံလိုက်သဖြင့် ပန်းကန်ပြားထဲမှ ထန်းလျက်တစ်ခဲကို ယူ၍ ထောက်ခနဲမြည်အောင် ကိုက်လိုက်ပြီး ဝါးစားလိုက်လေ၏။ ထို့နောက် ရသေ့ကြီး အသင့်ငှဲ့ပေးသော အဖန်ရည်ကို မှုတ်၍ တစ်ငုံသောက်လိုက်ပြီး ပြန်ချကာ လက်ထဲ၌ ကိုင်ထားသော ထန်းလျက်ခဲကို အသံမြည်အောင် ကိုက်၍ ဝါးစားလိုက်ပြန်၏။ ပြီးလျှင် အဖန်ရည်ကို မှုတ်၍ အနည်းငယ်သောက်လိုက်ပြီး ပြန်ချကာ လက်ထဲရှိ ထန်းလျက်ခဲကို ပါးစပ်ထဲသို့ထည့်၍ ဝါးစားလိုက်လေ၏။ ထို့နောက် အဖန်ရည်မှာ ခပ်စောစောကလောက်ပင် မပူတော့သဖြင့် ခပ်နွေးနွေးကို ကုန်အောင်သောက်ပစ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

"လူလေးက ချစ်တီးဆာမိတို့ကို စိတ်ဝင်တစား ၎

နေတာကိုး"

ဟု ရသေ့ကြီးက ရုတ်တရက်မေးလိုက်သည့်အခ

လှိုင်ဘွားက . . .

"ဩော် . . . ချစ်တီးကုလားနာမည်က ဆာမိကို"

ဟု လှိုင်ဘွား နှုတ်မှ ထွက်သွားရာ . . .

"ဟုတ်တယ် လူလေးရဲ့။ သူ့နာမည်က ဆာမိတဲ့

သူတို့ ဘုရားကို ဘာကြောင့်လာတာလဲဆိုတာရော လူလေ

သိလား"

ဟုဆိုကာ ရသေ့ကြီးက လှိုင်ဘွားအား မေးခွန်

တစ်ခုထုတ်လိုက်ရာ . . .

"ဘုရားလာတာ ဘုရားဖူးဖို့သက်သက်လာတာ

တော့ မဟုတ်ဘူးလို့ထင်တယ်"

ဟု မတင်မကျအဖြေမျိုးကို လှိုင်ဘွား ဖြေလိုက်





လေ၏။

"လူလေးရဲ့အဖြေကတော့ မှားနိုင်စရာတော့ မရှိပါ

ဘူး။ ဒီလိုကွယ့် လူလေးရဲ့ . . . လူလေး စောစောက ရောက်

ခဲ့တဲ့ရွာလေးရဲ့နာမည်က သောကြာရွာလို့ခေါ်တယ်။ အဲဒီရွာ

မှာ ချစ်တီးကုလားဆာမိက နေ့ပြန်တိုးနဲ့ ငွေတိုးချေးစားတဲ့

လူပေါ့ကွယ်။

နောက်ကပါလာတဲ့ ယောက်ျားနဲ့မိန်းမတို့က လင်

မယား။ အဲဒီလင်မယားက ချစ်တီးထံမှာ ငွေချေးကြတဲ့သူ

တွေပေါ့ကွယ်"

ဟု ပြောလိုက်ပြီး ရသေ့ကြီးက ငုံ့ထားသော အဖန်

ရည်ကို သောက်လိုက်လေ၏။

"ဒါဆို . . . သူတို့က ဒီဘုရားကိုလာပြီး ငွေအပေး

အယူလာလုပ်ကြတာလား"

ဟု လှိုင်ဘွားက လျှောက်လိုက်ရာ . . .

"လူလေးပြောတာ တစ်ဝက်မှန်တယ်။ တင်ကြက်က



www.burmeseclassic.com

www.burmeseclassic.com



များတယ်"

ဟု ရသေ့ကြီးက ပြောလိုက်လေ၏။ ထိုစကား ကြောင့် လှိုင်ဘွား ခပ်ကြောင်ကြောင်ဖြစ်သွားကာ . . .

"ဘရသေ့ပြေ ဘာ တပည့်တော် နားမရှင်းမလင်း ဖြစ်သွားတယ်"

ဟု ဝန်ခံလိုက်လေတော့၏။

"တစ်ဝက် မှန်တယ်။ တစ်ဝက်မှားတယ်ဆိုတာက ဒီလိုကွယ့် သူတို့ဟာ ဒီဘုရားကိုလာပြီး အပေးအယူလုပ်တာ တော့ မှန်တယ်။ ငွေပေးတာတော့ မဟုတ်သေးဘူး"

ဟုဆိုကာ ရသေ့ကြီးကပြောလိုက်ရာ လှိုင်ဘွားမှာ ထိုစကားတွေကြောင့် ပို၍နားရှုပ်သွားသလို ခံစားလိုက်ရ လေ၏။ ထို့နောက် ရသေ့ကြီးကပင် . . .

"လူလေး နားရှုပ်သွားသလားကွယ့်"

ဟု မေးလိုက်ရာ လှိုင်ဘွားက ဟုတ်ကြောင်းပြော လိုက်လေ၏။





"ဒီလိုကွယ့် လူလေးရဲ့ အခုစေတီလေးက ရှေး ဟောင်းက ဘုရားစေတီတစ်ဆူဖြစ်တယ်။ ဘယ်သူ တည် ထားကိုးကွယ်ခဲ့သလဲဆိုတာတော့ အတိအကျ မသိဘူး ကွယ့်။ စေတီကို တည်ထားကိုးကွယ်စဉ်က သစ္စာပြုပြီး တည် ထားတာကြောင့် မဟုတ်မမှန် ကတိမတည် မတော်မတရား ပြုသူများ ဒီစေတီကို ဦးခိုက်သစ္စာပြုကြ ကျိန်ဆိုကြတဲ့အခါ ခိုက်တာတတ်တယ်လို့ ယုံကြည်ကြတယ်"

ဟုဆိုကာ ရသေ့ကြီးကပြောလိုက်ပြီး အဖန်ရည် တစ်ခွက်သောက်နေစဉ် ရသေ့ကြီး ပြောသည့် လွန်စွာမှ ကျိန်စာကြောင့်ခိုက်တတ်သည့် "ရွှေသိန်း"စေတီအကြောင်း ကို ကြားဖူးမှတ်ဖူးသလိုလိုရှိသည်ဟု လှိုင်ဘွား အလိုလို သိနေသလို ခံစားရပြီးလျှင် . . .

"ဒါဆို . . . ချစ်တီးကုလားဆာမိက သူ့ထံမှာ နေ့တိုး ငွေချေးတဲ့ရွာသူရွာသားများကို စာချုပ်နဲ့ မချုပ်ဆိုဘဲ အခု ရွှေသိန်းစေတီမှာ သစ္စာပြုကျိန်ဆိုမှ ဆာမိက ချေးငွေပေး



www.burmeseclassic.com

www.burmeseclassic.com



နပ် ငွေချေးတယ်ဆိုပါတော့"

ဟုဆိုသောစကားကို မည်သို့မည်ပုံ မစဉ်းစားဘဲ အလိုလျောက်ထွက်သွားသဖြင့် လှိုင်ဘွားက မိမိကိုယ်ကို ထူးဆန်းနေမိ၏။ သို့သော် ရသေ့ကြီးက . . .

"လူလေးက ဘယ်ဆိုးလို့လဲ။ စဉ်းစားတွေးခေါ် တတ်သားပဲ"

ဟုဆိုကာ ချီးမွမ်းလိုက်လေတော့၏။ ထို့နောက် လှိုင်ဘွားလည်း အိပ်ပျော်သွားရာမှ အိပ်မက်မက်နေသဖြင့် လန့်နိုးလာခဲ့လေ၏။

လွန်စွာမှ ထူးဆန်းနေသည်ကား လှိုင်ဘွားသည် မနောမယဂျာနယ်တွင် ပါသော ဆရာကြီး (ဦး)လှမိုး၏ "သဘာဝလွန် ဖြစ်ရပ်များ" ဆောင်းပါးကို ဖတ်ရင်း အိပ်ပျော် သွားရာ အိပ်မက်မက်နေသည်ကို သတိရလိုက်လေ၏။

အတိတ်သို့ တစ်ကျော့ပြန်ရောက်ခဲ့သလော၊ အချိန်ကာမှ သူ့ကိုယ်တွေ့မှာ နာနာဘာဝများ ခြောက်လှန့်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ရှုပေသော——●



စိတ်စွမ်းအင်နယ်ပယ်တွင် ဤကဲ့သို့ အတိတ်သို့ ပြန်ရောက်သူများရှိသည့်အကြောင်းကို ယုံကြည်နိုင်ဖွယ် မရှိအောင် ဆန်းကြယ်လှ၏။

ဆရာကြီး(ဦး)လှမိုး(ပညာရေး)၏ "သဘာဝလွန် ဖြစ်ရပ်" ဆောင်းပါးကို ဆက်ဖတ်ရင်း ၎င်း၏အိပ်မက်ကိုပါ ပြန်သတိရ၍ လွန်စွာမှထူးဆန်းမှုဖြစ်ကာ အထိတ်တလန့် ဖြစ်သွားလေတော့သတည်း။

× × ×

●——ရှုပေသော——●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၆ ]

ပြတင်းပေါက်မှ သူ ခြံဝသို့ ကွေ့ကောက်၍တည်ရှိနေသည့် မြေနီလမ်းကလေးကို လှမ်းကြည့်မိလိုက်သည်။

မိုးစက်ကလေးများက ဖွားဖွားကျလာပြီး ခပ်လှမ်းလှမ်းမှ မိုးချုန်းသံတွေကို ကြားနေရသည်။

မိုးစက်ကလေးများအောက်တွင် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသူ မိန်းမပျိုလေးတစ်ဦးသည် သပြေသို့



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်၍လာနေသည်။ သူသည် မှုန်ရီသောမျက်လုံးများကို ပွတ်လိုက်ပြီး ခြံတံခါးသို့ရောက်နေသည့် မိန်းမပျိုကလေးကို စူးစိုက်ကြည့်မိသည်။

လှိုင်ဘွားသည် ဆရာကြီး(ဦး)လှမိုး(ပညာရေး) ရေးသည့် မနောမယဂျာနယ်မှ "သဘာဝလွန်ဖြစ်ရပ်များ" ဟူသော ဆောင်းပါးကို ဖတ်ရှုနေရင်းက . . .

မိန်းမပျိုကလေးကို စူးစိုက်ကြည့်မိသည်။

ဆိုသည့် ဆောင်းပါးနေရာရောက်သည့်အခါ ၎င်း၏စိတ်က အလိုလိုနေရင်း စာဖတ်နေသည့် စားပွဲနားက ပြတင်းပေါက်ကိုကျော်၍ အပြင်သို့အမှတ်တမဲ့ကြည့်လိုက်ရာ

လှည့်စားမှုလား . . .

စိတ်စေတသိတ်တို့၏ ထူးခြားသော

ဖြစ်စဉ်များလား . . .

ဟုဆိုကာ တွေးမိ၍ လွန်စွာမှ အံ့ဩမိလေ၏။

မိန်းမပျိုလေးတစ်ဦးသည် အဝါရောင်ဝတ်စုံကို



တ်ဆင်ထားကာ လှိုင်ဘွားနေသည့်အိမ်သို့ ဦးတည်လာနေသည်ကို ဆရာကြီးဦးလှမိုး၏ဆောင်းပါးထဲကအတိုင်းပင် ဖြစ်နေ၍ "ဟုတ်ပါ့ . . . ဟုတ်ပါ့မလား" ဟု စိတ်ထဲတွင် ထင် ပြီးလျှင် ၎င်း၏မျက်လုံးများကို ပွတ်လိုက်ပြီး အိမ်ထဲသို့ ဝင် ရောက်လာသည့်မိန်းကလေးကို ပြတင်းပေါက်ကနေ စူးစိုက် ၍ကြည့်မိ၏။ ထို့နောက် တံခါးဝဆီသို့ ကပျာကယာသွားကာ ခါးကိုဖွင့်၍ . . .

"ဘာကိစ္စများ . . ."

ဟုပြောလိုက်သည့်စကားတန်းလန်းတွင် လွန်စွာ အံ့ဩ၍ ထူးဆန်းသောအဖြစ်ကို တွေ့လိုက်ရ၍ လှိုင်ဘွား ကြောင်ကြောင်ဖြစ်သွား၏။

ပြတင်းပေါက်မှမြင်ရသည့် မိန်းမပျိုလေးကို ချက် ထိုင်ရာမှထ၍ တံခါးဖွင့်၍ "ဘာကိစ္စများ . . ." ဟုပြော စဉ် အပြင်တွင် မိန်းမပျိုလေးကို လုံးဝမတွေ့ရချေ။

"သဘာဝလွန်ဖြစ်ရပ်များ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးဖတ်နေစဉ် အမှတ်တမဲ့ ပြတင်းပေါက်ကို ကြည့်လိုက်မိရာ မိန်းမပျိုကလေးတစ်ဦးကို တွေ့ရ၏။

စိတ်ထင်လို့မဟုတ်မှန်း လှိုင်ဘွား ကောင်းကောင်းသိ၏။ တကယ်ကို လာနေတာ။ အိမ်မကြီးတံခါးဖွင့်လိုက်ရာ ထူးဆန်းစွာ မိန်းမပျိုလေးအား မတွေ့လိုက်ရတော့ချေ။

ထိုအချိန်၌ လှိုင်ဘွား လွန်စွာမှပင် စိတ်ချောက်ချားသွားလေ၏။ မည်သို့ မည်ပုံဖြစ်သွားရသည်ကို စဉ်းစားမရ၊ ဘေးဝန်းကျင်ကိုလည်း တစ်ချက် အကဲခတ်မိပြန်၏။

"ထူးဆန်းလိုက်တာ"

"ထူးဆန်းလိုက်တာ"

"ထူးဆန်းလိုက်တာ"

ဟု သုံးကြိမ်ခန့်ရေရွတ်မိ၏။ ထို့နောက် သက်ပြင်းတစ်ချက်ချ၍ တံခါးကို သေချာပြန်ပိတ်လိုက်ပြီး ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရလေတော့၏။

လှိုင်ဘွားသည် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း



က မည်သို့မည်ပုံ အိပ်ပျော်သွားသည်မသိ။ အချိန်အတော်ကြာကြာ အိပ်ပျော်သွားရာမှ ထူးခြားဆန်းကြယ်သော အိပ်မက်ဆိုးကြောင့် လန့်နိုးလာခဲ့ရလေ၏။

တသုန်သုန်တိုက်နေသောလေပြေသည် ပြတင်းပေါက်မှတစ်ဆင့် လှိုင်ဘွားရှိရာသို့ ဝင်ရောက်လာ၏။ ထိုလေသည် ခိုက်ခိုက်တုန်အောင်အေးချမ်းလှ၏။ သို့သော် လှိုင်ဘွား၏ နဖူးပြင်တွင် ချွေးများစို့လျက်ရှိနေလေ၏။

လှိုင်ဘွား၏အိပ်မက်သည်ကား အောက်ပါအတိုင်းပင် ဖြစ်လေတော့၏။

× × ×

ရှုပင်ဒေဟာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၇ ]

သောကြာရွာကလေးတွင် ဦးထော၊ ဒေါ်မြိုင်တို့ ရှိ
ငင်းတို့သည် ငယ်လင်ငယ်မယားဖြစ်ကြသော်လည်း
သက်သုံးဆယ်ကျော်မှ ကလေးရသဖြင့် ငင်းတို့ အခု ၅၀
ကျော်ခန့်ရှိနေပြီဖြစ်သော်လည်း ငင်းတို့၏သမီးသည်
အသက် (၂၀) အရွယ်သို့ရောက်လို့နေလေ၏။

ဦးထော၊ ဒေါ်မြိုင်တို့၏သမီးကညာလေးသည်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှ ချောမောလှပသဖြင့် တစ်ရွာလုံးက ကာလသားများနှင့် ရွာနီးချုပ်စပ်က ကာလသားများကပင် လာရောက်ပိုးပမ်းကြ၏။ သို့သော် ၎င်းတို့၏သမီးက အနေမှန်၍ တစ်စုံတစ်ယောက်မျှပင် မစရဲကြချေ။

တစ်နေ့သ၌ ဦးထောသည် လယ်ထဲမှ ခပ်စောစော ပြန်လာသဖြင့် ဒေါ်မြိုင်က ဦးထောအား . . .

"ရှင် လယ်ထဲက ပြန်လာတာ စောလှချည်လား"

ဟုမေးလိုက်ရာ ဦးထောဆိုသူက တစ်စုံတစ်ရာ ပြန်မပြောဘဲ အိပ်ရေးကွပ်ပျစ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ ၎င်း၏မျက်နှာကလည်း မှုန်တေတေနှင့် သက်ပြင်းတွေကလည်း ချလို့နေလေ၏။

"ကိုထော ရှင် ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ။ ကျုပ်သည်းထိတ်ရင်ဖိုဖြစ်လိုက်တာတော်"

ဟု ဒေါ်မြိုင်က စိုးရိမ်စိတ်များဖြင့် မေးလိုက်ရာ . .

"ငါတို့သမီးလေးရော ဘယ်မှာလဲ မိမြိုင်"





ဟု ဦးထောက မေးလိုက်ပြန်၏။

"ဟင် . . . ကျုပ်တို့သမီးလေးက ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့လဲ။ ဒါကြောင့် ကျုပ် မနက်အိပ်ရာထကတည်းက မျက်ခုံးတွေ လှုပ်နေတာ။ သမီးလေးရှိပါတယ်။ နောက်ဖေးမှာ ထမင်းအိုးတည်နေတယ်"

ဟု ဒေါ်မြိုင်က မထိတ်သာ မလန့်သာနှင့် ပြောလိုက်ရာ . . .

"ဟဲ့ . . . မိမြိုင် တိုးတိုးလုပ်စမ်း။ သမီးလေး ကြားသွားပါဦးမယ်"

ဟု ဦးထောက မာန်လိုက်လေ၏။ ထို့နောက် ဒေါ်မြိုင်က ဦးထောအနားသို့ကပ်ကာ . . .

"ကျုပ်သမီးလေး ဘာဖြစ်လို့လဲ"

ဟု တိုးတိုးလေးမေးလိုက်လေ၏။

ထိုအခါ ဦးထောက ၎င်း၏ခေါင်းတွင် ပေါင်းထားသည့် ပုဆိုးကို ဖြုတ်လိုက်ပြီး ၎င်း၏မျက်နှာတွင် ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ရွှေးများကို ပုဆိုးဖြင့် သုတ်လိုက်ပြီးနောက် . . .

"ငါ . . .အခုပဲ ဆာမိဆီက ပြန်လာတာ"

ဟုဆိုကာ ဦးထောပြောလိုက်လေ၏။

"ဆာမိက ဘာပြောလိုက်လဲဟင် ကိုထော"

ဟု ဒေါ်မြိုင်က အရင်စလိုနင့် မေးလိုက်ရာ . . .

"လကုန်လို့မှ သူ့အကြွေးတွေ မပေးရင် သူ့ အဆိုး မဆိုနဲ့တဲ့"

ဟု ဦးထောက စိတ်လက်မသာမယာနှင့် ပြောလိုက်လေတော့၏။

"အလို . . . ဘုရား . . . ဘုရား . . . ကျုပ်တို့တော့ ကျိန်စာသင့်တော့မှာပဲ။ ရွှေသိန်းစေတီမှာ ကျုပ်တို့ ကတိသစ္စာပြုထားကြတာ။ ကိုယ်ကျိုးတော့ နည်းပါပြီ"

ဟုဆိုကာ ဝမ်းနည်းပက်လက်ပြောလိုက်ရာ . . .

"ဟဲ့ . . . မိမြိုင် တိုးတိုးပါဆိုမှ။ နောက်ဖေးက ငါတို့ သမီးလေး ကြားသွားဦးမယ်"

●——ရွှေပေသော——●



ဟု ဦးထောက ပြောလိုက်လေတော့၏။

> လွန်စွာမှ ထူးဆန်းသော ရွှေသိန်းစေတီတွင် ချစ်တီးကုလားဆာမိနှင့်အတူပါလာသည့် လင်မယားသည် ဦးထောနှင့် ဒေါ်မြိုင်တို့ဖြစ်ကြပါသည်။
>
> စာရေးသူ

"ဟင်"

ဟုဆိုသော သက်ပြင်းချသံသည်က ဦးထော၊ ဒေါ်မြိုင်တို့၏သမီးထံမှ ဖြစ်လေ၏။

မိဘနှစ်ပါးတိုးတိုးတိတ်တိတ် ပြောနေကြသော စကားများကို အိမ်တွင်းရှိ သမီးဖြစ်သူက ကြားသွားလေ၏။

ထို့ကြောင့် မိဘနှစ်ပါး၏အဖြစ်ကို ၎င်းက လွန်စွာ စိုးရိမ်၍ စိတ်မကောင်းဖြစ်ရ၏။

●——ရွှေပေသော——●

www.burmeseclassic.com

www.burmeseclassic.com



"ရွှေသိန်းစေတီမှာ သစ္စာပြုထားတာဆိုတော့ ချစ်တီးကုလားရဲ့ အကြွေးကို မပေးနိုင်ရင်တော့ အဖေတို့ အမေတို့ကျိန်စာသင့်တော့မှာ။ အဖေရော၊ အမေပါ ကျိန်စာသင့်ရင် ငါလည်း ဘာ နေ့လို့လဲ။ အဖေတို့ အမေတို့ ကျိန်စာသင့်တဲ့နောက်တော့ ငါလည်း ခံရမှာပဲ"

ဟုဆိုကာ သမီးဖြစ်သူက တွေးလိုက်ပြန်၏။

"ငါ . . . ချစ်တီးကုလားကို သွားတောင်းပန်ရင်ကောင်းမလား။ မဖြစ်သေးပါဘူး။ ငါ သွားတောင်းပန်လို့ အဖေတို့ အမေတို့က ခွင့်ပြုကြမှာ မဟုတ်ဘူး"

ဟုဆိုကာ ၎င်းလည်း မျက်ရည်များဝဲလာ၏။

လကုန်ဖို့ရက်သည် နီးကပ်လာသည်နှင့်အမျှ ၎င်းတို့သည့် ကျိန်စာသင့်တော့မည့်ရက်လည်း မဝေးတော့ချေ

ဦးထောလည်း မည်သို့မျှမကြံတတ်၍ လွန်စွာစိတ်မာတ်ကျနေလေတော့၏။ ဦးထော ထမင်းမစားသည့်ရက်တွေလည်း များ၍ ကြာခဲ့ပြီဖြစ်သောကြောင့် . . .

●———ဤမှေသော———●



"ကိုထောရယ် ထမင်းမစားချင်လည်း ဆန်ပြုတ်လေးတော့ ထသောက်ပါဦး"

ဟု ဇနီးဖြစ်သူက ပြောသော်လည်း ဦးထောမှာ ခြေကုန်လက်ပန်းကျနေသူပမာ ဖြစ်နေလေ၏။ ထိုသို့ဖြစ်ရသည့်အတွက် ဒေါ်မြိုင်မှာလည်း ဦးထောနည်းတူ ဖြစ်လို့နေလေ၏။

မိဘနှစ်ပါး၏အဖြစ်ကိုကြည့်၍ သမီးဖြစ်သူမှာလည်း ကြိတ်၍ ပူဆွေးသောကတွေ ဖြစ်လို့နေလေ၏။

"အင်း . . . လကုန်ဖို့ရက်ကလည်း နီးလာပြီ။ ငါ ဘာလုပ်ရမလဲ။ ချစ်တီးကုလားကို သွားတောင်းပန်ရမလား။ မဖြစ်သေးပါဘူး။ အဖေတို့၊ အမေတို့က ခွင့်ပြုမှာ မဟုတ်ဘူး"

ဟုဆိုကာ တွေးတောလိုက်ပြန်၏။

"အင်း . . . အဖေတို့၊ အမေတို့ကို အသိမပေးဘဲ သွားရင်ကောင်းမလား။ အဲဒီနည်းက ကောင်းပါတယ်။ ငါ . .

●———ဤမှေသော———●

www.burmeseclassic.com

www.burmeseclassic.com



ငါ ကုလားကို သွားတောင်းပန်မယ်"

ဟု စိတ်ဆုံးဖြတ်လိုက်ပြီးနောက် သမီးဖြစ်သူသည် နောက်တစ်နေ့မှာ မိဘနှစ်ပါးမသိအောင် အိမ်မှ တိတ်တဆိတ်ထွက်ကာ ချစ်တီးကုလားဆာမိထံသို့ သွားလေတော့၏။

ထိုနေ့က ၎င်းသည် အဝါရောင်ဝတ်စုံကို ဝတ်၍ သွားသည်ဟု ထူးဆန်းစွာ လှိုင်ဘွား အိပ်မက်မက်လေ၏။

မိန်းမပျိုလေးတစ်ဦးသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ လှိုင်ဘွားနေအိမ်သို့ ဦးတည်၍လာနေသည်ကို . . .

လှိုင်ဘွား မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်နေလေ၏။

"အိပ်မက်ထဲက မိန်းကလေးနဲ့ ငါ ပြတင်းပေါက်က တွေ့လိုက်ရတဲ့ မိန်းကလေးဟာ တစ်ယောက်တည်းပါပဲလား"

●——ရှုမဝဆောင်——●



ဟု ထူးဆန်းအံ့ဩဖွယ်ကောင်းသောဖြစ်ရပ်ကို လှိုင်ဘွား တွေ့ကြုံလိုက်ရလေတော့၏။

× × ×

●——ရှုမဝဆောင်——●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

ထက်ကောင်းကင်တစ်ပြင်လုံးတွင် တိမ်တိုက်တွေကြီးစိုးနေလေ၏။ မိုးတိမ်တိုက်များအကြားမှ မှိုင်းပျပျ ထွန်းလင်းတောက်ပနေသော ဖိုးလမင်းကြီးကို တွေ့ရမည်ဖြစ်၏။

နွေဦး၏ လေပွေရူးသည် စွံန်ပလွံန်ပင်များကြားတွင် လွှန်စွာမှ ပျင်းရိငြီးငွေ့စရာ ကောင်းလောက်အောင် ညည်းတွားနေ၏။

ရွှေပေအော

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေသောလေတွင် ကန္တာရပန်းအချို့၏ အနံ့များမှာ မွှေးကြိုင်လို့နေလေ၏။

လှိုင်ဘွားသည် ပုံဆွဲစက္ကူပေါ်တွင် စကေးများဖြင့် တွက်ချက်ကာ ပုံစံငယ်တစ်ခုကို စိတ်ကူးနှင့် ဒီဇိုင်းထုတ်လုပ်နေလေ၏။

လှိုင်ဘွားရောက်နေသည့်အရပ်ဒေသသည် လူသူကင်းသဖြင့် လွန်စွာမှ တိတ်ဆိတ်သောရပ်ဝန်းဖြစ်၏။ ထိုဒေသသည် လွန်စွာမှအေးဆေးသောကြောင့် ၎င်းလုပ်ငန်းနှင့်လည်း ကိုက်ညီသဖြင့် လှိုင်ဘွား ရွေးချယ်စိတ်ကူးမှန်သည်ဟု စိတ်ထဲမှ ကြိတ်၍ ဝမ်းသာလို့နေလေ၏။

လှိုင်ဘွားသည် အကြီးတန်းအင်ဂျင်နီယာတစ်ယောက်ဖြစ်၏။ ထိုအရပ်ဒေသတွင် စီမံကိန်းတစ်ခု ပြုလုပ်ရန်အတွက် ၎င်းက ကြိုတင်ရောက်ရှိနေပြီးလျှင် ဆောက်လုပ်မည့်စီမံကိန်းအတွက် လှိုင်ဘွား အေးအေးဆေးဆေး စိတ်ကူးနှင့် အလုပ်လုပ်နိုင်ရန်အတွက် သီးသန့်လုံးချင်း





တိုက်ပုလေးတစ်လုံးကို ငှားရမ်းကာ နေထိုင်ရင်း အလုပ်လုပ်ရလေတော့၏။

ထိုသို့နေထိုင်ရင်းက လှိုင်ဘွားသည် လွန်စွာမှ စိတ်ချောက်ချားဖွယ်ရာများနှင့် ကြုံရ၏။ တစ်ခါတစ်ရံ ထိုဒေသမှ ထွက်ပြေးရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း အထမမြောက်ခဲ့ချေ။

၎င်းအတွက် အဖော်တစ်ယောက်ပေးပို့ထားရန် ညှိနှိုင်းချက်ရှိသော်လည်း အခုအချိန်အထိ မရောက်သေးသဖြင့် စားဖို့သောက်ဖို့ကိုပင် ကိုယ်တိုင်လုပ်ရလေတော့၏။

"အကြော်စုံပူပူလေး"

ဟု အသံကြားလိုက်ရသဖြင့် အလုပ်စားပွဲကနေ ခေါင်းထောင်ကာ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

"အကြော်စုံပူပူလေး"

ဟု လှိုင်ဘွားရှိနေသည့်အိမ်ကိုကြည့်၍ ဝယ်စားလေမလားဟုအထင်နှင့် အကြော်သည်က အော်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကို ပြတင်းပေါက်ကနေ မြင်တွေ့လိုက်ပြီး အလုပ်စားပွဲမှထကာ . . .

"ညစာအတွက် အကြော်နဲ့ထမင်းစားရင် ကောင်းမှာပဲ"

ဟု လှိုင်ဘွားတွေးလိုက်ပြီး အိမ်ရှေ့တံခါးကို ဖွင့်လိုက်၏။

"အကြော် . . . လာပါဦး"

ဟု လှိုင်ဘွားကခေါ်လိုက်ရာ အကြော်သည်လေးမှာ လွန်စွာမှ ဝမ်းသာအားရနှင့် လှိုင်ဘွားထံသို့ အပြေးအလွှားလာခဲ့လေ၏။

"ဦးက တစ်ယောက်တည်းနေတဲ့ အင်တုံနီယားလား"

ဟု အကြော်သည်မိန်းကလေးက ပြောလိုက်ရာ ထိုစကားကြောင့် လှိုင်ဘွား ဟက်ဟက်ပက်ပက်ရယ်လိုက်ရာ မျက်လုံးထဲက မျက်ရည်များပင် ထွက်လို့လာလေတော့

●——ရွှေဥဒေါင်း——●



[...]

လှိုင်ဘွား မျက်လုံးမှမျက်ရည်များကို သုတ်လိုက်[...]နောက် . . .

"အကြော်သည်မလေးရယ် . . . ဦးက အင်တုံနီယာ[...]တ်ပါဘူး။ အင်ဂျင်နီယာပါကွယ်"

ဟုပြောလိုက်ရာ အကြော်သည်မိန်းကလေးက . .

"ကန်တော့ . . . ကန်တော့နော်။ မသိလို့ပြောမိတာ[...]"

ဟု တောင်းပန်လိုက်လေ၏။

ထို့နောက် အကြော်သည်မိန်းကလေးက . . .

"ဦးက တစ်ယောက်တည်းနေပြီး ထမင်းဟင်းကျ[...]တော့ ဘယ်သူကချက်ကျွေးလဲဟင်"

ဟု မေးလိုက်လေ၏။

"တစ်ယောက်တည်းနေတာဆိုတော့ ကိုယ့်ဘာ[...] ကိုယ် ချက်တာပေါ့ကွယ့် အကြော်သည်မလေးရဲ့"

●——ရွှေဥဒေါင်း——●

www.burmeseclassic.com

www.burmeseclassic.com



ဟု လှိုင်ဘွားကပြောလိုက်ရာ အကြော်သည်မိန်းကလေးမှာ . . .

"ဒါဆိုရင် ထမင်းလာပို့ပေးမယ်လေ"

ဟု ပြောလိုက်ရာ . . .

"ဒုက္ခရှာလို့ကွယ်။ မလုပ်ပါနဲ့။ ဦး အိမ်မှာ ထမင်းဟင်းချက်ဖို့လူတစ်ယောက် မကြာခင် ရောက်လာတော့မှာပါ"

ဟု လှိုင်ဘွားက ပြောလိုက်လေ၏။

"ရပါတယ် ဦးရယ်။ ထမင်းဟင်းတွေချက်ပြီး လာပို့ပေးပါ့မယ်"

ဟုဆိုကာ ထွက်သွားသည့်အခါ လှိုင်ဘွားမှာ . . .

"ငါ . . . ဒီမိန်းကလေးကို တွေ့ဖူးသလိုပဲ။ ဘယ်မှာတွေ့ဖူးပါလိမ့်"

ဟုဆိုကာ အကြော်ထုပ်လေးကို ကိုင်၍ အကြော်သည်မိန်းကလေးအား လှမ်းကြည့်မိလေတော့၏။





နောက်တစ်နေ့မှာ အကြော်သည်မလေး ရောက်လာပြီးလျှင် . . .

"ဗျို့ . . . အင်တုံ . . . အဲလေ . . . အင်ဂျင်နီယာကြီးဗျို့ . . . အင်ဂျင်နီယာကြီး"

ဟု၍ အိမ်ရှေ့၌ တကြော်ကြော်အော်ခေါ်၍နေလေ၏။ လှိုင်ဘွားလည်း ထိုအသံကြောင့် အလုပ်လုပ်နေရာမှ ထလာ တံခါးဖွင့်ပေးလိုက်ရလေ၏။

"ရော့ . . . ဦးအင်ဂျင်နီယာကြီးအတွက် ထမင်း လာပို့တာ။ ဟင်းကတော့ ဝက်သားဟင်း။ ကြိုက်လားတော့ မသိဘူး"

ဟု အကြော်သည်မလေးက ပြော၍ ထမင်းချိုင့်ကို လှိုင်ဘွားအား လှမ်းပေးလိုက်လေ၏။

ငြင်းရင်လည်း အားနာစရာဖြစ်မှာကြောင့် ထမင်းချိုင့်ကို လှိုင်ဘွား လက်ခံယူလိုက်ရ၏။

"ထမင်းချိုင့်ကိုတော့ ယူထားလိုက်မယ်။ ထမင်းဖိုး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကျသလဲဆိုတာပြော"

ဟု လှိုင်ဘွားကမေးရာ ၎င်းက . . .

"ထမင်းဖိုးတော့ မယူဘူး။ ဒါပေမယ့် ပုလဲပုတီး တစ်ကုံးတော့ ဝယ်ပေးပါ။ ရွှေသိန်းဘုရားပွဲကျရင် ဝတ်ချင်လို့ပါ"

ဟု ပြောလိုက်လေ၏။ လှိုင်ဘွားလည်း အကြော်သည်မလေး ပြောသည်ကို သဘောတူလိုက်ပြီးနောက် ချိုင့်ထဲမှ ထမင်းဟင်းများကို လှယ်ထည့်ယူထားလိုက်ပြီးနောက် ချိုင့်ကို ပြန်ပေးလိုက်လေ၏။

"ညစာအတွက်တော့ အကြော်ရောင်းရင်း ဝင်ပို့ပေးမယ်နော်"

ဟု အကြော်သည်မလေးက ပြောရာ . . .

"ပင်ပန်းပါတယ် မနက်ကတည်းက မနက်စာရော ညစာပါ တစ်ခါတည်းပို့ပါကွယ်"

ဟုပြောလိုက်သော်လည်း အကြော်သည်မလေး





က ကန့်ကွက်သဖြင့် လှိုင်ဘွားမှာ လက်လျှော့လိုက်ရပြန်၏။ ထို့နောက် လှိုင်ဘွားမှာ ၎င်းအား မြင်ဖူးသလိုရှိသည်ကို မေးမြန်းသည်အပြုတွင် . . .

"ဟော့ . . . နေဦး ညည်းကို ငါမေးစရာရှိသေးတယ်"

ဟုပြောရာ . . .

"နောက်မှပြောတော့။ အကြော်ရောင်းဖို့ သွားရဦးမယ်"

ဟုဆိုကာ လှိုင်ဘွားအနီးမှ ချာခနဲလှည့်၍ ပြေးထွက်သွားလေတော့၏။ လှိုင်ဘွားလည်း . . .

"နောက်နေ့မှပဲ မေးတော့မယ်"

ဟုဆိုကာ အိမ်ထဲသို့ဝင်ခဲ့ပြီးနောက် အကြော်သည်မလေး လာပို့သွားသော ထမင်းနှင့်ဝက်သားဟင်းကို မြိန်ရှက်စွာ စားသောက်လေတော့၏။

အကြော်သည်မလေးသည် လှိုင်ဘွားအား နေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ထမင်းလာပို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားပြောချင်သည့်စကားကို ပြောခွင့်မရခဲ့။ အကြော်သည် မိန်းကလေးကလည်း လှိုင်ဘွားမေးချင်သည့်စကားကို ဝေ့လယ်လယ်လုပ်၍ အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းလေ၏။

"ညနေ ထမင်းလာပို့ရင်တော့ အတင်းမေးရမယ်"

ဟု လှိုင်ဘွား နေ့လယ်စာစားသောက်ရင်း ရင်ထဲ၌ ပြောလိုက်မိလေ၏။

"အကြော်သည်မလေးဟာ ယဉ်ယဉ်ဖြစ်မှာပဲ။ ပြီးတော့ . . ."

"ဟို . . . မျက်လုံးတစ်ဖက်ကန်းနေသူက အဲဒီ အကြော်သည်ကောင်မလေးကို တွေ့တိုင်း လာလာမေးတာ ဘာကြောင့်လဲ။

နောက်ပြီး . . . ရေတွင်းထဲခုန်ချပြီးသေသွားတဲ့ မိန်းကလေးက ဘာကြောင့်လဲ"

ဟု လှိုင်ဘွားသိချင်သည့်အကြောင်းအရာတွေ





တန်းစီလို့နေလေ၏။

ထို့နောက် လှိုင်ဘွားသည် ပက်လက်ကုလားထိုင်တွင်ထိုင်၍ အကြော်သည်မလေး ယဉ်ယဉ်အကြောင်းကို စဉ်းစားရင်းက ငိုက်ကျလာ၏။

"ဝါး"

ဟုဆိုကာ သမ်းလိုက်ပြန်၏။ ထို့နောက် မည်သို့မျှ ဟန်မဆောင်နိုင်အောင်ဖြစ်ကာ ပက်လက်ကုလားထိုင်ပေါ်မှာပင် အိပ်ပျော်သွားလေတော့၏။

လှိုင်ဘွား မည်မျှကြာအောင် အိပ်ပျော်သွားသည် သေး၊ တံခါးခေါက်သံလိုလို ကြားလိုက်ရသည့်အခါမှ လန့်နိုးလာခဲ့လေတော့၏။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသော တံခါးခေါက်သံ အဆက်မပြတ်ထွက်ပေါ်လာသဖြင့် ပက်လက်ကုလားထိုင်ပေါ်မှထကာ . . .

"အကြော်သည်မလေး ယဉ်ယဉ် ထမင်းလာပို့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်"

ဟု နာရီကိုကြည့်၍ လှိုင်ဘွားရေရွတ်လိုက်ပြီး တံခါးကို ဖွင့်လိုက်ရာ လုံးဝမထင်မှတ်သူကို တွေ့လိုက်ရသဖြင့် လွန်စွာမှ အံ့ဩသွားလေတော့၏။

လှိုင်ဘွား လွန်စွာမှအံ့ဩရခြင်းအကြောင်းရင်းက တစ်ခါက လွန်စွာမှထူးဆန်းသော ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည့် ရွှေသိန်းစေတီတွင် တွေ့ခဲ့ရသော ရသေ့ကြီးတစ်ပါးပင်ဖြစ်လို့နေလေတော့၏။

"ဘရသေ့ ဘယ်ကကြွလာသလဲ"

ဟုဆိုကာ ဘရသေ့ကြီးအား အိမ်ထဲသို့ပင့်ကာ လျှောက်ထားလိုက်လေတော့၏။

"လူလေးဆီမှာ အလှူခံစရာလေးရှိလို့။ လူလေး ရှိမယ့်နေရာကို စုံစမ်းပြီး ကြွခဲ့ရတာ"

ဟု ရသေ့ကြီးက ပြောလိုက်ရာ . . .

"တင်ပါ့ . . . တပည့်တော် ဘာများလှူပေးရမလဲ





ပြောပါ။ တပည့်တော် တတ်နိုင်တာကို လှူပါ့မယ်ဘုရား"

ဟု လှိုင်ဘွားက လျှောက်ထားလိုက်ပြန်၏။

"အေးကွယ် . . . သာဓု . . . သာဓု . . . သာဓုပါကွယ်။ ဘရသေ့အလှူခံမယ့်အရာကို လူလေး တတ်နိုင်ပါတယ်ကွယ်"

ဟု ရသေ့ကြီးက ပြောလိုက်ရာ . . .

"ဩော် . . . တပည့်တော် မေ့နေလို့ ခဏလေးနော်"

ဟု လှိုင်ဘွားက လျှောက်လိုက်ပြီး အိမ်ခန်းထဲသို့ ဝင်သွားလေ၏။

မကြာမီ ပြန်ထွက်လာ၏။ ၎င်း၏လက်ထဲ၌ ရေနွေးကြမ်းမတ်ခွက်တစ်ခွက်နှင့် ထန်းလျက်ခဲများ ပန်းကန်ပြားတွင် ထည့်၍ ယူလာပြီးလျှင် ရသေ့ကြီးအား ကပ်လိုက်လေ၏။

"သာဓု . . . သာဓု . . . သာဓု"

ဟုဆိုကာ ဘရသေ့ကြီးက ရေနွေးကြမ်းနှင့် ထန်း



www.burmeseclassic.com

www.burmeseclassic.com



လျက်ခဲတို့ကို ဘုန်းပေးလေတော့၏။

"ဘရသေ့ခင်ဗျာ တပည့်တော် ဘာများလှူဒါန်းရ မလဲဆိုတာ အမိန့်ရှိပါ။ တပည့်တော် လှူပါ့မယ်"

ဟု လှိုင်ဘွားက လျှောက်ထားလိုက်ရာ . . .

"အေးပါကွယ်။ လူလေး လှူရမှာက . . ."

ဟုဆိုကာ စကားရပ်လိုက်ပြီးနောက် တစ်စုံတစ်ခု ကို စဉ်းစားနေဟန်ဖြစ်သောကြောင့် လှိုင်ဘွားလည်း ရသေ့ ကြီးထံမှ ထွက်ပေါ်လာမည့်စကားကို စောင့်မျှော်လို့နေရ လေ၏။

ထို့နောက် ရသေ့ကြီးက လှိုင်ဘွားအား တစ်ချက် ကြည့်လိုက်ပြီး ပြုံးလိုက်၏။

"လူလေး လှူရမှာက . . .အခုတော့ မဟုတ်သေး ပါဘူးကွယ်။ လှူသင့် လှူထိုက်တဲ့အချိန်အခါကျရင်တော့ လှူရမှာပေါ့။ အဲဒီအခါကျရင် လူလေးထံကို ဘရသေ့ လာခဲ့ ပါ့မယ်"

ရှုမဝဘော



ဟုပြောလိုက်ပြီး ရေနွေးသောက်ရင်း ထန်းလျက် ခဲ ဘုဉ်းပေးပြန်၏။

လှိုင်ဘွားလည်း မည်သို့သောပစ္စည်းမျိုး လှူရမည် ကို မသိလိုက်ရသဖြင့် စိတ်ထဲ၌ ကသိကအောက်ဖြစ်သွား လေ၏။

"တင်ပါ့"

ဟုဆိုကာ လျှောက်လိုက်လေ၏။

"လူလေး . . . လူလေးရဲ့စိတ်ထဲမှာ ဘာလှူရမှန်း မသိလို့ စိတ်ကသိကအောက်ဖြစ်မသွားပါနဲ့ကွယ်။ ဘရသေ့ တောင်းပန်ပါတယ်"

ဟု ရသေ့ကြီးစကားကြောင့် လှိုင်ဘွားအံ့ဩသွား ၏

"ရသေ့ကြီးက ငါ့ရင်ထဲမှာဖြစ်နေတာကို သိနေ တယ်"

ဟုဆိုကာ လွန်စွာမှ ထူးဆန်းသွားလေတော့၏။

ရှုမဝဘော

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရသေ့ကြီးလည်း လှိုင်ဘွားအိမ်မှ ပြန်ကြွသွားသည့်နောက် လှိုင်ဘွားလည်း ထမင်းစားပြီး ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့လေတော့၏။

× × ×





## အခန်း [ ၉ ]

"အကြော်စုံ ပူပူလေး"

ဟု အော်သံကြားလိုက်ရသဖြင့် လှိုင်ဘွား အိပ်ပျော်နေရာမှ ဖျတ်ခနဲနိုးကာ အိမ်ရှေ့တံခါးကို ဖွင့်လိုက်ရာ အသံကိုကြားလိုက်ရပြီး အကြော်သည်မလေးကို မတွေ့လိုက်ရချေ။ ထို့နောက် အိမ်ရှေ့သို့ထွက်၍ ဟိုဟို ဒီဒီ လျှောက်ကြည့်မိသော်လည်း အရိပ်အယောင်ကို လုံးဝမတွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ပြန်ဝင်ပြီးလျှင် ရေမိုးချိုးလိုက်လေ၏။

ရေမိုးချိုးပြီးသောအခါ အဝတ်အစားလဲပြီး ကော်ဖီဖျော်၍ ကော်ဖီသောက်နေစဉ် . . .

"အင်း . . . အကြော်သည်လေး ငါ့ကို ထမင်းလာမပို့တာတောင် ဘာလိုလိုနဲ့ ငါးရက်တောင် ရှိသွားပြီ။

ဘာများဖြစ်လို့ပါလိမ့်။ နေများမကောင်းလို့များလား"

ဟုဆိုကာ လှိုင်ဘွား စဉ်းစားလို့နေလေ၏။

"ဟင့်အင်း . . . ဟင့်အင်း . . . ယဉ်ယဉ်က သရဲတစ္ဆေကို မကြောက်ပါဘူး။ လူကိုတော့ ကြောက်တယ်။ ပြီးတော့ . . ."

ဟူသော ယဉ်ယဉ်ပြောဖူးတဲ့စကားကိုကြားယောင်လာပြန်၏။

"အဲဒီတုန်းက ယဉ်ယဉ်ဟာ မျက်လုံးတစ်ဖက်ကန်းနေတဲ့စံထူးကို ကြောက်တယ်လို့ ပြောဖူးတယ်။ ပြီးတော့





စံထူးဟာ သူနဲ့ငါ တွေ့တိုင်း ယဉ်ယဉ့်ကို မတွေ့မိဘူးလား လို့ မေးတာတွေက ဘာသဘောလဲ"

ဟုဆိုကာ လှိုင်ဘွား စဉ်းစားလိုက်ပြန်၏။

"သရဲတစ္ဆေဟာ လူကို ဒုက္ခရောက်အောင် လုပ်တယ်ဆိုတာ မကြားဖူးဘူး။ လူကသာ လူတွေကို အလွန်ဒုက္ခပေးတာ။ ယဉ်ယဉ်သေလို့ သရဲဖြစ်ရင်တောင် လူတွေကို ဘယ်တော့မှ ဒုက္ခရောက်အောင် မလုပ်ဘူး သိလား"

ဟုဆိုသော ယဉ်ယဉ်၏စကားကို ကြားယောင်လာပြီး လှိုင်ဘွား ကြက်သီးများပင် ထသွားလေ၏။

"အင်း . . . ယဉ်ယဉ်ဆိုတာ ဘာလဲ။ ငါ ဒီကိုရောက်ခါစက တံခါးလာခေါက်တာလည်း ယဉ်ယဉ်ပဲ။ အဲဒီတုန်းက အမေက အကြော်ပို့ခိုင်းလိုက်လို့ပါရှင် လို့ဆိုပြီး အကြော်လာပို့ပေးဖူးတယ်"

ဟု လှိုင်ဘွားစဉ်းစားပြန်၏။ ထို့နောက် အလုပ်လုပ်ရန် စိတ်ဝင်စားမှုမရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်ဆိုတာ ဘယ်သူလဲ . . .

ယဉ်ယဉ်ဆိုတာ ဘယ်သူလဲ . . .

ယဉ်ယဉ်ဆိုတာ ဘယ်သူလဲ . . .

ဟုဆိုကာ လှိုင်ဘွားခေါင်းထဲမှာ ယောက်ယက်ခတ်ကုန်၏။ ထို့နောက် အတွေးတစ်ခု ခေါင်းထဲသို့ ရောက်လာပြန်၏။

"ယဉ်ယဉ်ဆိုတာ ဘယ်သူလဲဆိုတာ ငါ အဖြေရှာရမယ်။ ဒီတော့ ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဒီတော့ အပြင်ထွက်ပြီး ယဉ်ယဉ် ဘယ်သူဘယ်ဝါဖြစ်သလဲ ဆိုတာ စုံစမ်းမှဖြစ်မယ်"

ဟုဆိုကာ ယဉ်ယဉ်ဆိုသူအား စုံစမ်းရန် အိမ်ထဲမှ ထွက်လာခဲ့ရလေတော့၏။

ထိုနေရာလေးကိုရောက်သည်နှင့် လှိုင်ဘွား စိတ်တွေ ချောက်ချားသွားသလို ခံစားလိုက်ရလေ၏။ ရင်ခုန်သံတွေလည်းမြန်လို့နေလေ၏။ တစ်စုံတစ်ခုကိုလည်း ဝမ်းနည်း



သလိုမျိုးကြီး ခံစားရသမျိုး ဖြစ်ရပြန်၏။

ထိုနေရာလေးက အလွန်အရိပ်ကောင်းသော သစ်ကြီးတစ်ပင်ရှိ၏။ ထိုသစ်ပင်အောက်တွင် ခရီးသွားများ တစ်ဖြုတ်နားနေရန် ဝါးကွပ်ပျစ်တစ်ခုနှင့် လွန်စွာမှ မြသော သောက်ရေအိုးစင်တစ်ခုလည်း ရှိ၏။

လှိုင်ဘွားလည်း ဝါးကွပ်ပျစ်တစ်ခုပေါ်တွင် ထိုင်၍ စိတ်ကို ဖြေသိမ့်လို့နေ၏။ ထို့နောက် အေး မြသော ရေ ပေါက်လောက် သောက်လိုက်သဖြင့် ရင်ထဲ အေးမြသွား ခံစားလိုက်ရလေ၏။

"ဆရာလေးက ဆောက်လုပ်ရေးဘက်က ထင်

ဟုဆိုသောအသံကို ကြားလိုက်ရသဖြင့် လှိုင်ဘွား ကြည့်လိုက်ရာ ရွာသားတစ်ယောက်ဖြစ်လို့နေ၏။

"ဟုတ်ပါတယ်ခင်ဗျာ"

ဟု လှိုင်ဘွားက ဖြေလိုက်ရာ ၎င်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"အခုဆရာလေး ဘယ်ကလာလို့၊ ဘယ်ကိုသွား မလို့လဲ"

ဟု မေးလိုက်ပြန်၏။

"ကျွန်တော် အကြော်ရောင်းတဲ့ယဉ်ယဉ်နဲ့တွေ့ချင်လို့ပါ။ သူတို့က ဘယ်နားမှာနေတာလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"ယဉ်ယဉ်တို့အိမ်လား။ ဟိုရှေ့ကရွာလေးပဲဗျ။ ရွာထိပ်မှာ သူတို့အကြော်တဲရှိတယ်"

ဟု ၎င်းကပြောပြီး တခြားတစ်နေရာသို့ လှိုင်ဘွားအား နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

တစ်ခဏကြာသောအခါ လှိုင်ဘွားလည်း ယဉ်ယဉ်ရှိသည့်ရွာလေးသို့ ထွက်လာခဲ့ရလေ၏။

လှိုင်ဘွားလည်း လွန်စွာမှ အရိပ်ကောင်းသည့် သစ်ပင်ကြီးအောက်မှ ထွက်လာခဲ့ပြီး များမကြာမီ ရွာတန်းလေးတစ်ခုကို တွေ့ရ၏။ ထိုရွာတန်းလေးကို တွေ့လိုက်ရသ



[illegible]၍ လှိုင်ဘွား လွန်စွာမှ ထူးဆန်းသလိုမျိုး ခံစားလိုက်ရပြန်[illegible]၏။ ထိုရွာလေးကို ရောက်ဖူးသလိုလိုရှိ၏။ ဘယ်တုန်းကာလ[illegible]က ရောက်ဖူးသည်ကိုတော့ အတိအကျမသိ။ ၎င်း၏စိတ်[illegible]မှာတော့ တစ်ကြိမ်တစ်ခါတစ်ခေါက်တော့ဖြင့် ရောက်ဖူး[illegible]သလိုလို ရှိ၏။

"အကြော်စုံ ပူပူလေး"

ဟုဆိုသောအသံကြားလိုက်ရသဖြင့် လှည့်ကြည့်[illegible]လိုက်ရာ အကြော်သည်မလေး ယဉ်ယဉ်ဖြစ်လို့နေလေ[illegible]သော၏။

"အကြော်သည် လာပါဦး"

ဟုဆိုကာ ဝမ်းသာအားရနှင့် လှိုင်ဘွားခေါ်လိုက်ရာ [illegible]ကြော်သည်မလေးက လှည့်ကြည့်ပြီးလျှင် . . .

"ဟယ် . . . ဦး"

ဟုဆိုကာ လှိုင်ဘွားရှိရာသို့ လျှောက်လာလေ[illegible]၏။

——ရှေ့ဆက်ရန်——

www.burmeseclassic.com

www.burmeseclassic.com



"ဦး ဘယ်ကလာတာလဲ"

ဟု လှိုင်ဘွားအနားသို့ရောက်သည်နှင့် ၎င်းက မေးလိုက်လေ၏။

"မင်း . . . ထမင်းလာမပို့လို့ နေများမကောင်းလို့လားဆိုတာ လာမေးတာပါ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"နေကောင်းပါတယ်။ ထမင်းလာမပို့တာက ဟိုလူကြီးကို ကြောက်လို့ပါ"

ဟု အကြော်သည်မိန်းကလေးက ပြောလိုက်လေ၏။ ထိုအချိန်၌ ၎င်းသည် တစ်စုံတစ်ခုကို မြင်တွေ့လိုက်ရာ လှိုင်ဘွားနှင့် စကားရပ်ပြောနေရာမှ . . .

"မမကြီး ဘယ်လဲ။ အကြော်မစားတော့ဘူးလား"

ဟု လှမ်းမေးလိုက်ရာ လှိုင်ဘွားလည်း ကြည့်လိုက်မိလေ၏။

"ဟာ"





ဟု လွန်စွာမှ အံ့ဩသွား၏။

"မစားတော့ဘူး ညီမလေး။ မမ တိုဘက်သွားစရာရှိလို့"

ဟု အကြော်သည်မလေး လှမ်းပြောလိုက်သူက ပြန်ပြောလိုက်လေ၏။

ထိုသို့ပြောလိုက်သူသည် အဝါရောင်ဝတ်စုံကို ဝတ်ထားသူဖြစ်ကာ လွန်စွာမှ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်လို့နေ၏။

"အဲဒါ ဘယ်သူလဲ"

ဟု လှိုင်ဘွားကမေးလိုက်ရာ အကြော်သည်မလေးက ပြန်ဖြေမည်အပြုတွင် . . .

"အကြော် လာပါဦး"

ဟု အိမ်တစ်အိမ်မှ အမျိုးသမီးကြီးက အော်ခေါ်လိုက်လေ၏။

"ဦး . . . ခဏလေးနော်။ အကြော်သွားရောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

ဟု ပြောလိုက်ပြီး လှိုင်ဘွားအနားမှ အကြော်ဝယ်စားမည့်သူထံသို့ အပြေးအလွှား သွားရောင်းလေတော့၏။

အတော့်ကို ဂူးဆန်း၏။ အကြော်သည်မလေးကို တွေ့ရ၍ ဝမ်းသာသော်လည်း ထမင်းလာမပို့သည့်ကိစ္စ ပြောသော်လည်း ဟိုလူကြီးကို ကြောက်လို့တဲ့။ အဲဒီလူက ဘယ်သူလဲ . . .

ဘယ်သူလဲ . . .

အင်း . . .

မျက်စိတစ်ဖက်ကန်းနေတဲ့လူလား . . .

တစ်ကိုယ်လုံး သွေးသံရဲရဲနဲ့ . . .

စံထူး . . . စံထူး . . .

စံထူးများလား . . .

ဟု လှိုင်ဘွားခေါင်းထဲမှာ သပွတ်အူကဲ့သို့ ဖြစ်သွားလေ၏။

ရှုမဝ



ထို့နောက် လွန်စွာမှထူးဆန်းသည်က . . .

အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေး . . .

သူကရော . . .

သူကို တွေ့ဖူးသလိုလို . . .

"အကြော်လာပါဦး"

ဟု အသံကြောင့် စကားလမ်းကြောင်း ပျက်သွား၏။

"အင်း . . . သူလာမှ ငါ့စိတ်ထဲမှာ သိချင်တာတွေ မေးတော့မယ်"

ဟု လှိုင်ဘွားတွေးရင်း အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့လေတော့၏။ ထို့နောက် လှိုင်ဘွားမျက်လုံးကို ဖွင့်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ . . .

"ဟာ"

ဟုဆိုကာ လွန်စွာမှ အံ့သြသွားလေတော့၏။

လှိုင်ဘွားရောက်နေသည့်နေရာသည်က လွန်စွာ

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



မှ အရိပ်ကောင်းသည့် သစ်ပင်ကြီးအောက်က ဝါးကွပ်ပျစ်လေးပေါ်တွင်ဖြစ်လို့နေလေတော့၏။

× × ×





## အခန်း [ ၁၀ ]

"ဝဋ်နှင့် ကြမ္မာ မလွတ်သာ"

တစ်နည်းအားဖြင့် ကြမ္မာဆိုတာ လွတ်ကင်းအောင် ရှောင်မရသော ဝဋ်ဆိုက်ခံရခြင်းဖြစ်တယ်။

ရှေးအတိတ်က မိမိတို့ပြုခဲ့တဲ့ မကောင်းမှုကံ ကြွေးကြောင့် ဝဋ်လည်ရန် အချိန်ဆိုက်လို့ အခွင့်ကြုံလာခြင်းကို ကြမ္မာဝင်တယ်။ ဂြိုဟ်မွှေတယ်။ ဝဋ်ဆိုက်တယ်လို့ ဆိုကြ၍

www.burmeseclassic.com



တယ်။ ဝင့်ဆိုက်ခံရပုံ ရှေးဟောင်းက ဝတ္ထုကို ပြောရရင်. . .

ရှေးအခါက . . . ယောက်ျားတစ်ယောက်သည် ပေကတ်သော နွားဆိုးတစ်ကောင်ကို ဒေါသကြီးစွာဖြင့် နွား၏ လည်ပင်း၌ ကောက်ရိုးပတ်ပြီး မီးရှို့သတ်ခဲ့ဖူးသော မကောင်းမှုကံဟောင်းကြောင့် ထိုယောက်ျားသည် နောက်ဘဝ၌ ကျီးကန်းဖြစ်လာအခါ အစာရှာရန် ပျံသွားနေစဉ် သာဝတ္ထိမြို့ တံခါးဝရွာကို မီးလောင်ရာမှ မြက်ကရွတ်ခွေ တစ်ခုသည် မီးတောက်လောင်စွဲလျက် လေအဟုန်ဖြင့် ကောင်းကင်သို့ လွင့်တက်သွားလေရာ အဆိုပါကျီးကန်း၏ လည်းပင်၌ တည့်တည့်ကြီး စွပ်မိရက်သားဖြစ်ကာ မီးလောင်ပြီး မရှုမလှ သေဆုံးခဲ့ရလေသည်။

တစ်ဦးတည်းသော မိန်းမသည် ခွေးတစ်ကောင်ကို လည်၌ သဲအိုးစွဲပြီး ရေတွင်းထဲသို့ ပစ်ချသတ်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ထိုမိန်းမသည် နောင်ဘဝ၌ သင်္ဘော သူကြီးကတော်ဖြစ်လာသောအခါ သမုဒ္ဒရာအလယ် ခရီး

●——ရှုပင်သော——●



သွားကြစဉ် သူပါသောသင်္ဘောသည် ထူးဆန်းစွာ သမုဒ္ဒရာ အလယ်၌ ရွေ့လျားခြင်းမရှိ။ ရပ်တန့်နေလေသည်။

ရှေးအခါက လူတို့၏ထုံးစံအတိုင်း လူယုတ်မာပါ၍ ဖြစ်ရမည်ဟုဆိုကာ စာရေးတန်မဲချရာ ထိုသင်္ဘောကတော် ကိုချည်း ထပ်ကာ ထပ်ကာ မဲကျနေသောကြောင့် ရှောင်လွဲခြင်းမှ မတတ်နိုင်ဘဲ မဲကျသူကို သမုဒ္ဒရာတွင် ပစ်ချရမည့် ထုံးစံရှိသည့်အတိုင်း ထိုမိန်းမ၏လည်ပင်း၌ သဲအိုးဆွဲချည်ပြီး သမုဒ္ဒရာတွင်းသို့ ပစ်ချခြင်းခံရလေသည်။

သဗ္ဗေ သတ္တာ ကမ္မသကာ - သတ္တဝါအားလုံး ကံသာလျှင် မိမိခံရမည့် ကိုယ်ပိုင်ပစ္စည်းဥစ္စာဖြစ်ရတယ်။ ဘယ်သူမပြု မိမိမှုဆိုတဲ့ ဆိုရိုးစကားဟာ ဒုက္ခဝေဒနာ ခံစားနေကြသူကို သူတစ်ပါးက လာပြုလုပ်ပေးခြင်းမဟုတ်။ ရှေးတစ်ချိန်ချိန်က မိမိတို့ကပင် ပြုလုပ်ခဲ့တာပဲဖြစ်တယ်။

အဲဒါတွေက ဘာလဲဆိုတော့ တရားခံအစစ်ကို ထောက်ပြထားတဲ့ဆောင်ပုဒ်တွေပါပဲ။

●——ရှုပင်သော——●

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူတစ်ပါးရဲ့ကိုယ်ခန္ဓာကို လက်ကျိုး၊ ခြေကျိုးအောင် လုပ်ခဲ့ရင်တော့ နောင်တစ်ချိန်ချိန်မှာလည်း မိမိကိုယ်ခန္ဓာကိုလည်း လက်ကျိုး၊ ခြေကျိုးဖြစ်လာမှာပဲ။ သူတစ်ပါးရဲ့ခန္ဓာကိုယ်မှာ မျက်စိကန်းအောင်လုပ်လိုက်ရင် မိမိလည်းနောင်တစ်ချိန်မှာ မျက်စိကန်းနေသူဖြစ်မှာ။

သူတစ်ပါး စိတ်မချမ်းသာအောင် ပြုလုပ်ခဲ့ရင်လည်း နောင်တစ်ချိန်ချိန်မှာတော့ မိမိတို့လည်း စိတ်မချမ်းသာမှုတွေနဲ့ အကြိမ်ပေါင်းများစွာ ခံရမှာပါပဲ။

ရှေးအခါ ဘုရားရှင်လက်ထက်တော်က စက္ခုပါလအမတ်ကြီးသည် ရဟန္တာကြီးတစ်ပါးဖြစ်လျက် မျက်မမြင်ဒုက္ခိတကြီးဘဝနှင့် ပရိနိဗ္ဗာန်စံယူသောနေ့အထိ ဝဋ်ခံတော်မူရရှာသည်။

ထိုအကြောင်းတရားမှာ ရှေးတစ်ချိန်က ၎င်းသည်ဆေးဆရာတစ်ဦးဖြစ်ခဲ့ဖူး၏။ သူတစ်ပါးအား မျက်စိကန်းအောင် လုပ်ခဲ့မိ၍ ရဟန္တာကြီးဘဝမှာ မျက်စိကန်းရသည့် ကံ





ကြောင့် ဝဋ်ခံရလေသည်။

ထိုနည်းတူ ပူတိဂတ္တတိဿ မထေရ်ကြီးသည်လည်း ရှေးရှေးအခါက မုဆိုးဘဝနှင့် တိရစ္ဆာန်များအား မသ
ား မညှာမတာ လွန်စွာမှ ရက်စက်စွာ သတ်ဖြတ်ခဲ့ဖူးသော
အကုသိုလ်ကံတို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ပါလျက်နှင့်
အသက်ရှင်ရှိနေစဉ် လွန်စွာမှ ကြောက်မက်ဖွယ်ရာ ပုပ်ပွနေ
အောင် အနာရောဂါ ထူထပ်စွာပေါက်ခြင်း၊ ဆောက်တည်ရာ
ရအောင် ဒုက္ခကြီးစွာ ခံရခြင်းဖြစ်တော်မူလေသည်။

ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်နေသော်လည်း မိမိပြုလုပ်ခဲ့
သည့် ကြွေးတင်နေသော ဝဋ်တရားက ရှေဆေး၍ မရနိုင်
ချေ။

ထို့ကြောင့် အနာရောဂါကင်းကာ၊ ဘဝဆက်ဆက်
အထူးသဖြင့် ပါဏာတိပါတကံကို လွတ်အောင်ရှောင်ရမယ်။
တတ်နိုင်သလောက် ကောင်းမှုကုသိုလ်ရေးကိုသာ ပြုလုပ်
နေပါကြီးနေပါက မိမိတို့ရဲ့ ရှေ့ခရီးက ကောင်းကျိုးချမ်းသာတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ခံစားရမယ် . . .

ဟုဆိုကာ ရသေ့ကြီးက လှိုင်ဘွားအားပြောလိုက်ပြီးနောက် ရသေ့ကြီးလည်း ပျောက်ကွယ်သွားသည့်အခါ အလုပ်စားပွဲတွင် အလုပ်လုပ်နေသော လှိုင်ဘွားလည်း သတိ၊ အသိပြန်ဝင်လာပြီးလျှင် . . .

"အလို . . . အတော့်ကိုထူးဆန်းလို့နေပါလား။ ငါ အလုပ်လုပ်နေတာမှတ်လို့။ လက်စသတ်တော့ ငါ့ရဲ့မနော ဝိညာဉ်ဟာ ဘရသေ့ထံ ရောက်လို့နေတာကို"

ဟု ရင်ထဲ၌ လွန်စွာမှ ကြည်နူးလို့နေလေတော့၏။

ထို့နောက် လှိုင်ဘွားသည် ရသေ့ကြီးအား လွန်စွာမှ အမှတ်ရလို့နေပြန်၏။

"အင်း . . . ဘရသေ့က ငါ့ထံမှာ အလှူခံထားတယ်။ ဒါလည်း သိပ်ကိုထူးဆန်းနေတယ်။ ဘရသေ့ သီတင်းသုံးတဲ့ ရွှေသိန်းစေတီကို သွားမှဖြစ်မယ်။ မတွေ့ရတာလည်း ကြာပြီ"





ဟုတွေးတောရင်း ရသေ့ကြီးထံသွားလိုသည့်စိတ်က လှိုင်ဘွားအတွက် လွန်စွာမှ ပြင်းထန်လို့နေလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၁ ]

လေတိုက်လိုက်သဖြင့် ခေါင်းလောင်းအသံလေး ...ကို အဝေးမှ ကြားလိုက်ရသဖြင့် လှိုင်ဘွားရင်ထဲ အေးမြ ...လေတော့၏။ ထို့ကြောင့် လှမ်းကြည့်လိုက်ရာ ရွှေသိန်း ...လေးကို အဝေးမှ ပျပျလေးမြင်တွေ့ရ၍ လက်အုပ်ချီ၍ ...လိုက်လေ၏။

လှိုင်ဘွားသည် ဘုရားရောက်ဖို့ အတော်အဝေးနေ ...

•——ရွှေဥသော——•

www.burmeseclassic.com



ဝေးသေးသဖြင့် လွန်စွာမှ အရိပ်ကောင်းသည့်သစ်ပင်ကြီး အောက်တွင် ခဏနားနေမိ၏။ ထိုအချိန်၌ လှိုင်ဘွားနားနေသည့်သစ်ပင်ကြီး၏ မြောက်ဘက်မှ နွားလှည်းတစ်စီး မောင်းလာသည်ကို တွေ့ရ၏။

နွားလှည်းပေါ်၌ လှည်းမောင်းသူ အသက်ခပ်ကြီးကြီးတစ်ယောက်နှင့် အဝါရောင်ဝတ်စုံဝတ်ထားသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပြန်၏။ ၎င်းတို့သည် သစ်ပင်ကြီးအောက်၌ထိုင်နေသော လှိုင်ဘွားအား မြင်ဟန်မတူချေ။

လှိုင်ဘွားရှိနေသည့်သစ်ပင်ကြီးနှင့် လှည်းလမ်းကြောင်းလေးမှာ ပေ (၂၀)ခန့်ကွာဝေး၏။ ထိုနွားလှည်းသည် လှိုင်ဘွားမျက်နှာမူရာတည့်တည့်မှ ဖြတ်သွားကြ၏။

လှိုင်ဘွားသည် နွားလှည်းပေါ်၌ပါသွားသော အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေးသည် မကြာခဏတွေ့ရသော မိန်းကလေးဖြစ်၏။ ထိုမိန်းကလေးကို လှမ်းခေါ်





...ည်အပြုတွင် လှိုင်ဘွား တစ်စုံတစ်ခုကို အတွေးရ၍ မခေါ်...ဖြစ်ချေ။ ထိုနွားလှည်းနှင့် အဝါရောင်ဝတ်ထားသော မိန်းက...လေးကိုတော့ ကြည့်နေမိပြန်၏။

ထိုနွားလှည်းသည် လှည်းလမ်းကြောင်းအကွေ့မှာ ...ကွေ့သွားသဖြင့် လှိုင်ဘွားမြင်ကွင်းမှ ပျောက်သွားသ...ည်သို့ကြောင့်မသိ ကြက်သီးတွေ ထလာ၏။ ၎င်းရင်ထဲ...ည်း အမျိုးအမည်မသိသော ဝေဒနာတစ်ခုကို အပြင်း...န် ခံစားလိုက်ရ၏။

ထိုသို့ဖြစ်သည်ကိုလည်း လှိုင်ဘွား ကောင်းစွာ...ချေ။ လူလည်း ခပ်ကြောင်ကြောင်ဖြစ်နေ၏။ ၎င်း၏စိတ်...လည်း . . .

အဝါရောင်ဝတ်စုံဝတ်ထားသူက ဘယ်သူလဲ။

ပြီးတော့ ဘာလဲ။

အခု သူဟာ နွားလှည်းနဲ့ ချစ်တီးကုလားဆာမိထံ ...သွားလား။



www.burmeseclassic.com

www.burmeseclassic.com



အကြွေးငွေ မဆပ်နိုင်သေးလို့ သူ့မိဘများ မသိအောင် တိတ်တဆိတ်သွားတာများလား။

အကြွေးမဆပ်နိုင်ရင် ကျိန်စာသင့်မှာ ကြောက်ကြတာကို။

လှိုင်ဘွားမှာ မည်သို့မသိ သောကဝေဒနာများ မဆီမဆိုင် ဝင်ရောက်ပူးကပ်လာလေ၏။ ၎င်း၏ရင်သည် တလုပ်လုပ် ခုန်လို့နေလေ၏။

"ဩ . . . ဩ . . . သူတို့ကို ဘာကြောင့်များ ပူပင်နေရတာလဲ။

သူတို့က ဘယ်သူတွေလဲ။ ဘာကြောင့် သူတို့ဟာ ငါ့ဘဝထဲကို ရောက်လာရတာလဲ။ ငါကရော သူတို့တွေကို ဘာလုပ်ပေးနိုင်မှာမို့လဲ"

ဟု ဆိုကာ တွေးတောလို့နေပြန်၏။ ထိုအချိန်၌ . . .

"အကြော်စုံပူပူလေး"

ဟု အသံကြားလိုက်ရသဖြင့် လှိုင်ဘွား ခေါင်းနပန်း





ကြီးသွားကာ တထိတ်တလန့်ဖြစ်သွားမိပြီးလျှင် ထိုင်ရာကထ၍ အသံရှိရာသို့ ငေးမျှော်ကြည့်မိသော်လည်း အကြော်သည်အား မတွေ့ရချေ။

"ဩ . . . ဩ . . . စိတ်ထင်လို့များလား"

ဟု တွေးမိ၏။

ထိုနေရာမှထရန် စိတ်ကူးရှိသော်လည်း ဘာကြောင့် မထဖြစ်သည်ကိုလည်း ထူးဆန်းမှုတစ်ခုဖြစ်ရပြန်၏။

အိမ်မှစထွက်ကတည်းက ရွှေသိန်းစေတီတွင် ဘရသေ့နှင့်တွေ့ရန် စိတ်ကူးနှင့်လာခဲ့သော်လည်း လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌နားနေရင်းက ဘရသေ့ထံသွားဖို့ ပျင်းရိသလိုလို၊ စိတ်မပါသလိုလို၊ ဘယ်လိုကြီးဖြစ်မှန်းမသိ လှိုင်ဘွား ဖြစ်လို့နေ၏။

ဘရသေ့ထံကိုသွားချင်သည့်စိတ်က အိမ်မှ စထွက်လာသည်က ပြင်းထန်မှုရှိသော်လည်း ထိုစိတ်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောင့် ပျက်ပြယ်သွားသည်ကိုလည်း လှိုင်ဘွား
စဉ်းစားရကြပ်လို့နေလေ၏။

ထိုအချိန်၌ အသည်းအသန်ပြေးလာသော အသံ
ကို ကြားလိုက်ရသဖြင့် ဘာများဖြစ်တာလဲ။ ဘယ်သူများလဲ
ဆိုသည့်သိချင်စိတ်က စိုးမိုးလာ၏။ ထို့ကြောင့် အသံလာရာ
သို့ ကြည့်လိုက်လေ၏။

"ဟာ"

ဟုဆိုသော အံ့သြမှုနှင့်အတူ ထိုင်နေရာမှ ဖတ်ခနဲ
ထလိုက်လေ၏။

လှိုင်ဘွား လွန်စွာမှ အံ့သြသွားတာက အဝါရောင်
ဝတ်စုံဝတ်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်လို့နေ
လေတော့၏။

ထိုမိန်းကလေးမှာ တစ်စုံတစ်ရာကို ကြောက်လန့်
ခြင်းများစွာဖြင့် ပြေးလာသည်ဟု လှိုင်ဘွား တွေးမိရင်း၊ ဘယ်





လိုစိတ်ကူးကြောင့်မသိ ၎င်းနောက်သို့ ပြေးလိုက်သွားမိလေ
၏။

"ဟေ့ . . . ဟေ့"

ဟုဆိုကာ လှိုင်ဘွားက အဝါရောင်ဝတ်စုံဝတ်ထား
သည့် မိန်းကလေးနောက်ကို လိုက်ရင်း ပါးစပ်အော်ခေါ်မိပြန်
၏။ သို့သော် ထိုမိန်းကလေးက ကြားဟန်မတူ။ ဆက်ပြေးမြဲ
ပြေးလို့နေလေ၏။

"ဟေ့ . . . ဘာလို့ပြေးနေတာလဲ"

ဟုဆိုကာ လှိုင်ဘွားပြေးလိုက်ရင်း အော်လိုက်ပြန်
၏။

မိန်းကလေးမှာလည်း ပြေးမြဲ ပြေးလို့နေလေ၏။
၎င်းတို့သည် ပြေးနေကြရင်း ယောက်ျားတစ်ယောက် အပြေး
နှုန်းနှင့် မိန်းမတစ်ယောက်အပြေးနှုန်းသည် မတူညီကြသည့်
အတွက် ရှေ့ကပြေးသော အဝါရောင်ဝတ်စုံဝတ်ထားသည့်
မိန်းကလေးအား နောက်ကပြေးလိုက်သော လှိုင်ဘွားက



www.burmeseclassic.com

www.burmeseclassic.com



မီလုမီစဉ် မိန်းကလေး၏လက်ကို လှိုင်ဘွားက လှမ်းဆွဲတော့မည်အပြုတွင် . . .

"အကြော်စုံပူပူလေး"

ဟုဆိုသောအသံကြောင့် လှိုင်ဘွားသည် နောက်သို့ လှည့်ကြည့်မိလိုက်လေ၏။ သို့သော် အသံကိုပင် ကြားရ၍ အကြော်သည်အား မတွေ့ရချေ။ ထို့ကြောင့် တစ်ဖက်သို့ ပြန်ကြည့်လိုက်ရာ . . .

"ဟာ"

ဟု ဆိုလိုက်၏။

"ဘယ်ရောက်သွားပါလိမ့်"

ဟု အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေးမှာ လှိုင်ဘွား၏မျက်စိရှေ့မှ လွန်စွာမှ ထူးဆန်းစွာ ပျောက်သွားလေ၏။

လှိုင်ဘွား စိတ်မလျှော့ဘဲ ထိုမိန်းကလေးအား လုံးဝ ရှာ၍မတွေ့။

●———ရှေ့ဆောင်———●



"ဟင်း . . . အရှင်းကြီးပဲ။ ဟိုဘက်များ ကွေ့ဝင်သွားလား မသိဘူး"

ဟုဆိုကာ လမ်းကွေ့လေးတစ်ခုကို တွေ့လိုက်ရပြန်၏။ လှိုင်ဘွားသည် ဆက်မပြေးဘဲ ဇဝေဇဝါဖြစ်နေ၍ လမ်းလျှောက်ပြီး ထိုလမ်းကွေ့ထဲသို့ ချိုးဝင်လိုက်ရာ . . .

"ဟော . . . ဟိုမှာ . . . ဟာ . . . ကွေ့သွားပြန်ပြီ"

ဟု ဖျတ်ခနဲ အဝါရောင်လေးကို တွေ့လိုက်ရသော်လည်း ချိုတစ်ခုထဲသို့ တိုးဝင်သွားပြန်၏။

လှိုင်ဘွားနှင့် အဝါရောင်ဝတ်စုံဝတ်ထားသည့် ဟိုးဝင်သွားသောချိုတစ်ခုမှာ အတော်ဝေးဝေးလှမ်း၏။ လှိုင်ဘွားသည်း ထိုနေရာရောက်အောင် အားကုန်ပြေး၍သွားလေတော့၏။

အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေး တိုးဝင်သွားသော ချိုနားသို့ လှိုင်ဘွား ရောက်သည့်အခါ ၎င်းသည်း တစ်စုံတစ်ရာ စဉ်းစားမနေတော့ဘဲ လိုက်၍ တိုးဝင်

●———ရှေ့ဆောင်———●

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့၏။

"ဟင် . . . ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး"

ဟု ထိုမိန်းကလေးကို မတွေ့ရသဖြင့် လှိုင်ဘွား လွန်စွာမှ စိတ်ပျက်လက်ပျက်ဖြစ်သွားလေတော့၏။

လှိုင်ဘွားလည်း နားမနေတော့ဘဲ လမ်းလျှောက်၍ အမောဖြေကာ မျက်လုံးက ထိုအဝါရောင်ဝတ်ထားသည့် မိန်းကလေးအား ဆက်လက်ရှာဖွေနေပြန်၏။

"အကြော်စုံ ပူပူလေး"

ဟူသောအသံကို ကျယ်လောင်စွာကြားလိုက်ရသဖြင့် ရုတ်တရက်ဆိုသလို လှိုင်ဘွား တထိတ်တလန့်ဖြစ်သွားလေ၏။

သို့သော် လွန်စွာမှ ထူးဆန်းတာက အသံကိုပင်ကြားရပြီး အကြော်သည်မလေးအား လုံးဝမတွေ့ရချေ။

လှိုင်ဘွားသည် အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေးကိုလည်းကောင်း၊ အကြော်သည်မလေးအား

•——ဗျူဟာ——•



လည်းကောင်း မတွေ့လိုက်ရသဖြင့် စိတ်ဓာတ်လည်းကျ၏။ လွန်စွာမှလည်း ဒေါသတွေထွက်၏။

လှည့်၍ပြန်ချင်သည့်စိတ်က ဖြစ်ပေါ်နေသော်လည်း ၎င်းတို့အား မတွေ့မချင်း ရှာချင်သည့်စိတ်က ဖြစ်ပေါ်၍ လာပြန်၏။

ထို့နောက် မြက်ပင်လေးများ လဲနေသည်ကို တွေ့ရာ လှိုင်ဘွား အားတက်သွားလေ၏။

"ဒါ . . . ဟိုမိန်းကလေးပြေးသွားလို့ လဲကျနေတဲ့ မြက်ပင်တွေဖြစ်ရမယ်။ ဒါကို ခြေရာကောက်ပြီး လိုက်သွားရင်တော့ တွေ့ရမှာပဲ"

ဟုဆိုကာ မြက်ပင်လဲနေသည့်အတိုင်းဆက်လိုက်၏။ တစ်နေရာသို့ရောက်သည့်အခါ မိန်းမစီးဖိနပ် သဲကြိုးပြတ်တစ်ရံကို တွေ့လိုက်ရပြန်၏။

"ဒါ . . . ဟိုမိန်းကလေး ပြေးရင်း ဖိနပ်ပျက်သွားတာပဲ ဖြစ်မယ်"

•——ဗျူဟာ——•

www.burmeseclassic.com

www.burmeseclassic.com



ဟု လှိုင်ဘွား ဖိနပ်သဲကြိုးပြတ်ကို ကြည့်ရင်း တွေး လိုက်၏။ ဆက်လက်သွားရင်း နောက်ထပ်ဖိနပ်တစ်ဖက်ကို တွေ့လိုက်ရပြန်၏။

"ဒါ . . . တစ်ဖက်တည်း စီးသွားပြီး ပြေးလွှားရတာ မကောင်းလို့ ကောင်းတဲ့ဖိနပ်တစ်ဖက်ပါ ချွတ်ပစ်ခဲ့တာ ဖြစ်မယ်"

ဟု တွေးရင်း ဆက်လိုက်သွားပြန်၏။

အချိန်အတော်ကြာကြာ ပြေး၍သော်လည်း ကောင်း၊ လမ်းလျှောက်၍သော်လည်းကောင်း လှိုင်ဘွား လည်း ခြေကုန်လက်ပမ်းကျလာ၏။ အဝါရောင်ဝတ်စုံ ဝတ် ထားသော မိန်းကလေးအား အစနှ၊ အရိပ်အယောင်ပင် မတွေ့ရချေ။

"ဟင်း . . . မတွေ့တော့ဘူးနဲ့တူပါတယ်"

ဟု လှိုင်ဘွား အားငယ်လာချေ၏။

"ပြန်ရင်ကောင်းမယ် ထင်တယ်"

ရွှေဥဒေါင်း



ဟု စိတ်ဓာတ်ကျ၍ ညည်းတွားလိုက်ပြန်၏။ တစ် နေရာသို့ရောက်သည့်အခါ လုံးဝဟန်မဆောင်နိုင်တော့ဘဲ မြေကြီးပေါ်သို့ လွှန်စွာမှ ပင်ပန်းမောပန်းနေပြီးဖြစ်သည့် အတွက် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။

"ဟူး"

ဟုဆိုသော လေပူတစ်ချက်ကိုလည်း မှုတ်ထုတ် လိုက်လေတော့၏။

လှိုင်ဘွား၏ ခေါင်းထဲတွင်လည်း အတွေးများစွာ ကူးလူးယှက်သန်းလို့နေလေ၏။

"အမေရေ . . . လာကြည့်ပါဦး"

"အမေရေ . . . လာကြည့်ပါဦး"

ဟုဆိုသော ကျယ်လောင်စူးရှစွာအသံကြောင့် လှိုင်ဘွား ကြက်သီးများ ထသွားကာ ထိုအသံရှိရာသို့ ကြည့် လိုက်သည့်အခါ . . .

"အလို . . . ယဉ် . . . ယဉ်ယဉ်"

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဟု အကြော်သည်မလေးကို မထင်မှတ်၍ တွေ့လိုက်ရသဖြင့် လှိုင်ဘွား လွန်စွာမှ အံ့သြသွားလေတော့၏။

"အမေရေ . . . လာကြည့်ပါဦး

အမေရေ . . . လာကြည့်ပါဦး"

ဟု ထပ်မံစူးရှကျယ်လောင်စွာ အကြော်သည်မလေးက အော်၍ ၎င်း၏မိခင်ဖြစ်သူအား ခေါ်လိုက်၏။

"ဟို . . . ဟိုမှာ . . . ဟိုမှာ . . . ဟိုမှာ"

ဟုဆိုကာ ၎င်းက လက်ညှိုးထိုး၍ပြောလိုက်ရာ ယဉ်ယဉ် လက်ညှိုးထိုးသည့်နေရာသို့ လှိုင်ဘွား ကြည့်လိုက်ရာ . . .

"ဟာ"

ဟု အထိတ်တလန့်ဖြစ်သွားလေ၏။

ထိုမြင်ကွင်းသည်ကား အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေးမှာ ရေတွင်းပေါင်ပေါ်တွင် ခြေစုံရပ်ထား၏။ ထို့နောက် ၎င်းသည် . . .





"ဟေ့ . . . ဟေ့ . . . မလုပ် . . . မလုပ်နဲ့"

ဟု လှိုင် ၄ား ပြောပြောဆိုဆို မြေကြီးပေါ်ထိုင်နေရာမှ ဖတ်ခနဲထ၍ . . .

"ဟေ့ . . . ရပ် . . . ရပ်"

ဟု ပြောနေသည့်ကြားထဲက အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေးသည် ရေတွင်းပေါင်ပေါ်မှ ခြေစုံရပ်နေရာကနေ ရေတွင်းထဲသို့ ခုန်ချသွားလေရာ . . .

"ဝုန်း"

ဆိုသည့်အသံမှာ လွန်စွာမှ ကြောက်လန့်ဖွယ်ရာ အသံကြီးဖြစ်သွားလေတော့၏။

"အား . . . သေပြီ . . . သေပြီ"

ဟု လှိုင်ဘွားအော်ရင်းမှ လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ အိပ်ပျော်နေရာမှ လန့်နိုးသွားလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၂ ]

မလှမွန်သည် မိဘနှစ်ပါးမသိအောင် အိမ်မှ တိတ်တိတ်ထွက်လာခဲ့လေ၏။ ၎င်းသည် ရွာလမ်းတစ်နေရာသို့ ရောက်သည့်အခါ . . .

"ဟော့ . . . မလှမွန် ဘယ်လဲ"

ဟု အသံကြောင့် မလှမွန် လှည့်ကြည့်လိုက်ရာ ...သာများနှင့် လွန်စွာမှ ရင်းနှီးသော ဦးသာဆန်းဆိုသူ ဖြစ်

ရှုမဝသော

www.burmeseclassic.com

www.burmeseclassic.com



ငွေလေ၏။

"ဩော် . . . ဦးကြီး ကျွန်မရွာတောင်ပိုင်းသွားမလို့ပါ။ ဒါနဲ့ ဦးကြီးကရော"

ဟု မလှမွန်က ပြန်မေးရာ . . .

"အေး . . . ငါလည်း ရွာတောင်ပိုင်းသွားမှာ။ လမ်းကြုံတယ်။ ငါ့လှည်းနဲ့လိုက်ခဲ့ပါလား"

ဟု ဦးသာဆန်းက ပြောလိုက်ရာ မလှမွန်လည်း တစ်စုံတစ်ရာ စဉ်းစားမနေတော့ဘဲ ဦးသာဆန်းလှည်းနှင့်ပင် ရွာတောင်ပိုင်းသို့ လှည်းကြုံလိုက်သွားလေတော့၏။

ဦးသာဆန်းနွားလှည်းသည် ရွာတောင်ပိုင်းဆီသို့ ဦးတည်၍ မောင်းလာရာ လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးဘက်မှ မောင်းလာရ၏။





> ထိုအရိပ်ကောင်းသော သစ်ပင်ကြီးမှာ လှိုင်ဘွား အရိပ်ခို၍ နားနေသော သစ်ပင်ကြီးဖြစ်လေ၏။
>
> စာရေးသူ

ရွာတောင်ပိုင်းသို့ရောက်သည့်အခါ မလှမွန်က . .

"ဦးကြီး . . . ရေနွားလေးမှာပဲ ရပ်ပေးပါတော့ ကျွန်မ င်းတော့မယ်"

ဟု ပြောလိုက်လေ၏။

"အေး . . .အေး"

ဟုဆိုကာ ဦးသာဆန်းက ၎င်း၏နွားလှည်းကို ရပ် လိုက်သဖြင့် မလှမွန်လည်း နွားလှည်းပေါ်မှ ခုန်ဆင်း က်လေ၏။ ထို့နောက် . . .

"ကဲ . . . ဘကြီးလည်း သွားတော့မယ်။ ညည်းတို့ [illegible] အမေများကိုလည်း ပြောလိုက်ပါကွယ်။ ဘကြီးသတိ

www.burmeseclassic.com



ရပါတယ်လို့"

ဟု ပြောလိုက်ရာ မလှမွန်က . . .

"ဟုတ်ကဲ့ . . . ဦးကြီး"

ဟုပြောလိုက်ပြီးလျှင် ဦးသာဆန်းလည်း နွားလှည်း ဆက်မောင်းသွားလေတော့၏။

ထိုအိမ်ရှေ့သို့ ရောက်သည့်အခါ မလှမွန်သည် အိမ်ထဲသို့ မဝင်သေးဘဲ အိမ်ရှေ့၌ မယောင်မလည်လုပ်နေ၏။ ထိုအချိန်၌ အိမ်ထဲမှ ကုလားတစ်ယောက် ထွက်လာပြီးလျှင် . . .

"ဟဲ့ . . . ကန်းမလေ . . . ဘာလဲ"

ဟု မေးလိုက်လေ၏။

"သူဌေးနဲ့တွေ့ချင်လို့ပါ"

ဟု မလှမွန်က ပြောလိုက်ရာ ထိုကုလားက မလှမွန်အား ခြေဆုံး ခေါင်းဆုံးကြည့်လိုက်ပြီး . . .

"ခဏနေဦး"

●———ရှေ့သော———●



ဆိုကာ ထိုကုလားသည် အိမ်ပေါ်ထပ်သို့ ပြေးတက်သွားလေတော့၏။

တစ်ခဏကြာသောအခါ ထိုကုလားအိမ်ပေါ်မှ ဆင်းလာပြီး မလှမွန်အား . . .

"ကန်းမဇလ . . . သူဌေးက အိမ်ပေါ်ကို ကြွခဲ့ပါတဲ့"

ဟု ပြောလိုက်ရာ မလှမွန်လည်း အနည်းငယ် ရှိတုံ့ချတုံ့ဖြစ်သွားမိလေ၏။

"ကန်းမလေး ဘာဖြစ်နေတာလဲ။ သူဌေးက ခေါ်နေတာလေ"

ဟု ပြောလိုက်ရာ မလှမွန် အတွေးတစ်ခု တွေးနေစဉ် ထိုကုလားက ရုတ်တရက်ပြောလိုက်တဲ့စကားကြောင့် ကိုယ်လေး တွန့်သွားလေတော့၏။

"ဟုတ် . . . ဟုတ် . . . ဟုတ်ကဲ့"

ဟုဆိုကာ မလှမွန် အိမ်ပေါ်ထပ်သို့ မရဲတရဲ တက်သွားလေတော့၏။

●———ရှေ့သော———●

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်သို့ရောက်သည့်အခါ ချစ်တီးကုလားဆာမိ မှာ မလှမွန်အား ကြည့်နေသောမျက်လုံးများသည် လွန်စွာမှ တပ်မက်စွာဖြစ်ပေါ်နေလေ၏။

မလှမွန်မှာ ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ကာ မျက်လွှာကလေးချထားလိုက်လေ၏။ ထိုအခါ ချစ်တီးကုလားဆာမိက ထိုနေရာမှထလာကာ မလှမွန်အနားသို့ ရောက်သည်နှင့် . . .

"ကန်မလေး ဘာအလိုရှိလို့လဲ"

ဟု တကျာရှူးအသံဖြင့်ပြောလိုက်ရာ မလှမွန်မှာ သက်ပြင်းချလိုက်ပြီးသောအခါ . . .

"ကျွန်မမိဘများက ရှင့်ထံက ယူထားတဲ့အကြွေးတွေ မဆပ်နိုင်ဘူး။ ဒီတော့ ရှင် . . . ကျွန်မကို . . . ကျွန်မကို"

ဟုပြောလိုက်သည့်အခါ . . .

"အားပါးပါး"

ဟု ချစ်တီးကုလား ထရုန်မတတ်ဝမ်းသာသွားလေ





တော့၏။ ထို့နောက် ချစ်တီးကုလားထံမှ ၎င်းမိဘများ ယူထားသော အကြွေးများကို ရှေ့သိန်းဘုရားတွင် ပြန်လည်ရုပ်သိမ်းပေးရန် သစ္စာဆိုခိုင်းလိုက်ပြန်၏။

"ကန်မလေးနော် . . . ကန်မလေးကို ရမယ်နော် အားလုံးလုပ်ပေးမယ်"

ဟု ချစ်တီးကုလားက ပြောလိုက်ပြီးနောက် မလှမွန်အား ချစ်တီးကုလားက အခန်းထဲသို့ခေါ်ဆောင်သွားရာ မလှမွန်မှာ မိဘနှစ်ပါးအား ကျေးဇူးဆပ်ရင်း အရှင်လတ်လတ် ငရဲကျလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၃ ]

"အမေရေ . . . လာကြည့်ပါဦး။ အမေရေ . . . လာကြည့်ဦး"

ဟုအသံကြောင့် လှိုင်ဘွား ရင်နှစ်ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုကို ထိတွေ့ခံစားလိုက်ရသဖြင့် လွန်စွာမှ စိတ်မကောင်းဖြစ်ရလေတော့၏။

၎င်း၏မျက်လုံးထဲတွင် အဝါရောင်ဝတ်စုံဝတ်ထားး



www.burmeseclassic.com

www.burmeseclassic.com



သည့် မိန်းကလေး၏ရုပ်ပုံလွှာကို မေ့ပျောက်၍မရအောင် ဖြစ်မိနေလေ၏။

ထိုဖြစ်ရပ်များကြောင့် လှိုင်ဘွားမှာ အလုပ်လုပ်ချင်စိတ်များ မရှိ။ လူကလည်း တစ်စုံတစ်ခုကို ဘာကြောင့် ဘယ်လိုဖြစ်နေမှန်းကို အတတ်မသိချေ။ ထို့ကြောင့် အပြင်သို့ ထွက်ခဲ့ရပြန်၏။

တောင်ကုန်းလေးတစ်ခုပေါ်ကနေ သောကြာရွာကလေးကို တွေ့လိုက်ရသဖြင့် လှိုင်ဘွားအဖို့ ပို၍ဝေဒနာများ ဖြစ်ရသလိုခံစားလိုက်ရပြန်၏။ တစ်စုံတစ်ခုကိုလည်း မကျေမနပ်ဖြစ်မိသလိုမျိုး ဖြစ်ရပြန်၏။

၎င်းဝတ်ထားသော ကုတ်အကျီအတွင်းသို့ လက်နှိုက်ပြီး စမ်းလိုက်ရာ တစ်စုံတစ်ခုကို စမ်းမိလေ၏။ ထို့နောက် . . .

"တောက်"

ဟုဆိုသော တောက်ခေါက်သံကို ကျယ်လောင်





စွာ ခေါက်လိုက်သည့်အသံကြောင့် သရက်ပင်ပေါ်၌ နားနေသော ငှက်နှစ်ကောင်မှာ လန့်၍ ပျံသွားကြကုန်၏။

လှိုင်ဘွားသည် စမ်းလိုက်သည့်လက်ကို ပြန်ရုပ်၍ လက်သီးကို ကျစ်နေအောင် ဆုပ်ထားလိုက်ပြီးနောက် တောင်ကုန်းလေးပေါ်မှ ဆင်းလာကာ သောကြာရွာကလေးသို့ ဦးတည်၍သွားလေတော့၏။ ရင်ထဲ၌လည်း လွန်စွာမှ မွန်းကြပ်လို့နေလေ၏။ တစ်စုံတစ်ခုကိုလည်း မကျေမနပ်ဖြစ်တာ ခြေလှမ်းကျဲကျဲနှင့် သောကြာရွာလေးသို့ ထွက်လာခဲ့ရင်း . . .

"အကြော်စုံ ပူပူလေး"

ဟူသောအသံကို ကြားလိုက်ရသဖြင့် အသံရှိရာသို့ ကြည့်လိုက်ရာ လှိုင်ဘွားနှင့်ကိုက် (၅၀၀) အကွာဝေးအွင် ၎င်းအားကျောပေး၍ . . .

"အကြော်စုံပူပူလေး"

ဟူသော အော်ကာသွားနေသော အကြော်သည်



www.burmeseclassic.com

www.burmeseclassic.com



မလေး ယဉ်ယဉ်ကို တွေ့လိုက်ရ၏။

"အကြော်သည် လာပါဦး"

ဟု လှိုင်ဘွားက အော်ခေါ်လိုက်ရာ အကြော်သည်

မလေးမှာ လုံးဝကြားဟန်မတူချေ။ ထို့နောက် လှိုင်ဘွားက

"အကြော်သည် လာပါဦး"

ဟု ဆက်ခေါ်ရာ ၎င်းမှာလည်း ကြားဟန်မတူ

ဖြင့် . . .

"အကြော်သည် လာဦး"

ဟု လှိုင်ဘွားမှာ စိတ်မရှည်သောအသံဖြင့် ခေါ်

သော်လည်း လှိုင်ဘွားသည် အကြော်သည်မလေးနောက်

သို့ ပြေးလိုက်ရလေတော့၏။

"ဟာ"

ဟု လှိုင်ဘွားထံမှ ထွက်လာ၏။

"အလို . . . အကြော်သည်မလေး ဘယ်ရောက်

သွားပါလိမ့်"

●——ရှုမေဃ——●



ဟုဆိုကာ လှိုင်ဘွား တူးဆန်းစွာ အံ့ဩမိလေတော့

"ဒီနားလေးတင် ဘယ်လိုကနေ ဘယ်လိုပျောက်

သွားပါလိမ့်"

ဟု လှိုင်ဘွား ပြောမိပြန်၏။

လှိုင်ဘွားလည်း ထိုနေရာတစ်ဝိုက်တွင် အကြော်

သည်မလေးအား တစ်နာရီခန့်ကြာအောင် ရှာဖွေသော်

လည်း လုံးဝရှာမတွေ့သဖြင့် . . .

"ဒီနားလေးတင် ဘယ်လိုကနေ ဘယ်လို ပျောက်

သွားလဲ မသိဘူး"

ဟုဆိုသောစကားကို ပြန်ပြောမိပြန်၏။

"ဒီနေရာမှာ ရှာမတွေ့ရင် ဟိုဘက်သွားရှာမယ်"

ဟု မကျေမနပ်၍ လှိုင်ဘွားပြောဆိုပြီး ထိုနေရာ

မှ ထွက်ခဲ့ပြန်၏။

ဘယ်နေရာမှ မတွေ့တော့သည့်နောက် သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းတစ်ခုတွင် ထိုင်ချလိုက်ရလေတော့၏။

"ရှင် . . . ရှင် . . ဒါ ဘာလုပ်တာလဲ"

ဟု အကြော်သည်မလေး၏အသံကို အထင်းသား ကြားလိုက်ရသဖြင့် လှိုင်ဘွား ခေါင်းထောင်၍ကြည့်လိုက်ရာ အသံကိုပဲကြားရပြီး လူကိုပင် မတွေ့ရချေ။

"လွှတ်နော် . . . လွှတ်"

ဟုဆိုသောအသံ ထပ်ကြားရပြန်၏။

"အင်း . . . ယဉ်ယဉ် ဘာဖြစ်နေတာပါလိမ့်"

ဟု လှိုင်ဘွား တွေးမိနေစဉ် . . .

"လွှတ်နော် . . . ခွေးကျင့်ခွေးကြံမကြံနဲ့။ လွှတ်ဆို လွှတ်နော်"

ဟု အသံကြားရပြန်၏။

"ဒါ . . . ဒါ . . . ယဉ်ယဉ်ကို တစ်ယောက်ယောက် ကများ . . ."

ဟု တွေးနေစဉ် . . .





"ယဉ်ယဉ်လေးကို ချစ် . . . ချစ်လို့ပါကွယ်"

ဟု ယောကျ်ားတစ်ဦး၏အသံထွက်ပေါ်လာပြန်၏။

"ဟာ . . . ယဉ်ယဉ်တော့ ဒုက္ခရောက်နေပြီ။ ငါ ဘယ်မှ"

ဟုဆိုကာ အသံရှိရာသို့ လှိုင်ဘွား မှန်းဆ၍သွား နေစဉ် ရုန်းရင်းဆန်ခတ်အသံများ ထွက်လာ၏။ ယဉ်ယဉ်၏ ကြောက်လန့်သောအသံများ၊ ယောကျ်ားတစ်ဦး၏ ခြိမ်း ခြောက်သောအသံများ၊ ယဉ်ယဉ်၏ ရုန်းကန်နေသောအသံ များ၊ ယောကျ်ားတစ်ဦး၏ မုန်ယိုနေသောအသံများကို ကြား သော်လည်း ယဉ်ယဉ်ကိုလည်းကောင်း၊ ယောကျ်ားတစ်ဦး ကိုသော်လည်းကောင်း မတွေ့ရချေ။

"အား"

ဟုဆိုသော ယောကျ်ားတစ်ဦး၏ နာကျင်သော အသံတစ်ခု ကျယ်လောင်စွာ ဖြစ်ပေါ်လာလေ၏။

"အောင်မယ်လေး . . . လေး . . . ဟဲ့ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ် နင် ငါ့ကို သွေးထွက်အောင်လုပ်တယ် ဟုတ်လား။ ငါ . . . ငါ . . နင့်ကို အသေသတ်မယ် . . . အသေသတ်မယ်"

ဟု ဒေါသများထွက်နေသော ယောကျ်ားတစ်ဦး၏အသံကို ကြားရပြီး . . .

"အား . . . မယ်လေး . . . လုပ်ကြပါဦး"

ဟုဆိုသော ယဉ်ယဉ်၏အသံကြားရ၏။ ထို့နောက် ပြေးလွှားသောအသံပါ ထပ်ကြားလိုက်ရလေ၏။

"ဟေ့ . . . မပြေးနဲ့။ မပြေးနဲ့ . . . နင် . . . နင် . . . မိရင်တော့လား"

ဟုဆိုသော ယောကျ်ားတစ်ဦး၏ဒေါသအသံများ နှင့် ပြေးလိုက်သောအသံများကို ကြားရလေ၏။

"ကောင်းတယ် . . . ကောင်းတယ် . . . နှမချင်းကိုယ်ချင်းမစာနာတဲ့ မုဒိမ်းကောင် ယဉ်ယဉ် အဲဒီမသာကို ဘာနဲ့ ဆော်လိုက်လဲ မသိဘူး။ ကောင်းတယ်"

ဟု လှိုင်ဘွား ပြောလိုက်ရင်း လွန်စွာမှ သဘောကျ

ရှေ့သော



...ို့နေလေတော့၏။

"ဟေ့ . . . ဘယ်သူလဲ . . . ရပ်လိုက်စမ်း"

ဟု တစ်စုံတစ်ယောက်က လှိုင်ဘွားအား အမိန့် ...လိုက်သည့်အသံကြောင့် ၎င်းလည်း လန့်ဖျတ်သွား၏။ ...နောက် အသံရှင်ကို လှည့်ကြည့်လိုက်ရာ မျက်လုံးတစ် ...တန်းပြီး တစ်ကိုယ်လုံးလည်း သွေးသံရဲရဲနှင့် လူတစ် ...ာက် ဖြစ်နေသည်ကို တွေ့လိုက်ရာ . . .

"ဩော် . . . လက်စသတ်တော့ ယဉ်ယဉ့်ကို သား ...အဖြစ် ပြုကျင့်ဖို့ကြံနေတာ စံထူးကို"

ဟု လှိုင်ဘွား ရင်ထဲ၌ ပြောလိုက်မိလေ၏။

"ယဉ်ယဉ့်ကို မတွေ့မိဘူးလား"

ဟု စံထူးကပြောလိုက်ရာ လှိုင်ဘွားလည်း စံထူး ...အစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ လှိုင်ဘွားက စံထူးအား ...နာတည့်တည့်ကို ၎င်း၏လက်သီးတစ်လုံး ပစ်သွင်း ...ခြင်းနှင့်အတူ . . .

ရှေ့သော

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုကောင်မျိုးကို ဟောဒီလို . . . ဟောဒီလို"

ဟုဆိုကာ ဆက်တိုက် ဆက်တိုက် ဘယ်ရော ညာရော လှိုင်ဘွား၏ လက်သီးများ ပစ်သွင်းလိုက်ရာ . . .

"ဟိုက် . . . ဘယ်သူမှလဲမရှိပါလား"

ဟု လှိုင်ဘွား ကြောင်တောင်တောင်ဖြစ်သွားလေတော့၏။

"ငါ . . . ငါ . . . ဘယ်လိုဖြစ်သွားတာလဲ"

ဟု လှိုင်ဘွား ခပ်ကြောင်ကြောင်ဖြစ်သွား၏။

"ငါ . . . ငါ . . . အိပ်မက်မက်နေတာလဲ မဟုတ် . . အင်း . . ."

ဟု တွေးမိပြန်၏။

"ငါ အိမ်ကထွက်လာတာ သောကြာရွာကို သွားမလို့။ ဘာကြောင့် ငါ သောကြာရွာကို သွားချင်တာလဲ။ ခြော ယဉ်ယဉ့်အသံကို ကြားတယ်။ တကယ်လား။ ငါ့စိတ်ထဲမှာ ထင်နေလို့လား။ စိတ်စွဲလမ်းလို့လား။ ငါ ဒီသစ်ပင်အောက်မှာ





ထိုင်နေတာ ထူးဆန်းလိုက်တာ။ ယဉ်ယဉ်နဲ့ စံထူး"

ဟု အတွေးများ တစ်စတစ်စဝင်လာ၏။

"ယဉ်ယဉ့်ကို မတွေ့မိဘူးလား"

ဟုဆိုသော စံထူးအသံကို ကြားယောင်လာ၏။

"ဒါဆို . . . ယဉ်ယဉ် . . . ယဉ်ယဉ် . . . ဘာဖြစ်သွားလဲ။ ယဉ်ယဉ် ဘာဖြစ်သွားလဲ . . .

ယဉ်ယဉ် . . ."

ဟုဆိုကာ လှိုင်ဘွား ပူဆွေးသောကတွေ ရောက်နေလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၁၄ ]

သောကြာရှာကို လိုင်ဘွား အမိကလာရခြင်း အကြောင်းရင်းက ချစ်တီးကုလားဆာမိနှင့် စာရင်းရှင်းရန် ဖြစ်၏။ ချစ်တီးကုလားဆာမိသည် လွန်စွာမှယုတ်မာသူ၊ ကတိမတည်သူ၊ ဒီလိုလူမျိုး လူ့ပြည်မှာရှိနေဖို့မသင့်။ ပြီးတော့ လူကို ညာတာ၊ ပြီးတော့ ဘုရားကိုလည်း ညာတယ်။ ဒါကြောင့် လိုင်ဘွား ချစ်တီးကုလားကို အပြတ်ရှင်းရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းဝါးလိုက်၏။

ဇင်း၏ကုတ်အင်္ကျီထဲကို လက်နှိုက်၍ စမ်းလိုက်၏။ တစ်စုံတစ်ခုကို စမ်းမိသည့်အတွက် ပြုံးလိုက်လေ၏။ ထို အပြုံးများနှင့်အတူ . . .

"အမေရေ လာပါဦး။ အမေရေ လာပါဦး"

ဟူသည့်အသံနှင့်အတူ ရေတွင်းပေါင်ပေါ်မှာ ခြေစုံ ရပ်နေသည့် အဝါရောင်ဝတ်စုံဝတ်ထားသည့် မလှမွန်အား မြင်ယောင်လာပြီးလျှင် . . .

"ဝုန်း"

ဆိုသည့်အသံနှင့်အတူ . . .

"ဟာ"

ဆိုသည့်အသံတွေကြောင့် ပြုံးနေသော လှိုင်ဘွား သည် ရုတ်တရက် မျက်နှာတည်သွားကာ . . .

"တောက်"

ဟုဆိုသော လွန်စွာမှ ကျယ်လောင်စွာထွက်ပေ





လာသဖြင့် သရက်ပင်ပေါ်မှ နားနေသော ငှက်နှစ်ကောင်မှာ လန့်ဖျပ်၍ အထိတ်တလန့်ဖြစ်ကာ ချက်ချင်း ထ၍ပျံသွား ကြကုန်၏။

"ဟော့ကောင် ဆာမိ . . . ထွက်ခဲ့စမ်း"

ဟု ချစ်တီးကုလားဆာမိ အိမ်ရှေ့သို့ရောက်သည့် အခါ လှိုင်ဘွားက အော်ဟစ်ကာ ခေါ်လိုက်လေ၏။

ထိုအချိန်၌ ကုလားတစ်ကောင်က တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ လှိုင်ဘွားအား ပေါက်တူးဖြင့် ပြေး၍ခုတ် ဘ လှိုင်ဘွားမှာ လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီးနောက် င်း၏ကုတ်အင်္ကျီအတွင်းမှ တစ်စုံတစ်ခုကို ထုတ်၍ . . .

"ဒိုင်း"

ဟုဆိုသောအသံနှင့်အတူ ပေါက်တူးကိုင်၍ လှိုင် ဘွားအား ခုတ်သည့်ကုလားမှာ . . .

"အား ရှီ ရှီ"

ဟုဆိုကာ ကားစနဲ ပစ်လဲကျကာ ဘုတ်ဟုကျသ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ မြေကြီးပေါ်တွင် သွေးသံရဲရဲနှင့် အသက်ထွက်သွား

လေတော့၏။

ထိုအချိန်၌ သေနတ်သံကြားရသဖြင့် အိမ်ပေါ်ထပ်[illegible]

ချစ်တီးကုလားဆာမိ၏တပည့်များ ပြေးဆင်းလာကြကုန်၏

"ဒီကောင်တွေကိုတော့သေနတ်နဲ့ပစ်ရင် ကျည်[illegible]

ကုန်သွားနိုင်တယ်"

ဟု လှိုင်ဘွားတွေးတောရင်း ၎င်းထံသို့ သစ်သာ[illegible]

ချောင်းတစ်ချောင်းကိုင်၍ ပြေးဝင်လာသူအား လှိုင်ဘွားက[illegible]

အသာလေးရှောင်၍ ၎င်းအား လှိုင်ဘွားက မျက်နှာကို ဒူးနှ[illegible]

တိုက်လိုက်၏။

ထိုကုလားမှာ . . .

"အင့်"

ဟု တစ်ချက်သာမြည်သံကြားလိုက်ရပြီး မြေကြီး[illegible]

ပေါ်သို့ ဖင်ထိုင်ကျသွားစဉ် လျင်သော လှိုင်ဘွားက ၎င်း[illegible]

မေးကို ခြေဖျားဖြင့် ခပ်စပ်စပ်လေးခတ်လိုက်သည့်အခ[illegible]





ကုလားထံမှ ဒုတိယအကြိမ် . . .

"အင့်"

ဟု ထွက်လာ၍ နောက်သို့လန်ကျသွားလေတော့

၏။

ထိုအချိန်၌ တစ်ဆက်တည်း ကုလားတစ်ယောက်

မှာ ဓားရှည်တစ်ချောင်းကိုင်၍ ပြေးခုတ်ပြန်၏။ လှိုင်ဘွား

လည်း အသာအယာလေး ရှောင်လိုက်ပြီး ပထမကုလား

လွှတ်ကျသွားသော သစ်သားချောင်းကို ဖတ်ခနဲ ကောက်

ကိုင်လိုက်ပြီး . . .

"ကဲဟာ . . . ကဲဟာ"

ဆိုပြီး ဘယ်ညာ ယိမ်း၍ နှစ်ချက်ဆင့်၍ရိုက်လိုက်

ရာ ကုလားလည်း တစ်စုံတစ်ရာမျှပင် အသံမထွက်တော့ဘဲ

မျက်လုံးကြီးပြူးထွက်ပြီး သွေးများပန်းထွက်ကာ မြေပေါ်သို့

ကျသွားလေတော့၏။

နောက်ထပ်ကုလားများလည်း သွေးပျက်၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေရာဆီသို့ သေမှာကြောက်၍ ထွက်ပြေးကြကုန်၏။

"အား . . . ဘား . . . ဘား"

ဟုဆိုသောအသံကြားရသဖြင့် လှိုင်ဘွား အပေါ်သို့ မော့ကြည့်လိုက်ရာ ချစ်တီးကုလားဆာမိမှာ ကြောက်ဒူးတုန်နေသည်ကို တွေ့လိုက်ရလေ၏။

ချစ်တီးကုလားလည်း လွန်စွာမှ တထိတ်တလန့်ဖြစ်ကာ အိမ်ထဲသို့ ဝင်ပြေးတော့မည်အပြုတွင် လှိုင်ဘွားက လျင်မြန်စွာ ခါးကြားတွင်ထိုးထည့်ထားသော သေနတ်ကို ထုတ်၍ . . .

"ဒိုင်း"

ဟု တစ်ချက်ပစ်လိုက်ရာ ချစ်တီးကုလားဆာမိ လက်မောင်းတည့်တည့်ကို ထိမှန်သွားလေ၏။

"အား"

ဟုဆိုကာ ချစ်တီးကုလားသည် ၎င်း၏လက်မောင်းကို တခြားလက်နဲ့ဖိလိုက်၏။ ထို့နောက် လှိုင်ဘွားသည် ၎င်း





၏ ပြောင်နေသော နောက်စေ့သို့ အသေအချာချိန်၍ . . .

"ဒိုင်း . . . ဒိုင်း"

ဟူသော ကျည်ဆံနှစ်တောင့်ကုန်အောင် ပစ်လိုက်ရာ ချစ်တီးကုလားဆာမိမှာ ဝရန်တာပေါ်မှ နောက်ပြန်၍ အောက်သို့ပြုတ်ကျကာ အသက်ထွက်သွားလေတော့၏။

လှိုင်ဘွားလည်း ၎င်း၏သေနတ်ကိုကြည့်၍ ပြုံးလိုက်ပြန်၏။ ထို့နောက် အားရပါးရ ရယ်လိုက်ပြီးနောက် . .

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ချစ်တီးကုလားဆာမိကို အဲဒီလိုမျိုး သေနတ်နဲ့ သေအောင်ပစ်သတ်ရမယ်"

ဟုဆိုကာ ပြောပြီး သေနတ်ကို ကုတ်အင်္ကျီထဲသို့ ထည့်ကာ စဉ်းစားတွေးတော၍ သောကြာရွာရှိ ချစ်တီးကုလားဆာမိအိမ်သို့ လှိုင်ဘွား ထွက်ခဲ့လေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၅ ]

"မလှမွန်ရေ . . . မင်းအတွက် ငါ ချစ်တီးကုလားကို သတ်ဖို့ သူ့ဆီကို ငါသွားပြီဟေ့"

ဟုဆိုကာ ရေတွင်းကြီးကိုကြည့်၍ လှိုင်ဘွား မြော အာ သောကြာရွာကလေးသို့ ထွက်ခဲ့လေ၏။

သောကြာရွာ၏ ရွာထိပ်သို့ရောက်သည့်အခါ ဇရပ် တစ်ခုကို တွေ့ရပြန်၏။ ထိုဇရပ်ပေါ်သို့ လှိုင်ဘွားအမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ လူတစ်ယောက် ပက်လက်လန်ပြီးလဲနေသည်ကို တွေ့လိုက်ရလေ၏။

ထိုလူ၏တစ်ကိုယ်လုံးလည်း သွေးသံရဲရဲနှင့် မြင်မကောင်း ရှုမကောင်းစွာ တွေ့လိုက်ရ၏။ ထို့ကြောင့် လှိုင်ဘွားလည်း ၎င်းအား မည်သူမည်ဝါဖြစ်နိုင်သည်ကို သိလိုသော စိတ်ဆန္ဒက အောင့်အည်းမနေနိုင်အောင်ဖြစ်မိ၍ ဇရပ်ပေါ်သို့ တက်ကြည့်ရာ . . .

"အလိုလေးဗျာ"

ဟု လှိုင်ဘွား အလန့်တကြားဖြစ်သွားမိလေတော့၏။

ထိုလူသည်ကား တခြားလူမဟုတ်။ မျက်လုံးတစ်ဖက်ကန်းနေသော စံထူးပင်ဖြစ်လို့နေလေ၏။ ၎င်းသည် အသက်လုံးဝမရှိတော့ချေ။

မျက်လုံးတစ်ဖက်ကန်းနေ၍ ကျန်မျက်လုံးတစ်ဖက်က ပြူး၍ ၎င်းကိုစိုက်ကြည့်နေသလိုမျိုးဖြစ်နေ၍ လှိုင်





ဘွားမှာ ထိုဇရပ်ပေါ်တွင် နေရန် မသင့်တော့သဖြင့် ပြေးဆင်းလာခဲ့ရလေတော့၏။

"စံထူး သေတာ . . . စံထူးသေတာ . . . ယဉ်ယဉ့်လက်ချက်နဲ့ သေတာများလား။ ဒါဆို ယဉ်ယဉ် ဘယ်ရောက်နေလဲ"

ဟု လှိုင်ဘွား ဇရပ်ပေါ်မှ ပြေးဆင်းလာပြီး လမ်းတစ်နေရာရောက်သည့်အခါ တွေးမိနေစဉ် . . .

"အကြော်စုံ ပူပူလေး"

ဟုဆိုသောအသံကို ကြားလိုက်ရသဖြင့် လှိုင်ဘွား ကြက်သီးများပင် ထသွားလို့နေလေတော့၏။

ထို့နောက် အသံရှိရာသို့ ရှာဖွေသော်လည်း မတွေ့။ ထပ်မံရှာဖွေသော်လည်း ထပ်မံမတွေ့ရ။

"အင်း . . . ငါများ စိတ်ထင်နေလို့ပဲလား"

ဟု တွေးတောမိပြန်၏။ ထိုအချိန်၌ . . .

"အကြော်စုံ ပူပူလေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြားရပြန်ရာ . . .

"အလိုလေးဗျာ . . . ကြားရပြန်ပြီ။ အစုဟာက ငါ စိတ်ထင်နေလို့ မဟုတ်နိုင်ဘူး။ တကယ်ကြားရတာ"

ဟု ဆိုလိုက်ပြန်၏။

"အကြော်စုံ ပူပူလေး"

ဟု ကြားလိုက်ရသဖြင့် လှိုင်ဘွားလည်း ဖတ်ခနဲ ကြည့်လိုက်ရာ ရွာလမ်းအကွေ့ထဲသို့ ချိုးဝင်ဝင်သော ယဉ်ယဉ်အား အကြော်ဘန်းရွက်ပြီး . . .

"အကြော်စုံပူပူလေး"

ဟု အော်သွားလေ၏။

"ဟေ့ . . . အကြော်သည် . . . လာဦး . . . လာဦး"

ဟု အော်ခေါ်၍ လှိုင်ဘွား ပြေးလိုက်သွားလေတော့၏။

"ဟာ"

ဟု လှိုင်ဘွား ထူးဆန်းသွား၏။





ယဉ်ယဉ် အကြော်ဘန်းလေးရွက်ကာ ချိုးဝင်သွားသောနေရာကို ရောက်သည့်အခါ ယဉ်ယဉ့်ကို မတွေ့လိုက်ရဘဲ လွန်စွာမှထူးဆန်းသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် မျက်လုံးများပင် မယုံနိုင်လောက်အောင် ဖြစ်သွားရလေတော့၏။

လှိုင်ဘွား တွေ့လိုက်ရသည့်မြင်ကွင်းသည်ကား သချိုင်းကုန်းကြီးပင် ဖြစ်လို့နေလေတော့၏။

"ဘယ်လိုက ဘယ်လိုကြောင့် ငါ . . . ငါ . . . သချိုင်းကုန်းထဲကို ရောက်နေရတာလဲ။ ဒါဆိုရင် ယဉ်ယဉ်ကရော ဘယ်ရောက်သွားလဲ . . . ဟိုက်"

ဟုဆိုကာ လှိုင်ဘွား သည်းထိတ်ရင်ဖိုဖြစ်သွားလေတော့၏။

လှိုင်ဘွားသည် ယဉ်ယဉ်နောက်သို့လိုက်၏။ ယဉ်ယဉ်သည် "အကြော်စုံ ပူပူလေး" ဟုအော်ရင်း ရွာလမ်းကွေ့ထဲသို့ ချိုးဝင်သွားသဖြင့် ၎င်းက အကြော်စုံလာဦး ဟုခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်အကြော်ဘန်းရွက်၍ ဝင်သွားသော ရွာလမ်းကွေ့ထဲသို့ ကွေ့ဝင်လိုက်ရင်း သချိုင်းကုန်းထဲသို့ ရောက်သွား၏။ ထိုသချိုင်းကုန်တစ်နေရာတွင် . . .

ကွယ်လွန်သူ
မလှမွန်
အသက် (၂၀) နှစ်

ဟူသော မြေပုံနှင့် လက်ဝါကပ်တိုင်မှစာကို တွေ့လိုက်ရပြန်၏။ ထိုမှတစ်ဆင့် နောက်ထပ်မြေပုံတစ်ခုကို တွေ့လိုက်ရပြန်ရာ . . .

"အလိုလေးဗျာ"

ဟု လှိုင်ဘွား ဒုတိယအကြိမ် အံ့သြရပြန်၏။ ထိုအရာသည်ကား . . .





ကွယ်လွန်သူ
မယဉ်ယဉ်
အသက် (၁၆) နှစ်

ဟူ၍ဖြစ်လေတော့၏။

လှိုင်ဘွားလည်း လွန်စွာမှ သွေးပျက်၍ လွန်စွာမှင် တုန်လှုပ်ချောက်ချားသွား၏။

"အင်း . . . ဒီနေရာမှာ ဆက်နေလို့မသင့်တော့ဘူးင်တယ်"

ဟုဆိုကာ လှိုင်ဘွားလည်း တွေးကာ ထွက်လာခဲ့လေ၏။

"အကြော်စုံပူပူလေး"

ဟု ယဉ်ယဉ်၏အသံကို ထပ်မံကြားလိုက်ရသဖြင့် ကြက်သီးများထသွားပြန်၏။

လှိုင်ဘွားသည် သချိုင်းကုန်းမှ ရွာလမ်းသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ဝင်းအားကျောပေး၍ ရှေ့တည့်တည့်ကို ပြေးနေသော အဝါရောင်ဝတ်စုံဝတ်ထားသည့် မလှမွန်ကို တွေ့လိုက်ရသဖြင့် တထိတ်တလန့်ဖြစ်သွားကာ ရှေ့သို့သွားမည့် ခြေလှမ်းများ တုံ့ခနဲရပ်ဆိုင်းသွားလေ၏။

ထိုသို့ခြေလှမ်းများ ရပ်၍နေရင်းက မလှမွန်အား သေချာစွာကြည့်နေရင်းက . . .

"အလိုလေးဗျာ . . . မလှမွန်ပျောက်သွားပြန်ပြီ"

ဟုဆိုကာ ကြက်သီးများ ထသွားလေ၏။

"မလှမွန် . . . မင်းအတွက် ငါ . . . ဟိုမသာတွေကို သွားသတ်မှာကွ။ မင်းက ဘာလို့ ရှေ့ကသွားနေတာလဲ"

ဟု ပြောလိုက်ရာ . . .

"မဖြစ်သေးပါဘူး . . . ငါ စိတ်ထင်လို့များလား တကယ်ဆို မလှမွန်ကို ထပ်တွေ့ရမှာ"

ဟုဆိုကာ လှိုင်ဘွားလည်း ခပ်ကြောင်ကြောင် ဖြစ်သွားရပြန်၏။

●——ရှေ့သော——●



လှိုင်ဘွားလည်း ဟိုကြည့် ဒီကြည့်လုပ်နေပြန်၏။ မလှမွန်ကိုများ ထပ်တွေ့နေမလားလို့ စိတ်ထဲမှာထင်ကာ ကြည့်နေမိ၏။

"အင်း . . . မဖြစ်သေးပါဘူး။ ငါ့လိုရင်းပျောက်သွားဦးမယ်"

ဟု သတိပြန်ဝင်ကာ ချစ်တီးကုလားဆာမိအိမ်ဘက်သို့ ထွက်လာခဲ့ရလေတော့၏။

"ဟော့ကောင် . . . ဆာမိ"

ဟု လှိုင်ဘွား ဆာမိအိမ်ရှေ့သို့ရောက်သည်နှင့် ခေါ်လိုက်ရာ စကားဆုံးခင်မှာပဲ လွန်စွာမှ ထူးဆန်းအံ့ဩသွားလေတော့၏။

"အလိုလေးဗျာ . . . ဘယ်လိုဖြစ်နေကြတာလဲ"

ဟု နှုတ်မှ ခပ်တိုးတိုး ထွက်လာ၏။

လှိုင်ဘွား ချစ်တီးကုလားအိမ်ရှေ့တွင် လွန်စွာမှ ထူးဆန်းသောမြင်ကွင်းသည်ကား . . .

●——ရှေ့သော——●

www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးကုလားဆာမိ၏တပည့်များ အိမ်ရှေ့တွင် အတုံးအရုံးသေပွဲဝင်နေသည်ကိုလည်းကောင်း၊ ချစ်တီး ကုလားဆာမိမှာ ဝရန်တာပေါ်မှ နောက်ပြန်ပြုတ်ကျ၍ အောက်သို့ပြုတ်ကျကာ အသက်ထွက်နေသောသဏ္ဍာန် တွေကို လှိုင်ဘွား ထူးဆန်းစွာ တွေ့လိုက်ရလေတော့၏။

"ဘယ်များလဲ။ ငါ့စိတ်ကူးထဲမှာ ချစ်တီးကုလား ဆာမိကို သတ်ချင်တဲ့ပုံစံမျိုးတွေနဲ့ သူတို့ သေနေကြပါလား"

ဟု လှိုင်ဘွား တွေးမိလေ၏။ ထိုအချိန်၌ . . .

"အကြော်စုံပူပူလေး"

ဟူ၍လည်းကောင်း . . .

"ယဉ်ယဉ့်ကို မတွေ့ဘူးလား"

ဟူ၍လည်းကောင်း . . .

"အမေရေ လာပါဦး။ အမေရေ လာပါဦး"

ဟူ၍လည်းကောင်း . . .

အဝါရောင်ဝတ်စုံဝတ်ထားသည့် မိန်းကလေး





သည် လည်းကောင်း။

ချစ်တီးကုလားဆာမိနှင့် ၎င်း၏တပည့်များသည် လည်းကောင်း။

လှိုင်ဘွားသည် လွန်စွာမှ စိတ်ချောက်သွားသဖြင့် စိတ်ထဲ၌တွင်လည်း လွန်စွာမှ မွန်းကြပ်မှုများဖြစ်လာကာ . .

"အား"

ဟုဆိုကာ အသံနက်ကြီးနှင့် အားရပါးရအော်လိုက် လေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

"အား"

ဟုဆိုကာ လှိုင်ဘွား အော်ဟစ်လိုက်လေတော့၏။

"ဟော . . . သတိရလာပြီ"

ဟူသောအသံကြောင့် လှိုင်ဘွား အားယူ၍ မျက်လုံးအစုံကို ဖွင့်လိုက်ရာ အမြင်အာရုံတို့မှာ မှုန်ဝါးဝါးဖြစ်နေ၏။

ရွှေဆော

www.burmeseclassic.com

www.burmeseclassic.com



ထို့ဒနောက် မျက်လုံးကို ဖွင့်လိုက်ပြီး အားယူ၍ထလိုက်ရာ . .

"အား . . . မူးလိုက်တာ . . . မူးလိုကတာ"

ဟုဆိုကာ ပြန်လဲကျသွား၏။ ထိုအခါ . . .

"မထနဲ့ဦးလေ"

ဟုဆိုသောအသံကို ကြားရ၏။ နာခေါင်းထဲတွင်လည်း ဆေးနံ့တွေရလို့။

"ငါ . . . ငါ . . . ဆေးရုံပေါ်ရောက်နေတာများလား။ ငါ ဘာကြောင့်ဆေးရုံပေါ် ရောက်နေရတာလဲ"

ဟု တွေးတောမိပြန်၏။

သိလိုစိတ်က ထိပ်ဆုံးသို့ ရောက်နေသဖြင့် လှိုင်ဘွားသည် မျက်လုံးကို အားယူ၍ဖွင့်လိုက်၏။ ထိုအခါ အာခေါင်များ ခြောက်လာသဖြင့် . . .

"ရေ . . . ရေ . . . ရေ . . . ရေပေးပါ"

ဟု မျက်လုံးကိုပြန်ပိတ်၍ ရေတောင်းလိုက်မိလေ၏။

ရွှေငသော



များမကြာမီ ၎င်း၏နှုတ်ခမ်းပေါ်သို့ ရေတစ်စက်တစ်စက် ကျလာ၏။ နှုတ်ခမ်းမှတစ်ဆင့် ဝမ်းထဲသို့ကျပြန်ရာ ထိုတစ်စက် တစ်စက်ရေကြောင့် အနည်းငယ် ရေငတ်ပြေသွားသလို ခံစားရပြန်၏။

"ကျွန်တော် . . . ကျွန်တော် . . . ကျွန်တော် . . . ဘယ်ရောက်နေတာလဲ"

ဟု မျက်လုံးဖွင့်ကာ အမြင်အာရုံပြတ်သားစွာ တွေ့လိုက်ရသော်လည်း ၎င်းမြင်လိုက်ရသည့်မြင်ကွင်းမှ လူအချို့ကို တွေ့လိုက်ရ၏။ ထိုလူများသည်လည်း လှိုင်ဘွား တစ်ခါဖူးမျှမတွေ့မမြင်ဘူးသော လူစိမ်းများပင်ဖြစ်လို့နေလေတော့၏။

"ဆရာ . . . ဆေးရုံရောက်နေတာလေ"

ဟု အသံကြားလိုက်ရသဖြင့် လှိုင်ဘွား နားမလည်သလိုဖြစ်သွားလေတော့၏။

"သတိရလာပြီလား"

ရွှေငသော

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသောအသံကို ကြားရ၏။ ထိုအသံရှင်သည် လှိုင်ဘွားနှင့် လွန်စွာမှ ရင်းနီးသော အသံဖြစ်၏။ ထို့ကြောင့် လှိုင်ဘွားက ထိုအသံရှင်သို့ကြည့်လိုက်ပြီး ပြုံးပြလိုက်လေတော့၏။

"ကိုကို သတိရလာပြီလား"

ဟု ရင်ထဲအေးမြသွားအောင် ပြောလိုက်သည့် စကားကြောင့် လှိုင်ဘွား ခေါင်းညိတ်လိုက်မိ၏။ ထို့နောက်

"အေး . . . ကိုကို ဘာလို့ဆေးရုံပေါ်ကို ရောက်နေတာလဲ"

ဟု လှိုင်ဘွားက မေးလိုက်လေ၏။

"ကိုကို ချောက်ထဲကျပြီး သတိလစ်နေတာ။ တွေ့တဲ့လူတွေက အကြောင်းကြားလို့ သွားကြည့်ပြီး ဆေးရုံတင်လိုက်တာ။ ကိုကို ဆေးရုံပေါ်မှာ ၅ ရက်လောက် သတိမရဘူး"

ဟု အေးဆိုသောမိန်းကလေးက ပြောလိုက်ရာ



လှိုင်ဘွားမှာ လွန်စွာမှ အံ့သြသွားလေတော့၏။

"ဒေါက်တာ . . . ပိုက်တွေဖြုတ်လို့ရပြီလား"

"သြော် . . . အေး . . . အေး . . . ဖြုတ်လို့ရပါပြီကွယ်"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်၏။

ထိုအခါကျမှ လှိုင်ဘွားလည်း ၎င်းအား ဆေးပိုက်များ လက်တွင်သွင်းထားသည်ကို သတိပြုမိလေတော့၏။

"ကိုကိုရယ် အေးဖြင့် အခုမှပဲ စိတ်အေးရတော့တယ်"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်ရာ လှိုင်ဘွားမှာ ၎င်း၏မျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ လွန်စွာမှ ကြည်နူးလို့နေလေတော့၏။

"ဆရာ့ကို ကျွန်တော် သေပြီလို့ထင်နေတာ။ ကြားကြားချင်း ကျွန်တော်ရယ်၊ ဦးလှဖေရယ် သွားကြတာ"

ဟု လှိုင်ဘွား ဆေးရုံကဆင်းပြီး (၂)ရက်မြောက်နေ့မှာ လှိုင်ဘွား၏တပည့်ဝင်းအောင် ပြောလိုက်လေ၏။

www.burmeseclassic.com



လှိုင်ဘွားမှာ တစ်စုံတစ်ရာပြန်မပြောဘဲ ဝင်းအောင်၏စကားတွေကိုသာ နားထောင်လို့နေလေ၏။

"ပြီးတော့ ဆရာ တော်တော်နဲ့ကို သတိမရဘူးဗျ။ အဲဒီအခါမှာ ဆရာ့ချစ်သူ ဒေါက်တာမလေး မနွယ်နွယ်အေး အတော့်ကို စိတ်ပူပြီး သူကိုယ်တိုင် ကုတာဗျ . . . သိလား"

ဟု ဝင်းအောင်က ဆက်ပြောလေ၏။

"အဲဒီနေ့က ဆရာကြိုက်တတ်တဲ့ ဝက်သားနဲ့ ပုန်းရည်ကြီးကို ကျွန်တော် ရှယ်ချက်နေတာ။ ကျွန်တော် ထမင်းဟင်းချက်နေချိန်မှာ ဆရာ အလုပ်စားပွဲမှာ ပုံစံထုတ်နေတာ ကျွန်တော်တွေ့တယ်။ ချက်ပြုတ်လို့လည်း ပြီးရော ထမင်းစားဖို့ ကျွန်တော်လာခေါ်တော့ ဆရာ မရှိတော့ဘူးဗျ။ အပြင်တွေ ဘာတွေတောင် ထွက်ကြည့်လိုက်သေးတယ်။ မတွေ့ဘူး။ ကျွန်တော်ကတော့ စိတ်ထဲမှာ ဒေါက်တာ့ကို ထမင်းစားဖို့ သွားခေါ်တာလို့ ထင်နေတာ"

ဟု ဝင်းအောင်က ပြောလိုက်လေ၏။

ရွှေပေအောသာ



"အေးကွာ . . . ငါလည်း ဘာရယ်မဟုတ်ဘူး။ ဒီဇိုင်းဆွဲနေရင်း ညောင်းလာတာနဲ့ အပြင်ထွက်ပြီး ဟိုနား ဒီနား လမ်းလျှောက်ထွက်ခဲ့တာကွ။

အဲဒီလို လမ်းလျှောက်ထွက်ရင်း တောင်ကုန်းလေး တစ်ခု သွားတွေ့တယ်။ ငါလည်း ဘာရယ်လို့တော့မဟုတ်ပါဘူးကွာ။ အဲဒီတောင်ကုန်းလေးပေါ်တက်ချင်တဲ့စိတ်ရှိတာနဲ့ တက်သွားတာ။ တောင်ကုန်းလေး မရောက်ခင် ကျောက်တုံးလေးတစ်တုံးကို နင်းမိလိုက်တာ ခြေချော်ပြီး ခြေလွတ်၊ လက်လွတ်ဖြစ်ပြီးတော့ ဘေးက ချောက်ထဲကို ပြုတ်ကျသွားတာတော့ မှတ်မိလိုက်တယ်။ နောက် ဘာနဲ့ခိုက်မိမှန်း မသိဘူး။ ခေါင်းကို ထိလိုက်တာနဲ့ မေ့သွားတာပဲကွ"

ဟု လှိုင်ဘွားက ပြောလိုက်လေတော့၏။

"ကျွန်တော်လည်း ဆရာ့ကို တော်တော်နဲ့ ပေါ်မလာသေးတာနဲ့ အပြင်ထွက်ပြီး စောင့်နေတာ။ အဲဒီအချိန်မှာ အဘဦးလှဖေကလည်း ဆရာ့အတွက် နွားနို့လာပို့တဲ့

ရွှေပေအောသာ

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေါ့။ အဘဦးလှဖေရောက်လို့ မကြာပါဘူး။ ဆရာ ချောက်ထဲမှာ ပြုတ်ကျနေတာလည်းသိရော ကျွန်တော်နဲ့ အဘဦးလှဖေတို့ ချက်ချင်းသွားပြီး ချောက်ထဲကနေ ဆေးရုံ ကို ပို့လိုက်ကြတာ"

ဟု ဝင်းအောင်က ပြောလိုက်ရာ . . .

"ဟင်း . . . ငါ ချောက်ထဲကျသွားတာကို တွေ့တဲ့လူ ကို တွေ့ချင်လိုက်တာကွာ။ ငါ ကျေးဇူးဆပ်ချင်လို့ပါ။ သူတို့ က ဘယ်သူတွေလဲ"

ဟု လှိုင်ဘွားက ဝင်းအောင်အား မေးလိုက်ရာ . . .

"ဆရာ ချောက်ထဲကျတာကို သိလို့လာပြောတဲ့သူ တွေကမိန်းကလေးနှစ်ယောက်ဗျ။ တစ်ယောက်က အကြော် ဘန်းလေးရွက်လို့၊ တစ်ယောက်ကတော့ အဝါရောင်ဝတ်စုံ ကို ဝတ်ထားတာ"

ဟု ပြောလိုက်ရာ . . .

"ဘယ်လို . . . ဘယ်လိုကွ ပြန်ပြောစမ်း"

●———ရှေ့ဆောင်———●



ဟု လှိုင်ဘွား အထိတ်တလန့်ဖြစ်ကာ ဝင်းအောင် ၏ ပခုံးကို လှုပ်ခါ၍ မေးလိုက်လေ၏။

"ဆရာ . . . ဆရာ . . . ဘာဖြစ်တာလဲ . . . ဘာဖြစ် တာလဲ"

ဟု ဝင်းအောင်ကလည်း ခပ်ကြောင်ကြောင်ဖြစ် သွား၍ မေးလိုက်ရာ . . .

"ဩော် . . . အေး . . . အေး . . . ဆောရီးကွာ . . . ဆောရီး"

ဟု သတိအသိပြန်ဝင်ကာ လှိုင်ဘွားက ဝင်းအောင် အား တောင်းပန်လိုက်လေ၏။

"အကြော်ဘန်းရွက်ထားတဲ့ ကောင်မလေးရယ်၊ အဝါရောင်ဝတ်စုံ ဝတ်ထားတဲ့ ကောင်မလေးရယ်"

ဟု ဝင်းအောင်က ပြောလိုက်ရာ . . .

"သူတို့က ဘယ်သူတွေလဲ။ ဘယ်ကလဲ"

ဟု လှိုင်ဘွားက သိချင်ဇောဖြင့် မေးလိုက်လေ၏။

●———ရှေ့ဆောင်———●

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ဘယ်ဝါဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ သူတို့နှစ်ယောက် လာပြောတဲ့အခါမှာ ကျွန်တော် လည်း ဆရာ့အတွက် အလွန်စိုးရိမ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ။ အဘဦးလုဖေက လာသွားမယ်ဆိုတော့မှ သူ့ နောက်ကို လိုက်သွားရတာ။ ကျွန်တော်လည်း အခုမှ သူတို့ နှစ်ယောက်ကို သတိရတော့တယ်။ သူတို့ကိုတော့ အဘ ဦးလုဖေကတော့ သိမလား မပြောတတ်ဘူး"

ဟု ဝင်းအောင်က ပြောလိုက်လေ၏။

"အကြော်စုံပူပူလေး"

"အမေရေ လာကြည့်ပါဦး။ အမေရေ လာကြည့်ပါ ဦး"

"ယဉ်ယဉ့်ကို မတွေ့မိဘူးလား"

"အဝါရောင်ဝတ်စုံနှင့်မိန်းကလေး"

"ချစ်တီးကုလားဆာမိ"

ဟူသော တွေးလိုလို အိပ်မက်လိုလို လျှို့ဝှက်ဆန်း





ကြယ် ထူးဆန်းအံ့ဩဖွယ်များကို လှိုင်ဘွား တစ်စစီ တစ်စ စီ ရုပ်ရှင်ကြည့်ရသလို ပေါ်လာလေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

"ဆရာလေးပြောပုံအရဆိုရင်တော့ အတော့်ကို ထူးဆန်းနေတာပဲဗျာ"

ဟု ဦးလှဖေက ပြောလိုက်လေ၏။ ဦးလှဖေဆိုသူသည် လှိုင်ဘွားတို့ ရောက်နေသည့်အရပ်ဒေသ၏ နယ်မြေခံ တစ်ယောက်ဖြစ်၏။

"ဒါဆို . . . ကိုကို သတိမေ့နေတဲ့အချိန်မှာ ဘာတို့



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သွားတွေ့နေတာပေါ့နော်"

ဟု ဒေါက်တာနွယ်နွယ်အေးက မေးလိုက်ရာ . . .

"ဟုတ်တယ် အေးရဲ့၊ ကိုကိုလည်း ဒါမျိုးတွေ အယုံအကြည်မရှိဘူးဆိုတာ အေးလည်း သိသားနဲ့"

ဟု လှိုင်ဘွားက ပြောလိုက်ပြန်၏။

"ဒါဆို . . . ဆရာချောက်ထဲပြုတ်ကျတာကို လာပြောတဲ့ အကြော်သည်မလေး ယဉ်ယဉ်ရယ်၊ ရေတွင်းထဲပြုတ်ကျပြီး ကိုယ့်ကိုကိုယ်သတ်သေသွားတဲ့ မလှမွန်တို့ဟာ သရဲမတွေပေါ့နော်"

ဟု ဝင်းအောင်က မျက်စိပျက်မျက်နှာပျက်၍ သွေးပျက်နေရင်း မေးလိုက်လေ၏။

"ဟုတ်တယ်လို့ ပြောလို့တော့ မရသေးဘူး"

ဟု လှိုင်ဘွားက ပြောလိုက်ရာ . . .

"ဆရာ . . . ဆရာ . . . ညညာ ကျွန်တော့်ကို တစ်ယောက်တည်းထားပြီး ဘယ်မှမသွားပါနဲ့နော်။ ကျွန်တော်





သရဲကြောက်လို့ပါ"

ဟု ဝင်းအောင်က လှိုင်ဘွားအနားသို့ကပ်၍ ပြောလိုက်သဖြင့် အားလုံးက ဝိုင်းရယ်ကြလေတော့၏။

"အဲဒီလောက်လဲ သွေးမပျက်နေပါနဲ့ ဝင်းအောင်ရာ၊ ဒါနဲ့ ပြောရဦးမယ် ဆရာလေးရေ၊ ဆရာလေးပြောတဲ့ သောကြာရွာဆိုတာတော့ တကယ်ရှိတယ်"

ဟု ဦးလှဖေက ပြောလိုက်ရာ . . .

"ဗျာ . . . တကယ်ရှိတယ် ဟုတ်လား။ ဒါဆိုရင် မလှမွန်တို့၊ ယဉ်ယဉ်တို့၊ မျက်စိတစ်ဖက်ကန်းနေတဲ့ စံထူးတို့၊ ချစ်တီးကုလားတို့ကရော တကယ်ရှိမှာပေါ့နော်"

ဟု လှိုင်ဘွားက အထိတ်တလန့်နှင့် မေးလိုက်လေ၏။

"သူတို့တွေတော့ ရှိတယ် မရှိဘူးဆိုတာတော့ ကျုပ်လည်း သေချာမသိဘူး။ ကျုပ်တို့အဖေ၊ အမေတို့ပြောကြတာတော့ သောကြာရွာဆိုတာ တကယ်ရှိခဲ့ဖူးတဲ့ရွာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးလှဖေက ပြောလိုက်ရာ ဒေါက်တာနွယ်နွယ်အေးက . . .

"ဒါဆို . . . သောကြာရွာက အခု ဘယ်ရောက်သွားလဲဟင် အဘ"

ဟု မေးလိုက်လေ၏။

"ကျုပ်တို့အဖေတွေ ပြောတာ ကြားဖူးတာကတော့ သောကြာရွာဟာ သရဲသိပ်ချောက်တာတဲ့။ ဒါကြောင့် ရွာသူရွာသားတွေ မနေရဲတော့ဘဲ ရွာလုံးကျွတ်ပြောင်းပြေးကြတာတဲ့။ အဲဒီလိုမျိုးတော့ ကြားဖူးတယ်"

ဟု ဦးလှဖေက ပြောလိုက်ရာ . . .

"ဒါဆိုရွှေသိန်းစေတီကရော . . ."

ဟု လှိုင်ဘွားက မေးလိုက်ပြန်၏။

"ဆရာလေး စောစောကပြောတဲ့အရဆိုရင်တော့ အရှေ့ဘက် အဝေးပြေးလမ်းမကြီးဘေးမှာတော့ ရှေးဟောင်းစေတီပျက်တစ်ဆူတော့ရှိတယ်။ ဘွဲ့နာမည်ကတော့ ရွှေသိန်း





စေတီ ဟုတ် မဟုတ်တော့မသိဘူး။ ပြီးတော့ အလွန်ထူးဆန်းတယ်ဆိုတာတော့ ကြားဖူးတယ်။ အချို့ကလည်း အဲဒီစေတီပျက်အနားကို မသွားရဲကြဘူးတဲ့"

ဟု ဦးလှဖေက ပြောလိုက်စဉ် ဝင်းအောင်က . . .

"ဘာဖြစ်လို့ မသွားရဲတာလဲ အဘ"

ဟု မေးလိုက်လေ၏။

"သရဲခြောက်တယ်။ နယ်မြေကြမ်းတယ်ဆိုကြတယ်။ ကျုပ်တို့လည်း အဝေးကနေ ကြည့်မိတယ်။ အနားကိုတော့ ဒီအသက်အရွယ်ထိ တစ်ခါမှ မရောက်ဖူးဘူး။ ပြီးတော့ နွားကျောင်းသားလေးတွေကတော့ နွားကျောင်းရင်း အဲဒီစေတီပျက်အနားမှာ ရသေ့ကြီးတစ်ပါးကို တွေ့ရတယ်လို့ ပြောကြတယ်"

ဟု ဦးလှဖေက ပြောလိုက်ရာ . . .

"ဗျာ . . . ရသေ့ကြီးတစ်ပါး ဟုတ်လား"

ဟု လှိုင်ဘွားက မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဆရာလေးရေ။ အဲဒီရသေ့ကြီးက လည်း သိပ်ကိုထူးဆန်းတာပဲ"

ဟု ဦးလှဖေက ပြောလိုက်ရာ ဒေါက်တာနွယ်နွယ် အေးက . . .

"ဘယ်လိုထူးဆန်းတာလဲ ပြောပါဦး အဘရဲ့"

ဟု မေးလိုက်လေ၏။

"အဲဒီစေတီအပျက်နားမှာ ထင်းခွေသွားတဲ့လူတွေ၊ နွားသွားကျောင်းတဲ့ လူတွေ ပြောချက်အရဆိုရင်တော့ ရသေ့ကြီးဟာ မြွေတွေနဲ့အတူ တရားထိုင်နေတာတို့၊ မြွေ တွေနဲ့စကားပြောနေတာတို့ တွေ့ကြရတယ်ဆိုပဲ။ တစ်ခါ တစ်ရံ လပြည့်ညတွေမှာ အဲဒီစေတီအပျက်မှာ ကြေးစည် ထု သံကြားရတယ်။

တစ်ခါကလည်း ရွာသားတစ်ယောက်နဲ့ သိုက် ဆရာတစ်ယောက် အဲဒီကိုသွားတာ ရသေ့ကြီးက ကြိမ်လုံး နဲ့ လိုက်ရိုက်လို့ သိုက်ဆရာ ပွဲချင်းပြီးသွားပြီး၊ ရွာသားက





တော့ ရသေ့ကြီးရိုက်တယ် . . . ရသေ့ကြီးရိုက်တယ်ဆိုပြီး သွက်သွက်ခါအောင် ရူးသွားတယ်ဆိုပဲ"

ဟု ဦးလှဖေက ပြောလိုက်လေတော့၏။

"ရသေ့ကြီးဆိုတာ ဘရသေ့များဖြစ်နေမလား"

ဟု လှိုင်ဘွားက ပြောလိုက်ရာ . . .

"ကိုကိုက အဲဒီရသေ့ကြီးကို သိလို့လား"

ဟု ဒေါက်တာနွယ်နွယ်အေးက မေးလိုက်လေ၏။

လှိုင်ဘွားသည် ရွှေသိန်းစေတီတွင် ဘရသေ့နှင့် တွေ့ခဲ့ရပြီး ၎င်းထံတွင် ဘရသေ့က အလှူခံထား၍ မည်သည့်ပစ္စည်းလှူရမည်ကို မိန့်ကြားခြင်းမရှိသေးသည့် အကြောင်းများ . . .

"အေးကွယ် . . . သာဓု . . . သာဓု . . . သာဓုပါကွယ်။ ဘရသေ့အလှူခံမယ့်အရာကို လူလေး တတ်နိုင်ပါတယ် ကွယ်"

"ဘရသေ့ခင်ဗျား . . . တပည့်တော် ဘာဝတ္ထုမှ



www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းရမလဲဆိုတာ အမိန့်ရှိပါ။ တပည့်တော် လှူပါ့မယ်"

"လူလေး လှူရမှာက အခုတော့ မဟုတ်သေးပါဘူး ကွယ်။ လှူသင့် လှူထိုက်တဲ့အချိန်အခါကျရင်တော့ လှူရမှာပေါ့။ အဲဒီအခါကျ ရင်တော့ လူလေးထံကို ဘရသေ့ ကြွခဲ့ပါ့မယ်"

"လူလေး လူလေးရဲ့စိတ်ထဲမှာ ဘာလှူရမှန်းမသိလို့ စိတ်ကသိကအောက်ဖြစ်မသွားပါနဲ့ကွယ်။ ဘရသေ့တောင်းပန်ပါတယ်"

ဟုဆိုကာ လှိုင်ဘွားက ၎င်းတို့အား ပြောလိုက်သဖြင့် လွန်စွာမှ ထူးဆန်းအံ့ဩကုန်လေတော့သတည်း။

× × ×





အခန်း [ ၁၈ ]

"လူလေး"

ဟုခေါ်သံကြားလိုက်ရသဖြင့် လှိုင်ဘွားမှာ လွန်စွာမှ ဝမ်းသာသွားလေတော့၏။

"ဘရသေ့ကို တပည့်တော် မျှော်နေတာ"

ဟု လှိုင်ဘွားက အားရဝမ်းသာနှင့် ပြောလိုက်ရာ

"ဘရသေ့ သိတယ်။ လူလေးမျှော်နေမယ်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အချိန်မတန်သေးလို့ မရောက်တာ။ အခုအချိန် တန်ပြီမို့ လူလေးဆီ အလှူလာခံရတာကွယ့်"

ဟု ပြောလိုက်လေ၏။

"တင်ပါ့ . . . ဘရသေ့စကားဆုံးတာနဲ့ တစ်ပြိုင်တည်း တပည့် အလှူပေးဖို့အသင့်ဖြစ်နေပါပြီ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ဘရသေ့သည် အောက်ပါအကြောင်းအရာများကို လှိုင်ဘွားအား ပြောလိုက်လေတော့၏။

× × ×





•

မြန်မာရှင်ဘုရင်တစ်ပါး နန်းတက်ပြီး (၁၀) နှစ်အကြာ မြန်မာသက္ကရာဇ် ( . . . ) ခုနှစ်တွင် ဘုရားတစ်ဆူ တည်ပြီး ဓာတ်တော်များ၊ အဖိုးတန်ရတနာများကို စေတီအတွင်း၌ ဌာပနာလေ၏။ ထီးတော်တင်ပြီးလျှင် ပိဋကတ်သုံးပုံနှင့်တကွ လယ်ယာမြေများလည်း လှူဒါန်းလေ၏။

မြန်မာရှင်ဘုရင်တစ်ပါးက ၎င်းပြုခဲ့သော ကုသိုလ်အပေါင်းတို့ကို ဖျက်ဆီးသူမှန်သမျှအား အောက်ပါအတိုင်း တိုနီစာရေးထိုးခဲ့လေ၏။

ဤ ငါ၏ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသော



www.burmeseclassic.com

www.burmeseclassic.com



ကို လှူဒါန်းထားသော စေတီဘုရားအား နောင်အခါ၌ လု ယက်ဖျက်ဆီးရစ်သောသူတို့အား ဘုရားသခင်ကို ပစ်မှား သော ဒေဝဒတ်ကဲ့သို့ ကိုယ်ကြီးခြင်း အရက် (၁၀၀) သွား လျှင်ဖြစ်၍ သံတံတိုင်းလေးမျက်နှာ သံဉဖုံးခွက်ချပ်ထလျက် သော ယုဇနာ ၁၀၀ ရှိသော အဝီစိငရဲအတွင်းထဲ၌ အရှေ့ အရပ်သို့ မျက်နှာမူလျက် အရှေ့သံတံတိုင်းမှ ထန်းပင်စည် လောက်ရှိသော သံတံကျင်သည် ရင်လျှင် ဝင်းဝင်း ရောက် ဘီချင်း၍ အနောက်သံတံတိုင်းလျှင် ကန်၏။

တောင်မှ သံတံကျင်းလည်း လက်ယာနံတောင်း ဝင်းဝင်း လက်ဝဲချင်း၍ မြောက်သံတံတိုင်း ကန်၏။ အထက် မှသော သံတံကျင်းလည်း ထိပ်လျှင်ဝင်းဝင်း ဖင်ဝချင်း၍ အောက်သံမြေလျှင် ကန်လျက် ကမ္ဘာတိုင်ခံသကဲ့သို့ ထိုကဲ့ သို့ အဝီစိငရဲ၌ ခံစေသတည်း။

ထိုငရဲမှလွတ်သော်လည်း ငရဲကြီးရှစ်ထပ်၌ ဆက် လက် ခံစားစေသတည်း။ ထိုငရဲမှ လွတ်မြောက်လာသည့်





အခါများတွင်လည်း ငရဲပယ် (၁၆) ထပ်၌ ခံစားစေသတည်း။ ထိုမှတစ်ဆင့် လွတ်မြောက်သည့်အခါ အဘယသူဌေး အလှူခံသော သူဖုန်းစားကို မရှုလို၍ မျက်နှာတဖျင့်တပါးမှ ဘွင့်မှားသော ထိုယောကျ်ားမျက်နှာ တဖျင့်တစ်ပါး မလှစွာ ကြောက်ဖွယ်နှင်သော ဘီလူးပြိတ္တာ ဖြစ်ပါစေသတည်း။

လူပြန်ဖြစ်လည်း ဘုရားဖြစ်ဖြစ် မဖူးစေသတည်း။ ဤလူဖြစ်၌လည်း မင်းသုံးဖမိုက်သကဲ့သို့ ချစ်စွာသော မယား အားနှင့် တဖျင့်တစ်ပါး ကွေကွင်းကြသော်လည်းဖြစ်စေသ ာည်။ မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ မီးဘေးတို့လည်း သင့် စေသတည်း။

ဤလူအဖြစ် တင်းတင်း (၇)စေ့ရှိ အကျိန်ထိုလျှင် သင့်စေသတည်း။ ထိုမှ လွတ်ပြားတုံသောလည်း (၇)လစေ့ အကျိန်ထိုလျှင် ရောက်စေသတည်း။ ထိုမှ ချွတ်ချွတ်လွတ် သော်လည်း (၇)နှစ်ကားအဖြစ် ဓမ္မတာမလွတ်ရာဟု မိန် သော လက်ရုံကြမ္မာစုံ၍ အကိန်ထိုလျှင် ရောက်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသိန်းစေတီတည်ထား ကိုးကွယ်လေတော့၏။ ထို့နောက် ရဟန်းသံဃာတော်များ အာပတ်ဖြေရန်အတွက် သိမ်ဆောက်လှူဒါန်း၏။ ဇရပ်ဆောက်လှူဒါန်း၏။ မုန့်ဦးပြာသာဒ်ပါသော ဆေးပန်းချီခြယ်မှုန်းပြီး လေးမျက်နှာတံတိုင်းအရံလည်း လှူဒါန်း၏။

ဘုရင်မင်းတရားကြီးကိုယ်တိုင် ရေစက်ချလှူဒါန်းခဲ့၏။ ထို့နောက် အထက်ပါအတိုင်း ကျိန်စာကို ကျိန်ဆိုလိုက်လေတော့၏။

"လူလေးရေ . . . အထက်ကပြောခဲ့တာတွေက တော့ ရွှေသိန်းစေတီရဲ့ သမိုင်းပဲကွယ့်"

ဟု ပြောလိုက်ပြီးနောက် ခဏအမောဖြေကာ ဆက်လက်ပြီး . . .

"ရှေးလူကြီးများရဲ့ကုသိုလ်ကောင်းမှု မှန်သမျှ ဖျက်စီးအောင် ပင်မမူလအရိယာပျက်အောင် ဘယ်တော့မှ မလုပ်မိစေနဲ့။ ပြုကျပျက်စီးနေရင်လည်း ကောင်းအောင် ပြု





လည် ပြုပြင်မွမ်းမံကောင်းတယ်။ ရှိပြီးသား ကောင်းနေတဲ့ဟာကို ပိုကောင်းအောင် လုပ်တာမျိုးမဟုတ်ဘဲ အရိယာပျက်ပြားသွားအောင်လုပ်ရင် ကျိန်စာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျိန်စာမပျက်ပြယ်သ၍ တစ်သက်လုံး ခိုက်တတ်တယ်။ အခန့်မသင့်ရင် အသက်တောင် ဆုံးရှုံးတတ်တယ်"

ဟုဆိုကာ ပြောလိုက်လေတော့၏။

"ဘရသေ့ကို တပည့်တော် မေးစရာရှိသေးတယ်"

ဟု လှိုင်ဘွားက ပြောလိုက်ရာ ဘရသေ့က . . .

"လူလေးသိချင်တာကို ဘရသေ့ သိနေပါတယ်။ အဲဒါက ဘာလဲဆိုတော့ ယဉ်ယဉ်တို့၊ မလှမွန်တို့၊ စံထွေးနဲ့ ချစ်တီးကုလားဆာမိတို့တွေနဲ့ ပတ်သက်တာတွေ မဟုတ်လား"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ် ဘရသေ့။ သူတို့တွေက ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"သူတို့တစ်တွေက ကျိန်စာသင့်ခံနေရတဲ့ သရဲတွေပေါ့ကွယ်"

ဟု ဘရသေ့က ပြောလိုက်၏။ ထိုအခါ လှိုင်ဘွားက လွန်စွာမှထိတ်လန့်ဖြစ်သွားကာ . . .

"သူတို့တွေက ကျိန်စာသင့်ခံနေရတဲ့ သရဲတွေ ဟုတ်လား ဘရသေ့"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ် လူလေးရဲ့။ စံထူး၊ ယဉ်ယဉ်၊ မလှမွန်တို့ဟာ ကျိန်စာသင့်ခြင်းကို ခံစားနေရတဲ့ သရဲတွေပါ။ သူတို့အကြောင်းတွေကို လူလေးကို ပြောချင်နေတာ ကြာပါပြီကွယ်။ ပြောဖို့အချိန်က မရောက်သေးဘူး။ အခုတော့ ပြောဖို့အချိန်ရောက်လာလို့ ပြောရပါတော့မယ်"

ဟု ဘရသေ့က လှိုင်ဘွားအား ပြောလိုက်လေ





တော့၏။

"ချစ်တီးကုလားဆာမိနဲ့ သူ့တပည့်တွေ အသေဆိုးနဲ့သေရတာကလည်း ကျိန်စာကြောင့် မြွေပေါက်လို့ သေရတာပဲကွယ့်"

ဟု ဘရသေ့က ပြောလိုက်ရာ . . .

"အို . . . ဖြစ်မှဖြစ်ရလေ"

ဟု လှိုင်ဘွား ကြက်သီးထသွားလေ၏။ ထို့နောက်

"ချစ်တီးကုလားဆာမိတို့က ဘယ့်နဲ့ကြောင့် မြွေပေါက်ခံရပြီး သေရတာလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

"လောဘကြီးလို့ပေါ့ကွယ်။ ချစ်တီးက ပိုက်ဆံရမယ်ဆိုရင် ဘာမဆိုလုပ်ဝံ့သူပဲ။ တစ်နေ့ ချစ်တီးကုလားဆာမိ တပည့်တစ်ယောက် နွားကျောင်းထွက်ရင်း ရွှေသိန်းဘုရားဘက်ကို ရောက်သွားတယ်။

အဲဒီလို ရောက်သွားပြီးတဲ့အခါမှာ ကြွေးပင်အိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်အိုးတွေတာနဲ့ ပန်းတွေကို စွန့်ပစ်ပြီး ကြေးပန်းအိုးတစ်အိုးကို ခိုးယူလာခဲ့တယ်။ ပြီးတော့ ချစ်တီးကုလားဆာမိကို သွားရောင်းတယ်။

ချစ်တီးကုလားကလည်း ဒီကြေးအိုးတွေကို စုပြီး ကျည်ဆံအဖြစ်လုပ်ရောင်းရင် ပိုက်ဆံတွေအများကြီးရမှာပဲဆိုပြီး တွေးမိတဲ့နောက် သူ့တပည့်တွေကို ရွှေသိန်းစေတီက ကြေးနဲ့ပတ်သက်တာတွေ ခိုးခိုင်းတယ်။

ဒါကြောင့် ရွှေသိန်းစေတီစောင့်တဲ့ မြွေတွေပေါက်သတ်လို့ အသေဆုံးနဲ့ သေကြတာပဲ"

ဟု ဘရသေ့က ပြောလိုက်လေတော့၏။

"ဒါဆို . . . ယဉ်ယဉ်တို့၊ စံထူးတို့၊ မလှမွှန်တို့ကလည်း ဘုရားပစ္စည်းတွေ ခိုးလို့ ကျိန်စာသင့်တာပဲလား"

ဟု လှိုင်ဘွားက မေးလိုက်ရာ ဘရသေ့က . . .

"မလှမွှန်သေရတာက ကျိန်စာကြောင့်ဖြစ်ပေမယ့် သူ ဟိုဘဝက ပြုလုပ်ခဲ့တဲ့ဒဏ်ကြောင့် ပြန်ပြီးခံစားရတာ"





ဟု ပြောလိုက်လေ၏။

"ဘယ်လို . . . ဘယ်လို . . . တပည့်တော် နားမရှင်းလို့ ထပ်ပြောပါဦး ဘရသေ့"

ဟု မေးလိုက်ရလေ၏။

"မလှမွှန်ရဲ့အဖြစ်က ဒီလိုကွယ့် . . . ဒီလို"

ဟုဆိုကာ အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၉ ]

သောကြာရွာလေးတွင် ဘမင်းဆိုသူတစ်ယောက် ဖြစ်၏။ ၎င်းသည် အရက်သေစာ သောက်တတ်ပေမယ့် ဘုရား တရားတော့ လွန်စွာကြည်ညိုသူတစ်ဦးဖြစ်၏။ ဘမင်း ဆိုသူဟာ သူကြီးအိမ်က သူရင်းငှားတစ်ဦးဖြစ်သည့် အလျောက် သူကြီး၏ လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးရ သည့် လယ်သမားတစ်ယောက်ဖြစ်ပြန်၏။ ၎င်းတွင် မိတေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မိန်းမတစ်ယောက်ရှိ၏။ သားသမီးတော့ မရှိချေ။ ဘမင်းမိန်းမ မိတေမှာ တောသူပီပီ တောင့်တောင့်တင်းတင်း ဖြစ်၏။ သေချာလှလှပပဝတ်စားထားရင်တော့ ကြည့်ပျော်ရှုပျော်ရှိတဲ့ တောသူညိုချောလေးတစ်ယောက်ဖြစ်၏။

"အဘ . . . လယ်ထဲ ကိုဘမင်းကို ထမင်းသွားပို့မလို့။ ဘာမှာဦးမလဲ"

ဟု မိတေက သူကြီးဦးလုကြိုင်အား တောင်းလေးခေါင်းပေါ်ရွက်ထားပြီး မေးလိုက်လေ၏။

သူကြီးဦးလုကြိုင်က မိတေ၏တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ကြည့်လိုက်ပြီး တံတွေးမျိုချလိုက်ပြီး . . .

"ဘာ . . . ဘာမှမှာစရာမရှိပါဘူးကွယ်။ ဘာမှမရှိပါဘူး"

ဟု မျက်လုံးများကျွတ်ကျမတတ်ကြည့်ကာ ပြောလိုက်လေ၏။

"ဒါဆို ကျွန်မသွားတော့မယ်"



ဟုဆိုကာ မိတေထွက်သွားစဉ် ဦးလုကြိုင်မှာ မိတေ၏နောက်ပိုင်းကိုကြည့်၍ ရင်ခုန်လေတော့၏။

"သူကြီးမင်း ကြည့်လှချည်လား"

ဟု အသံကြားလိုက်ရသဖြင့် မိတေကို လိုက်ကြည့်နေသော သူကြီးဦးလုကြိုင်မှာ လန့်ဖျတ်သွားလေတော့၏။ ထို့နောက် သူကြီးဦးလုကြိုင်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ . . .

"ဟာ . . . မောင်ပိန် . . . မင်း ဘယ်တုန်းက ရောက်နေတာလဲ"

မောင်ပိန်ဆိုသူက သူကြီးဦးလုကြိုင်၏ အလွန်အားကိုးရသော တပည့်တစ်ယောက်ဖြစ်၏။

"ကျွန်တော်ရောက်နေတာ ကြာပြီ။ သူကြီး မိတေရဲ့အလှကို ယစ်မူးနေတာ မဟုတ်လား"

ဟု မောင်ပိန်က ပြောင်မေးလိုက်ရာ သူကြီးလည်း လိမ်စရာအကြောင်းမရှိ၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ"

ဟု မရှက်တမ်းပြောလိုက်လေတော့၏။

"သောကြာရွာရဲ့သူကြီးမင်းပဲဗျာ။ ဘာလုပ်လုပ် တင့်တယ်ပါတယ်"

ဟု မောင်ပိန်က ပြောလိုက်ရာ သူကြီးက . . .

"ပြောစမ်းပါဦး။ ငါက ဘယ်လိုလုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"ဒါများဗျာ . . . ခက်လိုလွန်းလို့။ ဘမင်းကို အပြတ်ရှင်းပြီး မိတေကို သိမ်းပိုက်လိုက်ပေါ့"

ဟု မောင်ပိန်က သူကြီးအနားကို ကပ်၍ပြောလိုက်ရာ . . .

"ဟာ . . . ဖြစ်ပါ့မလား။ ငါက မိတေကို ခဏ . . . ခဏပဲ"

ဟု သူကြီးက ပြောလိုက်ပြန်၏။

"ဒါလည်းလွယ်လွယ်လေးပါ။ ပိုတောင်လွယ်သေး





တယ်"

ဟု မောင်ပိန်က သူကြီးနားတိုး၍ တိုးတိုးလေး ပြောလိုက်လေတော့၏။

× × ×

ညနေစောင်းသည့်အခါ ဘမင်း လယ်ထဲမှ ပြန်လာခဲ့၏။ ရွာအဝင်လမ်းကွေ့သို့ ရောက်သည့်အခါ . . .

"ဟေ့ ဘမင်း . . . ဟေ့ ဘမင်း"

ဟု ခေါ်သံကြားလိုက်ရသဖြင့် ဘမင်း လှည့်ကြည့်လိုက်ရာ မောင်ပိန်ဖြစ်လို့နေလေတော့၏။

"ဘာလဲကွ မောင်ပိန်ရ"

ဟု ဘမင်းက မေးလိုက်ရာ . . .

"ပြန်တော့မလားကွ"

ဟု မောင်ပိန်က မေးလိုက်လေ၏။

"ပြန်မှာပေါ့ကွ။ ညနေပဲစောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဘမင်းက ပြောလိုက်ရာ မောင်ပိန်က . . .

"ငါနဲ့လိုက်ခဲ့စမ်းပါကွာ"

ဟု ပြောလိုက်၏။

"ငါက မင်းနဲ့ ဘယ်ကိုလိုက်ရမှာလဲ"

ဟု ဘမင်းက မေးလိုက်ရာ . . .

"ဟိုဘက်ရွာက မောင်ငွေတို့ထံမှာ အကြွေးသွားတောင်းမလို့။ သူကြီးက မင်းကို အဖော်ခေါ်သွားဆိုလို့ ခေါ်ရတာ။ ပြီးရင် မင်းနဲ့ငါ တာတီးဆိုင်မှာ နည်းနည်းပါးပါး မော့ရအောင်"

ဟု မောင်ပိန်က ပြောလိုက်လေ၏။

"ဟာကွာ မလိုက်တော့ဘူး။ အိမ်မှာ မိတေတစ်ယောက်တည်းရယ်"

ဟု ဘမင်းကပြောလိုက်ရာ . . .

"မိတေ သူကြီးအိမ်မှာရောက်နေတယ်။ သူကြီးသမီး ခင်ပြုံး နေမကောင်းလို့ ပြုစုနေတယ်။ လာပါကွာ





ဘမင်းရာ"

ဟု မောင်ပိန်က ဘမင်းအား အတင်းလက်ဆွဲ၍ခေါ်သွားလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ညက အစေတော်များသွားသဖြင့် မောင်ပိန်နှင့် ဘမင်းတို့နှစ်ဦးသည် မနက်မိုးလင်းမှ သောကြာရွာသို့ ပြန်လာခဲ့ကြလေ၏။

"ဘမင်း ငါ ခေါင်းတွေမူးနောက်နေတယ်"

ဟု မောင်ပိန်က ပြောလိုက်ရာ . . .

"ငါလည်း မင်းလိုပါပဲ။ မလန်းဆန်းဘူး။ ငါ့စိတ်တွေ ဘစ်မျိုးကြီးပဲ။ ညက အိပ်မက်ထဲမှာလည်း ကြောက်လန့်စရာတွေ မက်နေတယ်"

ဟု ဘမင်းက ပြောလိုက်လေ၏။

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ငါတို့နှစ်ယောက် ပြန်ဖြေရအောင်"

ဟု မောင်ပိန်က ဘမင်းကို စည်းရုံးလိုက်ရာ ဘမင်းလည်း မောင်ပိန်အား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ မောင်ပိန်ခေါ်ရာနောက်သို့ ဘမင်း လိုက်သွားလေတော့၏။

ဘမင်းသည် အရက်တစ်ခွက်ကို မော့သောက်လိုက်လေ၏။ ပြီးလျှင် ရေတစ်ခွက်ကို သောက်လိုက်ပြီး . . .

"ဟူး . . . ညက အိပ်မက်ထဲမှာ သူကြီးကို တွေ့လိုက်ရတယ်။ သူကြီး ဘာမျှားဖြစ်မလဲမသိဘူး။ နေထိုင်လို့မှကောင်းရဲ့လား မသိဘူးကွာ"

ဟု ဘမင်းက စိုးရိမ်စွာဖြင့် ပြောလိုက်လေ၏။

"ဟော့ကောင် . . . ဘမင်း မင်းက စောစောစီးစီးဒီမှာ အရက်လာသောက်နေ။ မင်းအိမ်မှာ ဘာဖြစ်နေတယ်ဆိုတာ သိရဲ့လား"

ဟု တစ်ရွာတည်းသား ရဲမြင့်က ပြောလိုက်လေ၏။

"ဟေ့ . . . ရဲမြင့် ငါတို့အိမ်မှာ ဘာဖြစ်နေလို့လဲ"





ဟု ဘမင်းက မေးလိုက်ရာ . . .

"မင်းမိန်းမ မိတေ ကြိုးဆွဲချပြီးသေနေတာကွ"

ဟု ရဲမြင့်က ပြောလိုက်ရာ . . .

"ဘာ . . . ဘာ . . . မိတေ . . . မိတေ သေပြီ ဟုတ်လား . . . ဟုတ်လား"

ဟု ဘမင်း လွန်စွာမှ ထူးဆန်းအံ့ဩစွာဖြင့် မေးလိုက်လေ၏။ မောင်ပိန်လည်း ပါးစပ်အဟောင်းသားနှင့် ဘမင်းအား လှမ်းကြည့်မိလိုက်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိတေ ဘာကြောင့် ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားရသလဲ။ မိတေအဖြစ်ကို တစ်ရွာလုံးက လွန်စွာမှ ထူးဆန်းလို့နေလေ၏။ ဘမင်းလည်း မိတေအဖြစ်ကို ယူကြုံးမရ အပူလုံးကြွနေရလေတော့၏။

"မိတေ . . . ဘာကြောင့် အခုလို သေရတာလဲ။ သူမှာ ဘယ်လိုပြဿနာမျိုးတွေနဲ့ ကြုံရလို့လဲ။ မိတေ ရိုးရိုးတမ်းတမ်း သေတာမှ ဟုတ်ရဲ့လား"

ဟု ဘမင်း ဉာဏ်မီသလောက် စဉ်းစားသော်လည်း မိတေ သေခြင်းအတွက် စဉ်းစားမရချေ။ ထိုခေတ် ထိုအခါ



က အမှုဘာညာတွေလုပ်တာ ဘာညာမရှိသည့်အတွက် လူသေရင် မသာချ။ ရက်လည်ဆွမ်းကျွေး ဒါလောက်နှင့်ပင် ပြီးသွားလေ၏။

မိတေသေဆုံးပြီး (၁၀)ရက်ပြည့် တစ်နေ့တွင် ဘမင်းသည် လွန်စွာမှ စိတ်ထွေနေ၏။ ၎င်း၏ချစ်ဇနီးသေဆုံးရခြင်းနှင့်ပတ်သက်ပြီး လွန်စွာမှ ခံပြင်းနေ၏။ ဘာအလုပ်မှလည်း လုပ်ချင်စိတ်မရှိ။ ဘယ်သူနှင့်မှလည်း စကားမပြောဘဲ တစ်ဦးတည်း ငေးလာလို့နေ၏။ မိတေကို လွန်စွာမှ သတိရ၍ ဘမင်း ငိုရလေ၏။

"ကိုဘမင်း . . . ကိုဘမင်း"

ဟု ခေါ်သံကြားရ၏။

"ကိုဘမင်း . . . ကိုဘမင်း"

ထရံနားကကပ်ပြီးခေါ်နေသဖြင့် ဘမင်း အိပ်နေရာမှ နိုးလာပြီး . . .

"ဘယ်သူလဲ . . . ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘမင်းမေးကာ အိပ်ရာထဲမှ လူးလဲထလိုက်လေ၏။

"ကျွန်မပါ . . . မိတေလေ"

ဟု ပြောလိုက်ရာ ဘမင်းက . . .

"ဟင် . . . မိတေ ဟုတ်လား . . . မိတေ"

ဟုဆိုကာ အိမ်ပေါ်မှ ပြေးဆင်းကာ အိမ်အပြင်သို့ထွက်လာခဲ့လေ၏။

"မိတေ . . . မိတေ . . . နင် သေသွားပြီမဟုတ်လား"

ဟု ဘမင်းက မိတေအား တွေ့တွေ့ချင်း မေးလိုက်လေ၏။

"ဟုတ်ပါတယ် ကိုဘမင်းရယ်။ ကျွန်မ သေသွားတာ မှန်ပါတယ်"

ဟုပြောကာ မိတော ငိုလေတော့၏။

"မိတေ . . . နင်ဘာဖြစ်လို့ငိုတာလဲ"

ဟု ဘမင်းက မေးလိုက်ရာ မိတေက . . .





"ကိုဘမင်း . . . ကျွန်မ ဘာကြောင့်သေရတာလဲ ဆိုတာ ပြောပြချင်လို့ လာခဲ့တာပါ"

ဟု ထူးဆန်းစွာပြောလိုက်လေ၏။

"မိတေ . . . နင် ကိုယ့်ကိုကိုယ် ကြိုးဆွဲချပြီး သေတာဟာ . . ."

ဟု ဘမင်းက စကားကိုဖြတ်ကာ မိတေအား ကြည့်လိုက်လေ၏။ ထိုအခါ မိတေသည် မျက်ရည်များကို သုတ်လိုက်ပြီးနောက် . . .

"ကိုဘမင်းရယ် . . . မိတေကိုလေ ရွာသူကြီးဦးလှကြိုင်က . . . ရွာသူကြီးက . . . ဟင့် . . . ဟင့် . . ."

မှာဆိုကာ ငိုပြန်၏။

"မိတေ နင့်ကို ရွာသူကြီးက ဘာလုပ်လဲ။ ဘာလုပ်လို့လဲ"

ဟု ဘ မင်းက မေးလိုက်ရာ . . .

"ကျွန်မကို လူယုတ်မာရွာသူကြီးက မတော်



www.burmeseclassic.com

www.burmeseclassic.com



မတာရားလုပ် . . . လုပ် . . . လို့။ ကျွန်မလည်း ရှက်ပြီး ကိုယ့်ကို . . .”

ဟုပြောလိုက်ပြီးနောက် မိတေ ပျောက်ကွယ်သွားလေတော့၏။ ထိုအချိန်၌ ဘမင်းလည်း အိပ်ပျော်နေရာမှ လန့်နိုးလာလေတော့၏။

“တောက်”

ဟု ဘမင်း ပုဆိန်ကိုကိုင်၍ လွန်စွာမှ ဒေါသထွက်ကာ တောက်တစ်ချက်ခေါက်လိုက်လေတော့၏။

“သတ်မယ် . . . သတ်မယ်”

ဟု ဘမင်းကြိမ်းဝါးလိုက်လေ၏။

“သြော် . . . ငပိန် ဒင်းက ငါ့ကို ပထုတ်သွားပြီး၊ ငါမရှိတဲ့အခါ သူကြီးက . . . တောက်”

ဟု လွန်စွာမှ ဒေါသတွေ ထွက်သွား၏။

“အင်း . . . သူကြီးနဲ့ငပိန်ကို သတ်ရမယ်။ မဖြစ်သေးဘူး။ သူတို့နှစ်ယောက်ကို သတ်လိုက်ရင် သေသွားမှာ





သူတို့ကို မသတ်ဘဲ ဒင်းတို့ရဲ့သမီးတွေကို မိတေဖြစ်သလိုမျိုး ဖြစ်အောင်လုပ်ရမယ်”

ဟု ဘမင်း တစ်ကိုယ်တည်း ကြိမ်းဝါးလိုက်လေတော့၏။

ခြံစည်းရိုးအနားရောက်သည့်အခါ ဘမင်းအိမ်ထဲကို အသာကြည့်လိုက်လေ၏။ ထို့နောက် အသင့်ပါလာသော ခေါင်းစွပ်ကို စွပ်လိုက်ပြီးနောက် အိမ်ထဲသို့ ဝင်လိုက်လေတော့၏။

အိမ်ထဲသို့ရောက်သည်နှင့် တံခါးကြားတွင် အသာဝင်ကပ်လိုက်ပြီး အခြေအနေကို အကဲခတ်နေ၏။ ထိုအချိန်၌ အသက် (၁၅) နှစ်ခန့် မိန်းကလေးတစ်ယောက်သည် အိမ်နောက်ဖေး၌ ထမင်းချက်နေ၏။

ထိုမိန်းကလေးသည်ကား မောင်ပိန်၏သမီးအကြီးမလေး ဖြစ်၏။ ထိုအချိန်ဆိုလျှင် မောင်ပိန်မှာ သူကြီးအိမ်၌ ရှိပြီး၊ ၎င်း၏မိန်းမမှာ ဈေးသို့သွားကာ ဈေးရောင်းနေချိန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျန်သည့်ကလေးများမှာမူ ရှာရိုးကိုးပေါက် ဆော့ကစားနေကြမည်ဖြစ်၏။ ထို့ကြောင့် ဘမင်းသည် မောင်ပိန်၏သမီးအကြီးမတစ်ယောက်တည်းရှိမည့်အချိန်ကို မှန်းဆ၍ မောင်ပိန့်အိမ်ပေါ်သို့ ရောက်လာခြင်းဖြစ်လေ၏။

ဘမင်းသည် အိမ်နောက်ဖေးသို့-ခြေဖွဖွလေးနင်းကာသွားရင်း ထမင်းချက်နေသည့် မောင်ပိန့်သမီးအားနောက်ကနေ သိုင်းဖက်လိုက်ပြီးနောက် ၎င်း၏ပါးစပ်ကို ပိတ်ကာ . . .

"ဟေ့ . . . အသာနေ . . . အသံမထွက်နဲ့။ သေသွားမယ်"

ဟု ဘမင်းပြောလိုက်ပြီး ၎င်းအား အိမ်ခန်းထဲသို့ ခေါ်သွားပြီးနောက် . . .

× × ×

•——ရွှေဝေအေး——•



မောင်ပိန့်သမီးအကြီးမကို မျက်နှာဖုံးစွပ်ထားသည့် လူတစ်ယောက်က သားမယားအဖြစ် ပြုကျင့်သွားသည့် သတင်းသည် ဖုံးဖိထားသည့်ကြားထဲကပျံ့နှံ့သွားလေတော့၏။

မောင်ပိန်မှာလည်း လွန်စွာမှ ရှက်၍ အိမ်အပြင်သို့ မထွက်ဘဲ အိမ်တွင်းအောင်းလို့နေလေ၏။ ထို့ကြောင့် ဘမင်းမှာ ကြိတ်၍ဝမ်းသာနေလေ၏။ မောင်ပိန့်၏သမီးကို ခေါင်းစွပ်ထားသည့်လူတစ်ယောက်က သားမယားအဖြစ် ပြုကျင့်သွားသည့်အတွက် မောင်ပိန် ဘယ်လိုမျက်နှာမျိုးနှင့်နေသည်ကို သိချင်သဖြင့် ၎င်းအိမ်သို့ ဘမင်းသွားလေတော့၏။

•——ရွှေဝေအေး——•

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မောင်ပိန် မင်း ဒီလိုနေလို့ဖြစ်မလား ကွ။ တရားခံကို ဖော်ထုတ်ရမှာပေါ့။ မိတေလည်း အခုလို ဖြစ်သွားတာပဲ ဖြစ်ရမယ်"

ဟု ဘမင်းကပြောလိုက်ပြီး မောင်ပိန်၏မျက်နှာကို မသိမသာကြည့်လိုက်မိလေ၏။ မောင်ပိန်သည် ဘမင်း စကားကိုကြားလိုက်ရသည်နှင့် မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရပြီး . . .

"ဒါဆို . . . ဘယ်သူဖြစ်နိုင်သလဲ"

ဟု ဘမင်းအား မောင်ပိန်က အားကိုးတကြီးနှင့် မေးလိုက်ရာ . . .

"တို့ရွာမှာ ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး။ ဒါမျိုးလုပ် တတ်တဲ့လူလည်း မရှိဘူးလို့ ဆိုရပေမယ့် တခြားရွာကလူ တော့ မဖြစ်နိုင်ဘူး။ တို့ရွာက လူတစ်ယောက်တော့ဖြစ်နိုင် တယ်"

ဟု ဘမင်းက ဟိုလိုလို ဒီလိုလိုနှင့် ပြောလိုက်လေ





၏။

မောင်ပိန်မှာ ဘမင်းအား မသိမသာ ငုံ့ကြည့်လိုက် ပြီး ဂုဏ်ထံမှ သက်ပြင်းချသံတစ်ခု ပေါ်ထွက်လာသည်ကို ကြားလိုက်ရပြီး . . .

"ငါ့အထင်ပြောရရင်တော့ ငါ့မိန်းမ မိတေ အပါ အဝင် မင်းသမီးပါဆိုရင် နှစ်ယောက်ရှိသွားပြီ။ တရားခံ ဘယ်သူဖြစ်နိုင်သလဲဆိုတော့ . . ."

ဟုပြောကာ ဘမင်းစကားကို ရပ်လိုက်ပြီးလျှင် မောင်ပိန်အား လှမ်းကြည့်လိုက်၏။ မောင်ပိန်လည်း ဘမင်း ကို လှမ်းကြည့်မိပြန်၏။ ဘမင်းမှာ မျက်နှာလွှဲ၍ ပြီးနောက် တစ်စုံတစ်ခုကို စဉ်းစားနေဟန်မျိုးနှင့် ပြုလုပ်လိုက်ပြီး မောင် ပိန့်အား မသိမသာ အကဲခတ်နေပြန်၏။ မောင်ပိန်လည်း ဘမင်းထံမှ မည်သို့သောစကား ထွက်လာမည်ကို စောင့်စား နေလေ၏။

"သူကြီး ဦးလှကြိုင်များဖြစ်နေမလားဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဘမင်းပြောချလိုက်သဖြင့် . . .

"တောက်"

ဟုဆိုသောအသံကို မောင်ပိန့်ထံမှ ကြားလိုက်ရလေတော့၏။

"ဟေ့ကောင် . . . မောင်ပိန် ငါက အတိအကျပြောတာ မဟုတ်ဘူးနော်။ သူကြီးဖြစ်နိုင်တယ်လို့ပြောတာ။ ဒါကတော့ မင်းတို့ရဲ့ဆရာကြီးပဲလေ။ သူ့ရဲ့အကျင့်တွေကိုတော့ မင်းတို့ သိမှာပေါ့ကွာ။ ပြီးတော့ သူ့ကို တစ်ယောက်ယောက်က မြှောက်ပေးတာလည်း ဖြစ်နိုင်တယ်"

ဟု ဘမင်းပြောလိုက်ရသဖြင့် လွန်စွာမှမြိန်ရှက်စွာရှိလှ၍ မောင်ပိန့်မှာ ဘမင်းစကားကြောင့် စိတ်ထဲ၌ ခုလု ခုလု ဖြစ်သွားလေတော့၏။

× × ×





ဘမင်းမှာ ပထမအကြိမ်အောင်မြင်သွားသဖြင့် ဒုတိယအကြိမ် ထပ်မံကြိုးစားပြန်၏။ ဒုတိယအကြိမ် ထပ်မံကြိုးစားသည့်အခါ . . .

ထိုနေ့က သူကြီးရော၊ သူကြီးကတော်ပါ ရွာဦးကျောင်းသို့သွားသည်ကို ဘမင်း အရက်သောက်နေရင်း တွေ့လိုက်ရသဖြင့် . . .

"တောက် . . . ( . . . ) သူကြီး သူများမယားကို ဖျက်ဆီးပြီးမှ သူတော်ကောင်းဟန်ဆောင်ပြီး ကုသိုလ်လုပ်နေတဲ့ လူယုတ်မာ။ ဒီအချိန်ဆို ဒင်းသမီးက အိမ်မှာ တစ်ယောက်တည်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးတောပြီး လက်ကျန်အရက်ကို အပြီးသတ် သောက်လိုက်ပြီး ဘမင်း သူကြီးအိမ်သို့ ထွက်လာခဲ့ရလေတော့၏။

သူကြီးအိမ်သို့ရောက်သည့်အခါ သူကြီးသမီးမှာ ကြက်သွန်နွာနေသည်ကို တွေ့လိုက်ရ၏။

"ဟဲ့ကောင်မလေး . . . ညည်းအဘရော"

ဟု ဘမင်းက သူကြီးသမီးအား မေးလိုက်ရာ . . .

"အဘတို့ရွာဦးဘုန်းကြီးကျောင်းသွားတယ်"

ဟု သူကြီးသမီးက ပြန်ပြောလိုက်လေ၏။

"ငါ့ကို ထမင်းရှိရင် ကျွေးစမ်းပါ။ ငါ ဗိုက်စာနေလို့"

ဟု ဘမင်းက ပရိယာယ်နှင့်ပြောလိုက်ရာ သူကြီးသမီးမှာ အဟုတ်မှတ်၍ နောက်ဖေးမီးဖိုချောင်သို့ ဘမင်းအတွက် ထမင်းခူးကျွေးရန် ထသွားလေ၏။ အကြံသမား ဘမင်းမှာ ၎င်းနောက်မှ အသာလိုက်သွားပြီးလျှင် . . .

× × ×





"ဟင့် . . . ဟင့် . . . ဟင့်"

ဟု သူကြီးသမီး ခင်ပြုံးငိုလေတော့၏။

ဘမင်းသည် အောင်နိုင်သူဖြစ်သွားကာ ခင်ပြုံး၏ အဖြစ်ကိုကြည့်၍ . . .

"မိတေရေ နင့်အတွက် ငါ ကလဲ့စားချေလိုက်ပြီ ဟေ့။ နင် ရောက်ရာအရပ်ကနေ ငါ့လုပ်ရပ်တွေကို ကြည့်ဘာ ‌ပေးပေတော့"

ဟု တစ်ကိုယ်တည်း ကြိတ်၍ ဝမ်းသာနေစဉ် သူကြီးသမီးခင်ပြုံးမှာ ကြက်သွန်လှီးသည့်ဓားဖြင့် . . .

"ကဲဟာ . . . ကဲဟာ"

ဟုဆိုကာ ဘမင်း၏ရင်အုံသို့ ထိုးစိုက်လိုက်လေ၏ ဘမင်းလည်း အမှတ်တမဲ့ဖြင့် ခံလိုက်ရသဖြင့် . . .

"အား"

ဟု တစ်ချက်အော်လိုက်လေ၏။ ခင်ပြုံးလည်း ရှက်သိတွေနှင့် ပြုလုပ်လိုက်ရသော်လည်း ထိုးပြီးမှ လွန်စွာမ



www.burmeseclassic.com

www.burmeseclassic.com



တထိတ်တလန့်ဖြစ်သွားလေ၏။

"ကဲဟာ"

ဟု ဘမင်းလည်း ဒေါသထွက်ကာ ခင်ပြုံး၏ပါးကို တအားလွှဲရိုက်လိုက်လေတော့၏။

"အား"

ဟု တစ်ချက်အော်ကာ လဲကျသွားလေတော့၏။

ဘမင်းလည်း ၎င်း၏ဒဏ်ရာကို လက်နဲ့ဖိလိုက်ပြီး လဲကျနေသော ခင်ပြုံးကိုကြည့်ပြီး . . .

"ဒင်းကို အရှင်ထားလို့မဖြစ်ဘူး။ ဘာလုပ်ရမလဲ၊ အင်း . . . ဟုတ်ပြီ"

ဟုဆိုကာ ပစ်လဲကျနေသော ခင်ပြုံးကို ဆွဲမလိုက်၏။

"လူယုတ်မာ . . . လူယုတ်မာ"

ဟု ခင်ပြုံးက ကြောက်လန့်၍ အော်လိုက်လေ၏။

"အေး . . . ငါက လူယုတ်မာဖြစ်ရတာက နင့်အဖေ





ကြောင့်။ နင့်အဖေက မိတေကို ခွေးကျင့်ခွေးကြံ ကြံသွားလို့ နင့်ကိုလည်း ငါက . . ."

ဟုဆိုကာ ဘမင်းက ခင်ပြုံး၏ပါးကို ဘယ်ပြန် ညာပြန်ရိုက်လိုက်ပြီး နောက်ဖေးသို့ဆွဲခေါ်သွားလေတော့၏။ ခင်ပြုံးလည်း ယက်ကန် ယက်ကန်နှင့်ပါသွားရရှာလေတော့၏။

နောက်ဖေးသို့ရောက်သည့်အခါ ဘမင်းသည် ရေအပြည့်ထည့်ထားသော စဉ့်အိုးတစ်လုံးတွေ့ကာ . . .

"ကဲဟာ . . . ကဲဟာ"

ဆို၍ ခင်ပြုံး၏ခေါင်းကို စဉ့်အိုးထဲသို့နှစ်ကာ သတ်လေ၏။

"ဖူး . . . ဖူး . . . အား"

ဟု ခင်ပြုံး ကြောက်လန့်၍အော်လေ၏။ မျှားမကြာမီ ခင်ပြုံးသည် ရေမွမ်းကာ သေဆုံးသွားလေတော့၏။

စဉ့်အိုးတစ်ခုလုံးလည်း သွေးများ ပေကျံကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသွေးများသည်ကား ဘမင်း၏ ရင်ဝမှာစိုက်နေသော ဓား ဒဏ်ရာမှဖြစ်၏။

"အား"

ဟု ဘမင်း ၎င်း၏ရင်ဝတွင် တန်းလန်းဖြစ်နေသော ဓားကို ဆွဲနှုတ်လိုက်ခြင်းကြောင့် နာ၍အော်လိုက်ခြင်းဖြစ် လေတော့၏။

"သမီးရေ . . . ဟေ့ . . . ခင်ပြုံး"

ဟု အိမ်ရှေ့၌ အော်ခေါ်သံကြားလိုက်ရသဖြင့် ဘမင်းအထိတ်တလန့်ဖြစ်သွားလေ၏။

"ဟာ . . . သူကြီးတို့ ပြန်လာကြပြီ"

ဟု ဘမင်းပြောလိုက်ပြီးနောက် ဘမင်းလည်း ၎င်း ၏ဒဏ်ရာကို လက်နှင့်ဖိကာ နောက်ဖေးခြံစည်းရိုးကနေ အပြင်သို့ ခုန်ထွက်၍ ပြေးလေတော့၏။

ဘမင်းပြေးမိပြေးရာ စွတ်ပြေး၍လာခဲ့ရာ ရွှေသိန်း ဘုရားအနီးသို့ရောက်ခဲ့၏။ ဘမင်းသည် ရွှေသိန်းစေတီ





တော်ကို တွေ့လိုက်ပြီး ဒူးထောက်လိုက်၏။ ထို့နောက် . . .

"တပည့်တော် နောက်ဘဝလူပြန်ဖြစ်ပါစေ"

ဟုတိုင်တည်၍ ထိုနေရာ၌ပင် အသက်ထွက်သွား လေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

ဘုမင်း ရွှေသိန်းဘုရားမှာ သေခါနီးလေးအချိန်၌ နောက်ဘဝ လူပြန်ဖြစ်ပါစေဟု ဆုတောင်းခဲ့သော်လည်း ဆုတောင်းပြည့်ခဲ့ပြီး၊ လူတကယ်ပြန်ဖြစ်လာသည့်အခါမှာ ယောက်ျားဘဝနှင့် မဟုတ်ဘဲ မိန်းမဘဝနှင့် လူပြန်ဖြစ်ခဲ့ရရှာ၏။

မလှမွန်ဘဝနှင့်လူပြန်ဖြစ်ခဲ့သော်လည်း ယောက်ျား

•——ရွှေမအေသူ——•

www.burmeseclassic.com

www.burmeseclassic.com



ဘဝ ဘမင်းဖြစ်စဉ်က မိန်းကလေးနှစ်ဦးကို သားမယား အဖြစ် ပြုကျင့်ခဲ့ရလို့ မလှမွန်ဘဝမှာလည်း ၎င်း၏မိဘများ အတွက် ချစ်တီးကုလားဆာမိထံသွား၍ ဆာမိ၏ အလိုရှိ သလို ပေးဆပ်ခဲ့ရလေ၏။ ထို့နောက် ဘမင်းဘဝတုန်းက သူကြီးသမီး ခင်ပြုံးကို စဉ့်အိုးထဲ၌ ရေနစ်သတ်ခဲ့သည့်အကု သိုလ်ကြောင့် မလှမွန်ဘဝမှာလည်း ကိုယ့်ကိုကိုယ် ရေတွင်း ထဲ ခုန်ချ၍ သေရလေတော့၏။ ထို့ကြောင့် မလှမွန်ဖြစ်ခဲ့ သည့် ဘမင်းဟာ ခိုကိုးရာမဲ့ မကျွတ်မလွတ်သည့် သရဲမဘဝ ကို ရောက်သွားရလေတော့သတည်း။

"ကဲ . . . လူလေးရေ မလှမွန်ရဲ့ဖြစ်ကြောင်းကုန်စင် ကတော့ ဒါပါပဲကွယ်"

ဟု ဘရသေ့က လှိုင်ဘွားအား ပြောလိုက်လေ တော့၏။

"ဟင်း"

ဟု လှိုင်ဘွားလည်း သက်ပြင်းချလိုက်လေ၏။ ထို့





နောက် . . .

"စံထူးနဲ့ယဉ်ယဉ်တို့ဇာတ်လမ်းကရော ဘယ်လို ကြောင့် သူတို့က သရဲတွေဖြစ်ရပြန်တာလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ ဘရသေ့က စံထူးနှင့် ယဉ်ယဉ်တို့အကြောင်းသည်ကား အောက်ပါအတိုင်း ပြော လိုက်ရလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေသိန်းစေတီရင်ပြင်တော်ပေါ်ကနေ အနောက်တောင်အရပ်ဆီသို့ ငေးမျှော်ကြည့်လိုက်လျှင် မှိုင်းညိုရီမှောင်သန်းသော တောင်ညိုတောင်တန်းကြီးတို့သည် မြူနှင်းများနှင့် လွှမ်းခြုံလျက် ဆွတ်ပျံ့လွမ်းမောဖွယ် ကောင်းလှလေ၏။

တောင်ခြေတွင် ကွမ်းခြံ၊ ငှက်ပျောခြံနှင့် ရော်ဘာခြံကြီးများမှာ စိုစိမ်းလှပ၍နေ၏။ အရှေ့မြောက်ဘက်တွင် ဝါထိန်ဝင်းမှည့်နေသော စပါးခင်းကြီးများ ရွှေရည်တဖိတ်ဖိတ်တောက်နေသော ပင်လယ်ပြင်ကြီးသဖွယ် ကျယ်ပြော





လွန်းလှလေ၏။

သန့်ရှင်းလတ်ဆတ်သော လေနအေးနှင့်အတူ စကားဝါပန်းရနံ့ သင်းသင်းလေးကိုပါ ရှူရှိုက်လိုက်ရလေ၏။ ရင်ပြင်တော်ပေါ်ကြည့်လိုက်တော့ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော စကားဝါပင်ကြီးတစ်ပင်ရှိ၏။

"တကူ . . . ကူ . . . တကူ . . . ကူ . . . တကူ . . . ကူ ကူ"

ဟုဆိုသော သာယာနာပျော်ဖွယ်ကောင်းသည့် ချိုးကူသံသည် ရွှေသိန်းစေတီဝန်းကျင်အနှံ့ ပျံလွင့်၍နေလေ၏။

ဇင်းသည် တဖြည်းဖြည်းထိုင်ချလိုက်လေ၏။ ပြီးလျှင် စေတီတော်အား အာရုံပြု၍ ဦးသုံးကြိမ်ချလိုက်လေ၏။ ထို့နောက် . . .

"တပည့်တော် သူနဲ့ဝေးရာသို့ပြေးချင်ပါပြီ။ နောက်ဘဝများရှိခဲ့ပါရင်လည်း သူနဲ့ ဘဝ မတွေ့ပါရစေနှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းလေ၏။ ၎င်းသည်ကား မညွှန့်မေ ဖြစ်၏။ ၎င်းသည် ရွှေသိန်းစေတီနှင့် မနီးမဝေးရွာက မိန်းကလေးတစ်ယောက်ဖြစ်လေ၏။

၎င်းအား မိဘများက မချစ်မနှစ်သက်သောမုဆိုးဖိုသူဌေးကြီးတစ်ယောက်နှင့် အတင်းပေးစား၏။ သို့သော် မညွှန့်မေမှာ မျက်လုံးစုံမှိတ်၍ မိဘများ၏စိတ်ချမ်းသာမှုကို ရှေ့ရှု၍ ခေါင်းညိတ်ခဲ့ရလေတော့၏။

မညွှန့်မေသည် ၎င်းမချစ်မနှစ်သက်သော မုဆိုးဖိုသူဌေးကြီးနှင့် လက်ထပ်ပြီး သိပ်မကြာခင်မှာ လွန်စွာမှ စိတ်ပျက်ကြီးပျက်ကာ တစ်ဦးတည်း ရွှေသိန်းစေတီဘက်သို့ ထွက်လာခဲ့ရလေတော့၏။

မညွှန့်မေသည် ရွှေသိန်းစေတီသို့ တစ်ပတ်ပတ်ပြီးသည့်အခါ အုတ်လှေကားထစ်အတိုင်း ဆင်းလာခဲ့၏။ ထို့နောက် ခြေဦးတည့်ရာ ထွက်ခဲ့ပြီးလျှင် တောင်ကုန်းလေးတစ်ခုပေါ်သို့တက်သွားလေ၏။ တောင်ကုန်းလေးပေါ်သို့





ရောက်သည့်အခါ . . .

"လောကကြီးမှာ မချစ်မနှစ်သက်သောလူနဲ့ ပေါင်းခြင်းသည်ထက် သေတာက ကောင်းပါတယ်"

ဟုဆိုကာ မျက်လုံးကို စုံမှိတ်၍ ထိုတောင်ကုန်းလေးပေါ်မှ အောက်သို့ခုန်ချလိုက်လေတော့၏။ တောင်ကုန်းလေး၏အောက်ခြေ၌ လွန်စွာမှ ကြီးမားသော ကျောက်တုံးကြီးများပေါ်သို့ ကျရောက်သွားသဖြင့် မညွှန့်မေမှာ ၎င်း၏ဦးခေါင်းနှင့်ထိကာ ပွဲချင်းပြီးအသက်ထွက်သွားလေတော့၏။

ထိုသတင်းကိုကြားလိုက်ရသည့် မုဆိုးဖိုသူဌေးကြီး ဦးကျော်နိုင်မှာ လွန်စွာမှ ဝမ်းနည်းရရှာ၏။ ၎င်းသည် မညွှန့်မေအား လွန်စွာမှမြတ်နိုး၍ တင့်တောင်းတင့်တယ်လက်ထပ်ပေါင်းသင်းခဲ့ရ၏။ သို့သော် ၎င်းထင်ထားသလိုဖြစ်မလာသည့်အခါ ဦးကျော်နိုင်မှာလည်း လွန်စွာမှ ပူပင်သောကတွေ ရောက်ရလေတော့၏။

"မညွှန့်မေ မရှိတော့တဲ့အခါ ငါလည်း မနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

ဟုဆိုကာ ငှင်းပိုင်ဆိုင်သောပစ္စည်းများကို လှူဒါန်းပြီးလျှင် . . .

"တပည့်တော် ဘဝဆက်တိုင်း . . . ဘဝဆက်တိုင်း မညွန့်မေအား ချစ်ရသူဖြစ်ရပါစေ"

ဟုဆိုကာ မုဆိုးဖိုသူဌေးကြီးဦးကျော်နိုင်လည်း ရွှေသိန်းဘုရားတွင် ဆုတောင်းပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်လေတော့၏။

× × ×





"သူဌေးကြီးက စံထူးဘဝဖြစ်လာပြီး၊ မညွန့်မေကတော့ အကြော်သည်မလေးဖြစ်လာရတာပဲကွယ့်"

ဟု ဘရသေ့က ပြောလိုက်လေ၏။

"သူတို့တွေက ကျွန်တော့်ကို ဘာကြောင့်ခြောက်လှန့်နေရတာလဲ"

ဟု လှိုင်ဘွားက မေးလိုက်ရာ ဘရသေ့က . . .

"ဒါက ဒီလိုကွ . . . လူလေးရ သရဲတစ္ဆေခြောက်လှန့်တယ်ဆိုတာက နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက တစ္ဆေသရဲတွေက လူတွေ ကြောက်အောင် လန့်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်ပြီး လူတွေက ကြောက်လန့်ပြီး ဖျားနာရင် ခေါ်စာ ပစ်အောင် တစ္ဆေသရဲတွေက ခြောက်လှန့်တာမျိုးရှိတယ်။

ဒုတိယတစ်မျိုးကတော့ သရဲတစ္ဆေတွေဟာ ကြောက်အောင်လန့်အောင် ခြောက်လှန့်တာမဟုတ်ဘူး။ သူတို့သရဲတစ္ဆေဘဝက လွတ်မြောက်အောင် ကျွတ်ချင်လို့ ကိုယ်ထင်ပြကြတာကွယ့်”

ဟု ဘရသေ့က ပြောလိုက်လေ၏။

“ဒါဆို . . . စံထူး၊ ယဉ်ယဉ်၊ မလှမွန်တို့က ကျွတ်လွတ်ချင်လို့ ကိုယ်ထင်ပြကြတာပေါ့နော်”

ဟု လှိုင်ဘွားက မေးလိုက်ရာ ဘရသေ့က . . .

“ဒါပေါ့ လူလေးရယ်။ သူတို့ဘဝကျွတ်ချင်လို့ လူလေးကို ကိုယ်ထင်ပြကြတာပေါ့”

ဟု ဘရသေ့က ပြောလိုက်လေ၏။

“ဒါဆို ဘရသေ့ တပည့်တော် ဘယ်လိုလုပ်ပေးရမလဲ”





ဟု လှိုင်ဘွားက မေးလိုက်ရာ . . .

“ဒါကြောင့် လူလေးထံမှာ ဘရသေ့က အလှူခံတာပေါ့။ သူတို့တွေ သရဲဘဝက လွတ်ကျွတ်သွားအောင် သူတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုအစုစုတွေကို အမျှအတမ်းပေးဝေလိုက်ပေါ့ကွယ်”

ဟု ဘရသေ့က ပြောလိုက်လေ၏။

“သူတို့ကို အစက ဘယ်သူမှမလုပ်ပေးကြဘူးလား”

ဟု လှိုင်ဘွားက မေးလိုက်ရာ ဘရသေ့က . . .

“သောကြာရွာတစ်ရွာလုံးက အလွန်ထူးဆန်းတဲ့အဖြစ်မျိုးနဲ့ကြုံရပြီး သရဲခြောက်တဲ့သတင်းကလည်း နေ့စဉ်ကြုံနေရတော့ တစ်ရွာလုံးက ကြောက်လန့်ပြီး ရွာကိုပစ်ပြီး ပြေးကြတာ။ နောက်တော့ သောကြာရွာလည်း ပျက်သွားရော။ တကယ်တော့ သူတို့တွေက ခြောက်လှန့်ကြတာမဟုတ်ပါဘူး။ ကျွတ်ချင်လို့ လူတွေကို အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



တာကို လူတွေက သရဲခြောက်တယ်ထင်ကြပြီး ရွာလုံးကျွတ် ပြေးကြတာပဲကွယ့်"

ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့ပါ ဘရသေ့။ တပည့်တော် သူတို့အတွက် ကောင်းမှုကုသိုလ်တွေပြုလုပ်ပြီး ထိုကောင်းမှုကုသိုလ်အစုစုတို့အတွက် အမျှပေးဝေလိုက်ပါ့မယ်"

ဟု လှိုင်ဘွားက ပြောလိုက်ရာ . . .

"သာဓု . . . သာဓု . . . သာဓု"

ဟု ဘရသေ့က ပြောလိုက်ပြီး ပြန်မည်အပြုတွင် လှိုင်ဘွားက . . .

"ဘရသေ့ကို တပည့်တော် တစ်ခုမေးပါရစေ"

ဟု လျှောက်လိုက်လေ၏။ ထိုအခါ ဘရသေ့က . .

"လူလေးက ဘရသေ့ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ သိချင်နေတယ် မဟုတ်လား"

ဟု မေးလိုက်လေ၏။





"ဟုတ် . . . ဟုတ်ပါတယ် . . . ဘရသေ့"

ဟု လှိုင်ဘွားက ထူးဆန်းစွာနှင့် လျှောက်လိုက်လေ၏။

"ဒီမယ် လူကလေး . . . ဘရသေ့ဟာ ဘယ်သူဘယ်ဝါဆိုတာတော့ မပြောချင်ဘူး။ ပုဂ္ဂိုလ်ထူးတစ်ယောက်လို့ပဲ လူလေးရဲ့စိတ်ထဲမှာ မှတ်ထားလိုက်ပေါ့ကွယ်"

ဟုပြောလိုက်ပြီးနောက် ထူးဆန်းစွာ ဘရသေ့ ပျောက်ကွယ်သွားလေတော့၏။ ထိုအချိန်၌ လှိုင်ဘွားမှာ အိပ်ပျော်နေရာမှ နိုးလာခဲ့ရလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၁ ]

လှိုင်ဘွား အိပ်ရာမှနိုးလာသည့်အခါ ဒေါက်တာနွယ်နွယ်အေးကို ဦးစွာတွေ့လိုက်ရလေတော့၏။

"ကိုကို အိပ်တာ (၃)ရက်တောင် ရှိသွားပြီ"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်ရာ လှိုင်ဘွားမှာ လွန်စွာမှ ထူးဆန်းသွားလေတော့၏။

"ဟင် . . . ဟုတ်လား။ ကိုကို ဘာရသေ့နဲ့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ စကားတွေ အများကြီးပြောဖြစ်ကြတယ်။ ဒါကြောင့် ကိုကိုအိပ်ပျော်နေတာ (၃) ရက်တောင်ရှိသွားတာကိုး"

ဟု လှိုင်ဘွားက ပြောလိုက်ရာ . . .

"ကိုကို (၃)ရက်လောက်မနိုးဘဲ အိပ်နေတာ အေးလည်း အလွန်စိတ်ပူသွားတယ်။ ကိုကိုက အိပ်နေပေမယ့် အသက်ရှူနေတာ မှန်နေတော့ အေးလည်း အလွန်စိတ်အေးရတာပဲ"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်လေတော့၏။ ထို့နောက် လှိုင်ဘွားသည် ၎င်း၏အိပ်မက်ထဲ၌ ဘရသေ့နှင့်တွေ့၍ စံထူး၊ ယဉ်ယဉ်၊ မလှမွန်နှင့် ချစ်တီးကုလား ဆာမိတို့၏ ကျိန်စာသင့်နေရသည့်ဖြစ်ကြောင်းများကို အကျဉ်းရုံးပြီး ပြောပြလိုက်ရလေတော့၏။ ထိုသို့နားထောင်ပြီး ဒေါက်တာနွယ်နွယ်အေးမှာ ၎င်းတို့၏ အဖြစ်များကို လွန်စွာမှစိတ်မကောင်းဖြစ်ရလေတော့၏။

"ကိုကို သူတို့အတွက် ကောင်းမှုကုသိုလ်ပြုလုပ်





ရင် အေးလည်း ကုသိုလ်ပါဝင်ချင်တယ်"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်ရာ လှိုင်ဘွားက . . .

"ကောင်းတာပေါ့ အေးရယ်။ ပြီးတော့ ကိုကို စိတ်ကူးတစ်ခုရတယ်"

ဟု ပြောလိုက်လေ၏။

"ပြောလေ ကိုကို။ ကိုကို့စိတ်ကူးကို အေးလည်း ပါဝင်အကောင်အထည် ဖော်ပေးချင်တယ်"

ဟု ဒေါက်တာနွယ်နွယ်အေးက ပြောလိုက်ရာ . . .

"ဒီလိုပါ အေးရယ်။ အေးနဲ့ကိုကိုတို့ မင်္ဂလာဆောင်မယ့်ကုန်ကျငွေကို မင်္ဂလာဧည့်ခံပွဲမလုပ်တော့ဘဲ ဟောင်းနွမ်းပျက်စီးနေတဲ့ ရွှေသိန်းစေတီကို ပြန်လည်ပြုပြင်ဖို့အတွက် မတည်ငွေလှူဒါန်းရင် မကောင်းဘူးလား"

ဟု လှိုင်ဘွားကမေးလိုက်ရာ ဒေါက်တာနွယ်နွယ်အေးမှာ လွန်စွာမှ သဘောကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတဲ့အစီအစဉ်ပဲ ကိုကို။ အေးလည်း သဘောတူတယ်။ ကိုကိုနဲ့လက်တွဲပြီး ကောင်းမှုကုသိုလ်တွေ လုပ်ကြတာပေါ့နော်"

ဟု ပြောလိုက်ရာ လှိုင်ဘွားသည် ဒေါက်တာနွယ်နွယ်အေး၏ လက်ကလေးကို ယုယစွာ ကိုင်လိုက်ပြီး ချစ်စနိုးဖြင့် ထိုလက်ကလေးကို နမ်းလိုက်လေတော့၏။

အလှူရှင် လှိုင်ဘွားနှင့် ဒေါက်တာနွယ်နွယ်အေးတို့က ကမကထပြုကာ ပြိုကျပျက်စီးနေသော ရှေးဟောင်းဘုရားဖြစ်သော ရွှေသိန်းစေတီပြုပြင်မည့်နေ့တွင် သံဃာတော်အရှင်မြတ်တို့အား ပင့်ဖိတ်၍ မကျွတ်မလွတ်သေးသော သောကြာရွာမှ ဦးစံထူး၊ ဒေါ်ယဉ်ယဉ်၊ ဒေါ်လှမွန်နှင့် ချစ်တီးကုလားဆာမိတို့အဖွဲ့အား အမျှအတန်းပေးဝေ၏။ ထိုနေ့မှာပင် မထင်မှတ်ကာ ရွှေသိန်းစေတီအား ပြန်လည်ပြုပြင်ရေးအတွက် အလှူရှင်များကလည်း အလှူငွေများပါဝင်လှူဒါန်းကြလေ၏။





ရွှေသိန်းစေတီအတွက် ပြန်လည်ပြုပြင်ရန် လာရောက်လှူဒါန်းကြသည့် အလှူရှင်များမှာ ဖိတ်ကြားနိုးဆော်ထားခြင်းမရှိဘဲ တဖွဲဖွဲလာရောက်လှူဒါန်းကြ၏။ ထိုအလှူရှင်များမှာ လူမျိုးခြားတွေလည်း ပါ၏။ အလှူရှင်နာမည်ကို မေးသည့်အခါ ၎င်းတို့သည် ငွေလှူပြီးတာနှင့် လွန်စွာမှ ထူးဆန်းစွာ ပျောက်ကွယ်သွားကြကုန်၏။

"အင်း . . . ဒါ . . . ဘရသေ့ရဲ့လုပ်ဆောင်ချက်များလား။ ဘရသေ့ကို တွေ့ချင်လိုက်တာ"

ဟု လှိုင်ဘွား တောင့်တမိရာ ထိုအချိန်၌ လွန်စွာမှ မွှေးကြိုင်သောအနံ့ကို ရှူရှိုက်မိ၍ လှိုင်ဘွားကြက်သီးများ ထသွားလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုည၌ တစ်နေကုန် ပင်ပန်းသဖြင့် လှိုင်ဘွား အိပ်ရာသို့ ခပ်စောစောဝင်အိပ်လေ၏။ ထိုသို့ဝင်အိပ်ပြီး များမကြာမီ လှိုင်ဘွား အိပ်ပျော်သွားကာ အိပ်မက်မက်လေတော့၏။ ၎င်း၏အိပ်မက်ထဲတွင်မူ စံထူး၊ ယဉ်ယဉ်နှင့် မလှမွန်တို့မှာ လွန်စွာမှ တောက်တောက်ပြောင်ပြောင် ဝတ်စား၍ လှိုင်ဘွားအား နှုတ်ဆက်၍ အထက်သို့ တက်သွားကြလေတော့၏။



"ကောင်ကလေး . . . ရွှေသိန်းစေတီကို ပြုပြင်ပါ။ လိုအပ်သည့်ငွေကြေးကို ကျုပ် ကူညီပါ့မယ်"

ဟုပြောသည့်အသံကြောင့် ကြည့်လိုက်ရာ ချစ်တီးကုလားဆာမိတို့အဖွဲ့ ဖြစ်နေတော့၏။

ထို့နောက် လှိုင်ဘွား အိပ်ရာမှ လန့်နိုးလာလေတော့၏။

"ဟင် . . . ထူးဆန်းလိုက်တာ။ သူတို့ အကျွတ်အလွတ်ဖြစ်သွားကြပြီ။ ဘုရားပစ္စည်းခိုးတဲ့ ဆာမိတို့ကလည်း ဘုရားစေတီကို ပြုပြင်ဖို့ တိုက်တွန်းနေပါလား။

အင်း . . . ဦးဆာမိရေ ကျွန်တော် ရွှေသိန်းစေတီကို ပြုပြင်ပေးပါ့မယ်"

ဟု စိတ်ထဲ၌ ပြောလိုက်စဉ် . . .

"သာဓု . . .

သာဓု . . .

သာဓု . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်သံကြားလိုက်ရသဖြင့် လှိုင်ဘွား လွန်စွာမှ ကြက်သီးများ ထသွားလေတော့၏။

ထိုအခါ လှိုင်ဘွားလည်း လွန်စွာမှပီတိဖြစ်ကာ ရင်ထဲ၌လည်း လွန်စွာမှ ကြည်နူးရလေတော့သတည်း။

[သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ]

ဘညိုကြီး

၁၂.၇.၀၈(ည ၈ နာရီ)

ရှုပေသော

www.burmeseclassic.com